# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၂ ခုနှစ်၊ တန်ခူးလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၂၀၁)


## အမုန်းစကားနှင့်အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ညွှန်ကြားချက်အမှတ်၊ ၃/၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)

**အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုစည်းနေထိုင်သည့် လူ့အဖွဲ့အစည်းဖြစ်ပြီး လူတိုင်းသည် ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည်ရန်၊ လေးစားစွာဆက်ဆံမှုခံယူရန်၊ ကြောက်ရွံ့မှုကင်းစွာနေထိုင်ရန် အခွင့်အရေးရှိသည်ဖြစ်၍ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု စသည်တို့ကို အခြေခံသည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

၂။ "အမုန်းစကား" ဟု ဆိုရာတွင် လူမျိုး၊ ကိုးကွယ်ရာ ဘာသာ၊ ကျား မ သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည်လည်း အမုန်းစကားပင်ဖြစ်သည်။

၃။ အမုန်းစကား ပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရှေ့တန်းမှ

## ရောဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရောဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၂၀**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရောဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ငြိမ်းချမ်းညီညွတ်သည့် မြန်မာ့လူ့ဘောင်ဆီ

သတ္တလောကတွင် လူနှင့် အခြားသတ္တဝါများအကြား အဓိက ခြားနားချက်တစ်ခုမှာ လူက စကားပြောတတ်ခြင်းပင် ဖြစ်သည်။ လူအချင်းချင်း စကားပြောဆိုခြင်းဖြင့် ဆက်သွယ်ဆက်ဆံကြရာတွင် မိမိတို့တစ်ဦးချင်းစီ၏ သဘောထားထင်မြင်ချက်၊ ယုံကြည်ချက်တို့ကို အပြန်အလှန်ဖလှယ်နိုင်ကြပြီး ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ ရရှိနိုင်သလို ကြမ်းတမ်းသည့်စကား၊ သိမ်ဖျင်းသည့်စကား၊ အကျိုးမဲ့သည့်စကားတို့ ပြောဆိုခြင်းဖြင့် လူတစ်ဦးနှင့်တစ်ဦး၊ လူ့အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုတို့အကြား မလိုမုန်းတီးမှုများ၊ ပဋိပက္ခများ၊ အမျက်မာန်စောင်ကာ ရန်ရှာမှုများလည်း ပေါ်ပေါက်လာနိုင်စေသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံအရ နှုတ်ဖြင့်ကျူးလွန်သည့် ဝစီဒုစရိုက်များကို မကောင်းမှုများအဖြစ် ရှောင်ကြဉ်ကြရသည်။ မဟုတ်မမှန်ပြောဆိုသည့်စကား၊ ကုန်းချောပြစ်တင်သည့်စကား၊ ကြမ်းတမ်းသည့်စကား၊ သိမ်ဖျင်းသည့်စကားတို့ကို မကောင်းသည့်စကားများအဖြစ် သတ်မှတ်ကာ မပြောဆိုဖြစ်အောင် ရှောင်ကြသည်။ အချိန်အခါသင့်သည့်အခါတွင် မှန်ကန်သောစကားကိုသာ သိမ်မွေ့စွာဖြင့် အကျိုးစီးပွား ဖြစ်ထွန်းစေရန် ရည်ရွယ်သော မေတ္တာစိတ်ဖြင့် ပြောဆိုကြရသည်။ “တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ” ဟူ၍ လက်သစ်တောင်တာ အစချီဆုံးမစာတွင် ရှင်မဟာရဋ္ဌသာရက ရေးသားခဲ့သည်ကို ရှုမြင်ခြင်းအားဖြင့် ခါးသီးသည့် အမုန်းစကားကို မပြောမဆိုကြရန် မြန်မာ့ယဉ်ကျေးမှုတွင် ရှေးကတည်းကပင် ပဲ့ပြင်ဆုံးမခဲ့ကြသည်ကို သိနိုင်သည်။

မျက်မှောက်ခေတ်တွင်မူ လူတစ်ဦး သို့မဟုတ် လူတစ်စုတစ်ဖွဲ့အပေါ်တွင် ခွဲခြားဆက်ဆံကာ ရန်လိုမုန်းတီးမှု၊ အကြမ်းဖက်မှုများ မဖြစ်ပေါ်လာစေရန် ဥပဒေပြင်ပမှနေ၍ စကားအနေဖြင့် ပြောဆိုခြင်း၊ စာဖြင့် ရေးသားဖော်ပြခြင်း၊ အမူအရာတစ်မျိုးမျိုး၊ ရုပ်ပုံဓာတ်ပုံတို့ဖြင့် ပြသခြင်းတို့ကို အမုန်းစကား (Hate Speech) ဟူ၍ သတ်မှတ်ထားသည်။ အမုန်းစကားဖြင့် ဥပဒေပြင်ပ တိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်များမှာ လူမျိုးရေး၊ ဘာသာရေး အခြေခံကာ လူ့အဖွဲ့အစည်းအတွင်း မတည်မငြိမ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ သတင်းအချက်အလက် နည်းပညာတိုးတက်ထွန်းကားလာသည့် ယနေ့ခေတ်ကာလတွင် လူမှုကွန်ရက်များကို အသုံးပြုကာ အမုန်းစကားကို တွင်တွင်ကျယ်ကျယ် ဖြန့်ချိလာနိုင်ကြသည့်အတွက် လူ့အဖွဲ့အစည်းအတွက် အထူးအန္တရာယ်ကြီးလာသည်။ အသံ၊ ဓာတ်ပုံ၊ ဗီဒီယိုကလစ်တို့ဖြင့် လုပ်ကြံတန်ဆာဆင်ထားသည့် သတင်းအတု၊ သတင်းအမှားများစွာတို့ကို လူမှုကွန်ရက်များတွင် ရှောင်မလွတ်နိုင်အောင် တွေ့လာရသည်။

အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်အမှတ် ၃/၂၀၂၀ ကို မေလ ၂၀ ရက်နေ့တွင် ထုတ်ပြန်လိုက်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသည် မိမိတို့၏ ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိနေသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ပြီး အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ဝန်ထမ်းများအားလုံးပါဝင်ရန်နှင့် ပံ့ပိုးရန် အားပေးရမည်ဖြစ်ကြောင်း ညွှန်ကြားထားသည်။

မိမိတို့နိုင်ငံသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုစည်းနေထိုင်ကြသည့်အလျောက် အမုန်းစကားကင်းစင်ရေး အထူးလိုအပ်သည်။ လူမျိုး တစ်မျိုးနှင့် တစ်မျိုးကြား၊ ဘာသာတစ်မျိုးနှင့် တစ်မျိုးကြား၊ အထင်အမြင်လွဲမှားမှုများ ပေါ်ပေါက်လာစေမည့် မည်သို့သော သပ်လျှိုမှု၊ သွေးထိုးလှုံ့ဆော်မှုမျိုးကိုမှ လျစ်လျူရှုမနေသင့်ဘဲ အမှိုက်ကစ ပြာသာဒ်မီးလောင်သည့်အဖြစ်မျိုး မရောက်စေရန် အမုန်းတရား မီးပွားမီးစမှန်သမျှ စောစီးစွာကပင် ငြိမ်းသတ်ကြရမည် ဖြစ်သည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများကို ဝန်ထမ်းများအားလုံးမှစတင်ကာ နိုင်ငံသူ နိုင်ငံသား၊ ပြည်သူများအားလုံး ပါဝင်လာစေခြင်းဖြင့် ငြိမ်းချမ်းညီညွတ်ပြီး မေတ္တာတရားထွန်းကားသည့် မြန်မာ့လူ့ဘောင်ကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

# ကယားပြည်နယ်အတွင်း ကိုဗစ် -၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ပြည်သူများက ရောဂါကာကွယ်ရေးပစ္စည်းနှင့် စားသောက်ကုန်များ လှူဒါန်း

**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ်အတွင်း ကိုဗစ် – ၁၉ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ထိရောက် အောင်မြင်စွာ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများ၊ နေရပ်ပြန်များနှင့် စောင့်ကြည့်ခံရသူများအတွက် နေ့စဉ်စားသောက်မှု အဆင်ပြေစေရန် စေတနာရှင်ပြည်သူများက ယနေ့ နံနက်က ရောဂါကာကွယ်ရေးပစ္စည်းနှင့် စားသောက်ကုန်များ လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုလက်ခံယူသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုထံ အလှူရှင်တစ်ဦးက ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

အဆိုပါလှူဒါန်းမှုတွင် မမီး – ပြည့်ဝ ကြက်မွေးမြူရေးနှင့် ကြက်ဥဖြန့်ချိရေးလုပ်ငန်းက ကြက်ဥ အလုံး ၅၀၀၀၊ ပြည်နယ် ပညာရေးမိသားစုက လက်သန့်ဆေးရည် ၅၀၀ မီလီလီတာဘူး ၆၀ နှင့် ၁၀၀၀ မီလီလီတာ ၁၄ ဘူး၊ ရဲထွဋ်ကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က နှာခေါင်းစည်း ၃၀၀၀၊ N – 95 နှာခေါင်းစည်း ၃၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀၊ လက်အိတ် အစုံ ၅၀၀၊ မျက်မှန် အခုရေ ၈၀၊ သာမိုမီတာအခုရေ ၃၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီလီတာဘူး ၁၀၀၊ ကွတ်ခိုင်ခမ်းကြိုင် ကုမ္ပဏီလီမိတက်က နှာခေါင်းစည်း အခု ၁၀၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ Orchestra C0., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာအောင်မြတ်ကျော်က ကြက်ဥ အလုံး ၅၀၀၀၊ Pegu Travels C0., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်က ကြက်ဥ အလုံး ၅၀၀၀၊ မိုးကောင်းဘုရားကြီး သန့်ရှင်းရေးအသင်းက ကြက်ဥအလုံး ၁၀၀၀၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေး ဝန်ထမ်းမိသားစုက ကြက်ဥ အလုံး ၅၀၀ တို့ကို လာရောက်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ရွှေဈေးကွက် ဇွန်လကုန်အထိ ယာယီရပ်နားထားကြောင်းသိရ

**ရန်ကုန် မေ ၂၀**

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ်–၁၉ ရောဂါကြောင့် ရန်ကုန်မြို့၏ အထင်ကရ ရွှေရောင်းဝယ်မှုပြုလုပ်သည့် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရွှေဈေးကွက်မှာ မတ် ၂၃ ရက်မှစတင်၍ ယာယီရပ်နားထားရာ ဇွန်လကုန်အထိ ဆက်လက်ရပ်ထားနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်၏ပြောကြားချက်အရ သိရသည်။

ရွှေဈေးကွက်သို့ ရွှေလုပ်ငန်းရှင်များရောက်ရှိလာခြင်းမရှိဘဲ အချို့မှာ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံဖြင့် ငွေကျပ် ၁၁ သိန်း၅ သောင်း ၅ ထောင်ဝန်းကျင်ဖြင့် အရောင်းအဝယ်အနည်းငယ်ရှိသည်။ တိုင်းဒေသကြီးအတွင်း ရွှေဆိုင်များတည်ရှိရာ လသာမြို့နယ်တွင် အထင်ကရရွှေဆိုင်ကြီးနှင့် ရွှေဆိုင်အချို့ဖွင့်ထားပြီး ဆိုင်အများစုမှာ ယာယီပိတ်ထားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေဈေးကွက်သည် နေ့စဉ် (ရုံးပိတ်ရက်မှအပ) နံနက် ၁၀ နာရီခွဲတွင် တစ်နိုင်ငံလုံးအရောင်းအဝယ်ပြုလုပ်မည့် အဖွင့်ရွှေဈေးနှုန်းဖြင့် ရောင်းဝယ်ကြပြီး ညနေ ၄ နာရီခွဲတွင် အပိတ်ဈေးနှုန်းဖြင့် ရပ်နားကြသည်။ တစ်နိုင်ငံလုံးက ထိုဈေးနှုန်းဖြင့် ရောင်းဝယ်သဖြင့် ရွှေဗဟိုဈေးကွက်အဖြစ် ရွှေလုပ်ငန်းရှင်များက သတ်မှတ်ထားသည်။

**အောင်သူရ**

# ပြည်သူသာလျှင် အဓိက




Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- ❑ ဝမ်းစာရေး၊ စားဝတ်နေရေးအတွက် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်
- ❑ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပရဟိတ စသည့်အဖွဲ့အစည်းများ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးပစ္စည်း လိုအပ်ချက်သည် အရေးကြီး

❖ *ရှေ့ဖုံးမှ*

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့သစ်နေ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသည့် သူနာပြုသားဖွားဆရာမ ဒေါ်ဖြူဖြူလတ်က COVID-19 ရောဂါ သံသယလူနာများအား စောင့်ရှောက်ပေးမှု၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံဆော်ဩခြင်း လုပ်ဆောင်နေမှု၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာရရှိမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အပူချိန်တိုင်း ကိရိယာများ လုံလောက်စွာရရှိရေးနှင့် အရည်အသွေးပြည့်မီရေး၊ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်၊ ကျန်းမာရေးအရ လုံခြုံသည့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်နှင့် Corona-virus ကာကွယ်ရေးပစ္စည်း လိုအပ်ချက်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တရုပ်ရိုးကျေးရွာနေ ပက်တန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောဝင်းထွန်းနိုင်က ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အမိန့်ညွှန်ကြားချက်များ အချိန်မီရောက်ရှိရေး၊ မြို့အဝင်အထွက် ဂိတ်များတွင် လုံခြုံရေးအင်အားလုံလုံလောက်လောက် ချထားနိုင်ရေး၊ Quarantine Center များ စနစ်တကျ သတ်မှတ်ပြီး သံသယလူနာများအား စောင့်ရှောက်ပေးရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ၉ ရပ်ကွက်နေ မော်လမြိုင်ကျွန်းမြို့ မြို့နယ်ကြက်ခြေနီအသင်းခွဲတွင် ဒုတိယခွဲမှူး တာဝန်ထမ်းဆောင်နေသည့် ဒေါ်စန္ဒီထိုက်က မြို့နယ်အတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြို့ဝင်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်း၊ COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများ ရှောင်ရန်ဆောင်ရန်များ အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအား မြို့နေပြည်သူများသိရှိရန် အသံချဲ့စက်ဖြင့် ဆော်ဩခြင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကျေးရွာများသို့ ကျန်းမာရေးအသိပညာ ဖြန့်ဝေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှု၊ ပညာပေးသတင်းအချက်အလက်များထက် ကောလာဟလများအပေါ် ပြည်သူအချို့ ပိုမိုစိတ်ဝင်စားနေမှု၊ စားဝတ်နေရေးအတွက် အိမ်တွင် မနေထိုင်နိုင်သည့် အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၏ အကြံပေးချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်၊ COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများထံ ကျန်းမာရေးအသိပညာ ပိုမိုဖြန့်ဝေသွားရန်၊ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးမည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ဝမ်းစာရေး၊ စားဝတ်နေရေးအတွက် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ယခုပြဿနာကို ချက်ချင်းလက်ငင်း ကျော်လွှားရန် မလွယ်ကူပါကြောင်း၊ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုပေးခြင်းသည်လည်း အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပရဟိတ စသည့်အဖွဲ့အစည်းများ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးပစ္စည်း လိုအပ်ချက်သည် အရေးကြီးပါကြောင်း၊ မိမိကိုယ်ကိုယ် ကာကွယ်နိုင်မှ အခြားသူများကို ပြုစုနိုင်မည်၊ ဂရုစိုက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးပစ္စည်းများ လုံလုံလောက်လောက် ရရှိရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများအတွက် ကျန်းမာရေးအရ သင့်တော်လုံခြုံသည့် အိမ်ရာအခက်အခဲရှိနေကြောင်း သိရှိရသည့်အတွက် ယင်းကိစ္စကို အမြန်ဆုံးအဖြေရှာပေးသွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သည့် ဆေးဝါးများ၊ ပစ္စည်းများနှင့် လိုအပ်သည့် လူအင်အားကို ဖြည့်ဆည်းပေးနိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ COVID-19 နှင့် ပတ်သက်သည့် အသိပညာပေးမှုများကို ပြည်သူများ လိုလိုလားလား လက်ခံနိုင်လာနိုင်အောင် နည်းလမ်းများကိုလည်း ရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ COVID-19 ထိန်းချုပ်ကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်နေသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ လုပ်သင့်သည်ကို တာဝန်ကျေအောင်၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါက မိမိတို့အတွက် စိတ်အင်အားဖြစ်စေပြီး စိတ်ကျေနပ်မှု ရရှိမည်ဖြစ်ပါကြောင်း၊ မိမိလုပ်သင့် လုပ်ထိုက်သည်ကို လုပ်ဆောင်ပြီး အများအကျိုးအတွက် ဆောင်ရွက်ခြင်းကို မိမိအတွက် အင်အားဟု စိတ်ထားစေလိုပါကြောင်း၊ လိုအပ်သည်များကို အားလုံးမှတ်သားထားပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးလိုက်သည့်အတွက် တစ်တိုင်းပြည်လုံးအတွက်ပါ စဉ်းစားစရာများ ပေါ်လာပါကြောင်း၊ အကြံဉာဏ်များလည်း ရရှိပါကြောင်း၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် ယခုကဲ့သို့ အကြံဉာဏ်များ ရရှိအောင် ဖြစ်ပါကြောင်း၊ တစ်နည်းနည်းဖြင့် COVID-19 ရောဂါ စိန်ခေါ်မှုကြီးကို ရင်ဆိုင်သည့်နေရာတွင် မည်သို့ကျော်လွှားနိုင်မည်ဆိုသည့် နည်းလမ်းအသစ်များ စဉ်းစားနိုင်အောင်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ပေးသည့်အတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံအတွက် အင်မတန်မှ တန်ဖိုးရှိသည့် အင်အားများဟု သတ်မှတ်ပါကြောင်း၊ ဆက်လက်၍လည်း ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ နှစ်သစ်တွင် ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကြပါစေကြောင်းနှင့် ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့် ပြည့်စုံကြပါစေဟု ပြောကြားသည်။

**သတင်းစဉ်**

❄ *ရှေ့ဖုံးမှ*

၄။ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသည် မိမိတို့၏ကွပ်ကဲမှုသို့မဟုတ် ညွှန်ကြားမှုအောက်တွင် ရှိသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ဝန်ထမ်းများအားလုံးပါဝင်ရန်နှင့် ပံ့ပိုးရန် အားပေးရမည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသည် ဤညွှန်ကြားချက်နှင့် စပ်လျဉ်း၍ မိမိတို့၏ ဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြရမည်။

**အမိန့်အရ**

**ခင်လတ်**

**အမြဲတမ်းအတွင်းဝန်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး / ပြည်နယ်များ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများအား ဆောင်ရွက်မှုအခြေအနေများ ချိုင့်ဆန်းစစ်ခြင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် မေ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများကို ဆောင်ရွက်မှုအခြေအနေများ ချိုင့်ဆန်းစစ်ခြင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများကို ဆောင်ရွက်မှု အခြေအနေများ ချိုင့်ဆန်းစစ်ခြင်း အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

### ပုံစံရေးဆွဲချမှတ်ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဤသို့ ချိုင့်သုံးသပ်ဆန်းစစ်ရခြင်းမှာ မိမိတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနည်းဗျူဟာများ၏ ထိရောက်မှု ရှိ၊ မရှိ အခြေအနေနှင့် လိုအပ်ချက်များကို ဖော်ထုတ်ကာ လိုအပ်သည်များ အားဖြည့်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် (၄-၁-၂၀၂၀)ရက်နေ့မှစတင်၍ COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လာခဲ့ရာတွင် ဤရောဂါအသစ်၏ ဖြစ်စဉ်ပြောင်းလဲမှုပုံစံ၊ ပြောင်းလဲလာသော ရောဂါဖြစ်ပွားမှုနှင့် ရောဂါကူးစက်ပျံ့နှံ့ပုံစံများနှင့်အညီ မိမိတို့သည် နည်းဗျူဟာများ မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်ဦးပိုင်း၌ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့စဉ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက် ပုံစံရေးဆွဲ ချမှတ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊

### ပထမဦးစားပေးအဆင့်ဖြစ်လာ

ယခုအခါ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော ရောဂါနှင့် ပတ်သက်သည့် ကပ်ရောဂါဗေဒဆိုင်ရာ အခြေအနေအဝဝ (epidemiological situation) ကို အနီးကပ် အသေးစိတ် သုံးသပ်လျက်ရှိပြီးလိုအပ်လျှင် လိုအပ်သလိုနည်းဗျူဟာအချို့ကို မွမ်းမံပြင်ဆင်ချမှတ်ကာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့မှသာ ငွေကုန်ကြေးကျနည်းပါးစွာဖြင့် အကျိုးရှိထိရောက်အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုအခါဆေးရုံ၌ COVID-19 လူနာများအား ကုသမှုနှင့် လူနာများနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေဖော်ထုတ်ခြင်း (contact tracing) တို့သည် ပထမဦးစားပေးအဆင့် ဖြစ်လာပြီ ဖြစ်ပါကြောင်း၊ လူနာများနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေဖော်ထုတ်ခြင်းတွင် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်မြင့်မားပြီး မရှိမဖြစ် လိုအပ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲ လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးစေလိုပါကြောင်း၊ လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရည်ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို အသုံးပြုမှုနှုန်းထားပုံစံများကို လေ့လာ၍ သိပ္ပံနည်းကျတွက်ချက်ကာ လျော့နည်းကုန်ဆုံးလာမည့် ပမာဏနှင့် ထပ်မံလိုအပ်နိုင်သည့် ပမာဏတို့ကို အချိန်နှင့် တစ်ပြေးညီ ကြိုတင်မှာကြားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ခေတ်ခွဲနမူနာများ ပိုမိုရယူဆောင်ရွက်

ယခုအချိန်၌ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်၌ အဖွဲ့အစည်းများစွာပါဝင်သည်မှာ ကောင်းမွန်သော်လည်း မိမိတို့သည် ၎င်းအဖွဲ့အစည်းများနှင့် စနစ်တကျ ချိန်သားကိုက်ပူးပေါင်းဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းပါဝင်ဆောင်ရွက်နေသူ အားလုံးအကြားတွင် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန် ဝေမျှမှုများသည် အလွန်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ပြည်တွင်းသို့ ပြန်လာသူ မြန်မာနိုင်ငံသားများအား အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင်စီမံခန့်ခွဲမှုသည် အထူးအရေးကြီးပါကြောင်း၊ ယခုအခါ ရောဂါပျံ့နှံ့မှုပုံစံသိရှိရန်အတွက် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာ နေရာများမှ ခေတ်ခွဲနမူနာများ ပိုမိုရယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ကျန်းမာရေး ပိုမိုကောင်းမွန် ထိရောက်စေရေးအတွက် လည်းကောင်း၊ ကုသမှုပိုင်းဆိုင်ရာများ ပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း သုတေသနများ ပိုမိုပြုလုပ်စေလိုပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 နှင့် ပတ်သက်သော သတင်းအချက်အလက်များကို လုံးဝထိမ်ချန်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ပေးအပ်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှု သတင်းအချက်အလက်အမှန်များကို သိရှိမှသာ မိမိတို့ကိုယ်တိုင် ရောဂါကူးစက်မှုမခံရစေရေးအတွက် လည်းကောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း အလေးထားဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးနှင့်ဆေးပစ္စည်းများ၊ ရောဂါကူးစက်မှုကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထပ်မံဖြန့်ဝေထားရှိမှု စသည်တို့ကို ရှင်းလင်းပြောကြားသည်။

### အခက်အခဲများကို ဆွေးနွေးတင်ပြ

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေး၊ ပြည်တွင်းပြည်ပဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Video Conferencing စနစ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်များ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်များ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၅၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၂၀**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၃၉၉ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၄၅၁၈ ဦး စုစုပေါင်း ၂၄၉၁၇ ဦးကို အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားသို့ ၂၀၈၃ ဦး၊ စင်ကာပူသို့ ရှစ်ဦး၊ ကိုရီးယားသို့ ၁၈၈ ဦး၊ ထိုင်းသို့ ၁၂၆၉၄ ဦး၊ ဂျပန်သို့ ၆၅၅ ဦး၊ ယူအေအီးသို့ ၁၀ ဦး၊ ဂျော်ဒန်သို့ ၆၂ ဦး စုစုပေါင်း ၁၅၇၀၀ ကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖြူးမြို့နယ်ပင်စင်စားများ ပင်စင်ထုတ်ယူရေးအဆင်ပြေစေရန် မြို့နယ်အားကစားကွင်း မိုးလုံလေလုံခန်းမတွင် ထုတ်ပေးမည်

**ဖြူး မေ ၂၀**

တောင်ငူခရိုင် ဖြူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူမည့် ပင်စင်စားများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေး မဖြစ်စေရေးကို ရည်ရွယ်၍ ပင်စင်ထုတ်ပေးနေကျ ကာလအတွင်း ပင်စင်လစာ ထုတ်ယူရေး အဆင်ပြေစေရန် မြို့နယ်အားကစားကွင်း မိုးလုံလေလုံခန်းမတွင် ထုတ်ပေးမည်ဖြစ်သည်။

ဖြူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ယူလျက်ရှိသော လူဦးရေ ၃၅၀၀ ကျော်ရှိရာ ယခင်ကာလများတွင် ပင်စင်လစာ စတင်ထုတ်ပေးသည့် ပထမနေ့တွင် လူဦးရေ ၇၀၀ မှ ၈၀၀ အတွင်း လာရောက်ထုတ်ယူလေ့ရှိသည်။ ယခုကာလ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘဏ်မန်နေဂျာ ဒေါ်အေးအေးခိုင်က ပြောကြားခဲ့ကြောင်း သိရသည်။

**မနွယ်(ပြန်/ဆက်)**

# မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းဘူးမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၄၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၄၀ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၃၁ လက်မနှင့် လားရှိုးမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၄-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၊ ကော်လံ ၄ ဒုတိယအပိုဒ် စာကြောင်းရေ ၁၁ ပါ "ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ" (အစား) "ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာ့အလင်း**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ် ( ၃ / ၂၀၂၀ )

၁။ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/ သူများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၁/ ၂၀၂၀၊ ၁၂/ ၂၀၂၀ နှင့် ၁၃/ ၂၀၂၀ တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။

၂။ ကိုရိုနာဗိုင်းရပ်(စ်) (ကိုဗစ်-၁၉)၏ခြိမ်းခြောက်မှုကို မြန်မာနိုင်ငံအပါအဝင် လူသားမျိုးနွယ်များအားလုံး ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်ကာလတွင် ယခုကဲ့သို့ လုပ်ဆောင်မှုသည် လူသားချင်း စာနာထောက်ထားမှုနှင့် လူ့အခွင့်အရေး ရှုထောင့်များမှ အလွန်အရေးပါသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/သူများ၊ ပြည်သူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဟု ကော်မရှင်က မျှော်လင့်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ သူများအနေဖြင့် ကာလရှည်ကြာစွာ ခွဲခွာနေရသည့် မိသားစုဝင်များ၊ ချစ်ခင်ရသူများနှင့် ယခုအခါ ပြန်လည်ပေါင်းစည်းနိုင်ကြပြီး ဤကဲ့သို့ ခက်ခဲသောအချိန်တွင် ယင်းတို့၏ စိတ်ဓာတ်ကို မြှင့်တင်ရန် ကူညီနိုင်သည့်အခွင့်အလမ်းများလည်း ရရှိနိုင်ကြမည်ဖြစ်ပါသည်။ အကျဉ်းထောင်များတွင် အကျဉ်းသားသိပ်သည်းမှု နည်းပါးသွားခြင်းသည် အကျဉ်းထောင်များအတွင်း လူမှုဆက်ဆံရေးအရ ထိတွေ့ဆက်ဆံခြင်းအား ကန့်သတ်ခြင်း (social-distancing) ကို ပိုမိုထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများအား အတိုင်းအတာတစ်ရပ်အထိ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ သေဒဏ်နှင့် နှစ်ကြီးပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့ပြီး အကျဉ်းထောင်/ စခန်းအသီးသီးရှိ အကျဉ်းသား/ သူ စုစုပေါင်း ၂၄,၈၉၆ ဦးတို့အားလည်း စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံခြားသား အကျဉ်းသား/ သူ ၈၇ ဦးတို့ကိုလည်း စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ သူများအား ပြန်လည်စေလွှတ်ခြင်း မပြုမီ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်းများဆောင်ရွက်ခြင်းတို့သည် ကိုဗစ်-၁၉ ပြန့်ပွားနိုင်ခြေရှိမှုအပေါ် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ ပြေလျော့စေရန် ရှုမြင်လုပ်ဆောင်သည့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များဟု ကော်မရှင်က ယူဆပါသည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ကူညီမှုအဖြစ် အကျဉ်းသား/ သူများအား ပြန်လည်လွှတ်ပေးသည့်နေ့တွင် ယင်းတို့အတွက် စားသောက်ကုန် ရိက္ခာခြောက်များကိုလည်း ထောက်ပံ့ပေးခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၄၃ အရ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုပေးအပ်ထားသည့် အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကဲ့သို့ အကျဉ်းသား/ သူ အများအပြားကို ပြန်လည်လွှတ်ပေးခြင်းဖြင့် နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်များ၏ အခြေအနေများ တိုးတက်လာစေနိုင်မည်ဖြစ်သောကြောင့် အကျဉ်းသား/ သူများအား ပြစ်ဒဏ်များ လျှော့ပေါ့ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုအပ်ပါသည်။ ကော်မရှင်အနေဖြင့်လည်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၄၃ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် အနီးကပ် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်

# နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၀**

နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြည့်ပြည့်ဝဝ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း နေရပ်အသီးသီးမှ ပြန်လည်ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း လုပ်ငန်းများကို မြို့နယ်များအလိုက် သတ်မှတ်နေရာများ စီမံဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ (ယာပုံ)



ယင်းနောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က Community Base နေရာများသတ်မှတ်ခြင်း၊ ရိက္ခာများစီမံခန့်ခွဲခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးအစီအမံများ၊ လှူဒါန်းဆော်ပြန်ကြားရန်ကိစ္စရပ်များ၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်ရန်ကိစ္စနှင့် ကျန်းမာရေးကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# စေတနာလုပ်အားရှင် စေတနာ့ဝန်ထမ်းစိတ်ဓာတ်

*တက္ကသိုလ် ဇော်ထူးဦး*



အရေးကြုံတိုင်း ကူညီဆောင်ရွက်ကြပါဟုဆိုလျှင် မြန်မာလူမျိုးတို့မှာ လက်နှေးသူများ မဟုတ်ကြပါ။ မိမိတို့တတ်အားသရွေ့ ငွေအား၊ လူအား၊ စိတ်ဓာတ်အားဖြင့် ဝိုင်းဝန်းကူညီကြသည်သာဖြစ်၏။ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဒုက္ခရောက်နေသူအားကူညီပေးတတ်ကြသည်မှာ စေတနာ့ဝန်ထမ်းစိတ်ဓာတ်ဖြစ်၏။ မြန်မာလူမျိုးတို့၏ စေတနာ့ဝန်ထမ်းစိတ်ဓာတ်သည် ကမ္ဘာပေါ်တွင် အရက်ရောဆုံး၊ အပေးလှူဆုံးလူမျိုးအဖြစ် မှတ်တမ်းတင်ရသည်ပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကိုဗစ်- ၁၉ ရောဂါသည် နေရာဒေသအနှံ့ပျံ့နှံ့လျက် ကမ္ဘာ့ကပ်ရောဂါကြီးအဖြစ် ရှိနေ၏။ နိုင်ငံအများအပြားမှာ ရောဂါပိုးကူးစက်မှုကြောင့် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ရပ်တန့်သွားကြပြီး ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို သတိကြီးစွာလုပ်ဆောင်နေကြချိန်ဖြစ်သည်။ မည်သည့်အချိန်တွင်ပျောက်ကင်းမည်ကို မှန်းဆ၍မရဖြစ်နေကြသည်။

ဘေးအန္တရာယ်ကျရောက်မှုများတွင် ကပ်ရောဂါသည် အဆိုးရွားဆုံးနှင့် တုံ့ပြန်ရအခက်ခဲဆုံးဖြစ်၏။ သဘာဝကြောင့်ဖြစ်သည့် လေဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေးစသည်တို့ထက် အန္တရာယ်ပိုများ၏။ ကူညီကယ်ဆယ်ရေးနှင့် စီမံခန့်ခွဲရသူများအတွက်လည်း အန္တရာယ်များလှ၏။ ကပ်ရောဂါဘေးကို တုံ့ပြန်နေကြသူများမှာလည်း ရောဂါကူးစက်ခံရမှုကြောင့် လူကောင်းပကတိမှ လူနာဖြစ်သွားတတ်ကြသည်။

**အားကိုးရသည့်စေတနာ့ဝန်ထမ်းများ**

ကပ်ရောဂါဘေးကို ရှေ့တန်းမှရင်ဆိုင်တိုက်ပွဲဝင်ရသူများမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်၏။ ကျန်းမာရေးလုပ်သားများသည် ရောဂါသံသယရှိသူများနှင့် ရောဂါကူးစက်ခံရသူများကို ပထမဆုံးပြုစုကုသပေးရသူများဖြစ်၏။ ထိုသို့ပြုစုကုသမှုပေးနိုင်ရန် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲပေးကြရ၏။ ထိုသူတို့မှာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည့်အတွက် ကပ်ရောဂါဘေး ကျရောက်သည့်အခါတွင် လုပ်ငန်းတာဝန်များပြားကာ ဝန်ထမ်းအင်အားမှာလည်း အကန့်အသတ်ရှိကြ၏။ ရေရှည်ဘေးဒုက္ခတုံ့ပြန်ရေးတွင် အခက်အခဲရှိကြ၏။ သို့အတွက် ရှေ့တန်းမှရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကိစ္စများကို ကူညီနိုင်ရန် စေတနာ့ဝန်ထမ်းများ၏ အင်အားကို ရယူကြရသည်။

စေတနာ့ဝန်ထမ်းများတွင် သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများ၊ နည်းပညာနှင့် ထောက်ပံ့ရေးဆိုင်ရာကျွမ်းကျင်သူများ၊ ရန်ပုံငွေရှာဖွေရေးဆိုင်ရာကျွမ်းကျင်သူများ၊ လုပ်အားနှင့်အချိန်ကိုပေးလှူနိုင်သူများ စသည်ဖြင့် ကဏ္ဍအလိုက်အကူအညီပေးနိုင်ကြ၏။ စေတနာလုပ်အားရှင်များဟု သတ်မှတ်နိုင်သော စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်အားတစ်ရပ်အဖြစ် ရှိနေကြသည်။

အရေးကြုံလာတိုင်း စေတနာလုပ်အားရှင်များ ကူညီဝိုင်းဆိုသကဲ့သို့ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်နှင့် ဘေးဒုက္ခကျရောက်မှုများတွင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ အင်တိုက်အားတိုက် ကူညီပေးအပ်ခဲ့ကြသည်ကို တွေ့မြင်ခဲ့ကြရ၏။ နာဂစ်မုန်တိုင်းကအစ ရေဘေး၊ လေဘေး၊ စစ်မက်ဘေးများတွင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ပေးခဲ့ကြ၏။ ယနေ့အခါတွင် ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ကပ်ရောဂါဘေးတွင်လည်း စေတနာလုပ်အားရှင်များ ပါဝင်ကူညီကြရပြန်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်စနစ်များအရ အသင်းအပင်းဖွဲ့ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်ခွင့်မရှိခဲ့ဘဲ အကန့်အသတ်ဖြင့်သာ လုပ်ကိုင်ခွင့်ရခဲ့၏။ အစိုးရက ထိန်းချုပ်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းပေးထားသော အသင်းအဖွဲ့များကသာ လုပ်ကိုင်ခွင့်ရှိခဲ့၏။ ဒီမိုကရေစီအစိုးရလက်ထက်တွင်မူ အသင်းအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်ခွင့်ရရှိခဲ့ရာ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များစွာ ပေါ်ထွက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ စေတနာသွေးလှူရှင်အသင်းများသည် ရပ်ရွာလူထု၏လိုအပ်ချက်များကို တတ်အားသရွေ့ ကူညီနေကြသည်သာမက၊ ဘေးအန္တရာယ်ကျရောက်ချိန်နှင့် အရေးပေါ်ကိစ္စများတွင်ပါ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိနေကြသည်ကိုတွေ့ရ၏။ စေတနာ့ဝန်ထမ်း လုပ်ငန်းဖွံ့ဖြိုးလာချိန်တွင် စေတနာလုပ်အားရှင်အဖြစ် ပါဝင်လိုသူများအတွက် စေတနာ့ဝန်ထမ်းလုပ်ငန်းနှင့်ပတ်သက်၍ သတင်းစကားများကို ဖော်ပြလိုပါသည်။

**“စေတနာ့ဝန်ထမ်းဆိုသည်မှာ အကျိုးအမြတ်ကို မမျှော်ကိုးဘဲ မိမိဆန္ဒအလျောက်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့အတွက် လုပ်အားနှင့်အချိန်ကို ပေးလှူသူဖြစ်သည် ”** စေတနာ့ဝန်ထမ်းသည် အခကြေးငွေ အကျိုးခံစားခွင့်ကိုရယူကာဆောင်ရွက်ခြင်းမျိုးမဟုတ်သကဲ့သို့ လခစားဝန်ထမ်းလည်း မဟုတ်ပါ။ စေတနာ့ဝန်ထမ်း လုပ်ငန်းသည် ငွေကြေး အကျိုးအမြတ်အတွက် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ လိုအပ်နေသူများအတွက် လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဆောင်ရွက်သောလုပ်ငန်းဖြစ်သည်။ စေတနာ့ဝန်ထမ်းလုပ်ဆောင်မည့်သူသည် ပါဝင်လုပ်ဆောင်မည့် လုပ်ငန်းသဘောသဘာဝကို သိရှိနားလည်ပြီး ပုံမှန်ဘဝရပ်တည်ရေးအတွက် လုပ်ငန်းတာဝန်များကို လုပ်နေသည့်အချိန်မှအပ အားလပ်သော မိမိ၏ ကိုယ်ပိုင်အချိန်နှင့် လုပ်အားကို ပေးလှူခြင်းဖြစ်သည်။

**အကျိုးအမြတ်မယူသောအဖွဲ့အစည်း**

စေတနာ့ဝန်ထမ်းတစ်ဦးသည် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိပြီး အချိန်ပေးနိုင်ရမည်။ လုပ်အားပေးရာတွင် ကျွမ်းကျင်မှုရှိရမည်။ ပုံမှန် သို့မဟုတ် အခွင့်အခါသင့်သလို ပါဝင်နိုင်ရမည်။ လျော်ကြေးနစ်နာကြေးကို မမျှော်မှန်းသူဖြစ်ရမည်။ လုပ်ဆောင်မှုအတွက် လက်ခံနိုင်သောကုန်ကျစရိတ်နှင့် စိုက်ထုတ်မှုများကို ပြန်လည်တောင်းပိုင်ခွင့်ရှိသည်။ လုပ်ငန်းဆောင်ရွက်စဉ် အသက်ရှင်ရပ်တည်ရေးအတွက် လိုအပ်ချက်များကို ခံစားပိုင်ခွင့်ရှိသည်။ တရားဝင်အသိအမှတ်ပြုထားသော ပြည်တွင်း၊ ပြည်ပအသင်းဝင်ဖြစ်ရမည်ဟု ဆိုသည်။

စေတနာ့ဝန်ထမ်းလုပ်ငန်းသည် အကျိုးအမြတ်မယူသောအဖွဲ့အစည်း သို့မဟုတ် စီမံချက်လုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွှယ်သောလှုပ်ရှားမှုများ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်၏။ ထိုသို့ဆောင်ရွက်မှုများသည် လူမှုအသိုက်အဝန်းနှင့် စေတနာ့ဝန်ထမ်းများအတွက် အကျိုးရှိရမည်။ မိမိ၏ကိုယ်ပိုင်လွတ်လပ်သော စိတ်ဆန္ဒဖြစ်ရမည်။ အကျပ်ကိုင်ခိုင်းစေခြင်းမဖြစ်စေရ။ ငွေကြေးရယူခြင်းမရှိစေရ။ စေတနာ့ဝန်ထမ်းရာထူး သတ်မှတ်ချက်သာ ဖြစ်ရမည်။

စေတနာ့ဝန်ထမ်းစနစ်ကို ဖော်ဆောင်ရာတွင် သတ်မှတ်ထားသော အခြေခံမူများရှိ၏။ ယင်းတို့မှာ- လွတ်လပ်စွာဆောင်ရွက်မှုကိုအခြေခံသည်။ အစိုးရ၏ ထောက်ပံ့မှုကို ရယူခံစားခွင့်မရှိ။ ငွေကြေးအကျိုးအမြတ်ကို မျှော်လင့်မှုမရှိရပါ။ ဝန်ထမ်းဦးရေလျှော့ချခြင်း၊ ဝန်ထမ်းနေရာတွင် အစားထိုးခြင်းမဖြစ်စေရ။ အစိုးရ၏ လုံခြုံရေးကို ထိခိုက်မှုမဖြစ်စေရ။ လူမှုဝန်းကျင်နှင့် လူမှုဘဝဖွံ့ဖြိုးရေးအတွက် လူတိုင်းတရားဝင်ပါဝင်နိုင်သည်။ လူထု၏ တောင်းဆိုအကြံပြုချက်ကို အလေးထားလုပ်ဆောင်ရမည်။ လူ့အခွင့်အရေးနှင့် တန်းတူညီမျှမှုကို မြှင့်တင်ပေးရမည်။ အခွင့်အရေး ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို လေးစားရမည်။ တန်းတူညီမျှအခွင့်အရေးပေးရမည်။ ခွဲခြားဆက်ဆံမှုမလုပ်ရ။ ဒီမိုကရေစီစနစ်ကိုလိုလားသော၊ ကွဲပြားခြားနားမှုကိုနားလည်သော၊ ပူးပေါင်းပါဝင်သော၊ လူထု၏ သက်ဝင်ယုံကြည်မှုကို ရည်မှန်းသော အမြင်ရှိရမည်ဖြစ်သည်။

လုပ်ငန်းကဏ္ဍအလိုက် စေတနာ့ဝန်ထမ်းလုပ်ဆောင်ပေးသူများကိုကြည့်လျှင် မူဝါဒရေးဆွဲသူနှင့် ထိန်းကျောင်းပေးသူများ၊ စီမံအုပ်ချုပ်ရေးကိုဆောင်ရွက်ပေးသူများ၊ လုပ်ငန်းနှင့် လှုပ်ရှားမှုကိုဆောင်ရွက်ပေးသူများ၊ ရန်ပုံငွေရှာဖွေပေးသူများနှင့် ကျွမ်းကျင်မှုဆိုင်ရာတတ်မြောက်သူများပါဝင်သည်။ စေတနာ့ဝန်ထမ်းဆောင်ရွက်လိုသူများသည် အသင်းအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေအရ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိ၏။ အရည်အသွေးမြင့်မားရေးအတွက် သင်တန်းများ တက်ရောက်နိုင်၏။ တာဝန်ထမ်းဆောင်ရန်အတွက် လိုအပ်သော ပစ္စည်းကိရိယာများကို အထောက်အပံ့အဖြစ် ရရှိခွင့်ရှိသည်။

စေတနာ့ဝန်ထမ်းအဖြစ် မည်သူမဆိုပါဝင်ဆောင်ရွက်ခွင့်ရှိသော်လည်း အသင်းအဖွဲ့တစ်ခု၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သောလုပ်ငန်းများသည်သာ အောင်မြင်မှုကို ရနိုင်၏။ ရပ်ရွာအတွင်းစုပေါင်းဆောင်ရွက်သော သာရေး၊ နာရေးကိစ္စများကအစ လမ်းပြင်တံတားဆောက်လုပ်ငန်းများတွင် စေတနာအလျောက်ပါဝင်နိုင်ကြ၏။ သို့သော် ဘေးဒုက္ခကျရောက်မှုများ၊ ကပ်ရောဂါကျရောက်မှုများနှင့် ပဋိပက္ခဖြစ်ပွားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်မှာ အကန့်အသတ်များရှိ၏။ ထိုသို့သော အခြေအနေများတွင် ရွေးချယ်လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်းများကသာ ဆောင်ရွက်နိုင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ကူညီမှုဆိုင်ရာကျွမ်းကျင်မှုများ လိုအပ်သလို အသက်အန္တရာယ်ထိခိုက်နိုင်သောကြောင့် ဖြစ်သည်။

**ရုပ်ပိုင်း၊ စိတ်ပိုင်းကြံ့ခိုင်ရေးကြိုတင်ပြင်ဆင်ထားရန်လို**

ထို့ပြင် ထောက်ပံ့ကူညီမှုလုပ်ငန်းများသည် အချိန်ကာလကြာမြင့်လာသောအခါ စွမ်းအားလျော့ကျလာပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်လာနိုင်၏။ သို့အတွက် ဘေးဒုက္ခသင့်သူကဲ့သို့ စေတနာ့ဝန်ထမ်း ကူညီသူများကပါ ဒုက္ခရောက်တတ်၏၊ ဝေဒနာခံစားကြရ၏။ သို့ဖြစ်၍ စေတနာ့ဝန်ထမ်းဆောင်ရွက်သူများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရန်လိုအပ်လှသည်။ စိတ်ဓာတ်ပြင်းပြမှုတစ်ခုတည်းနှင့် မရနိုင်ပါ။ ယနေ့ကြုံတွေ့နေရသော ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေတွင် ကျန်းမာရေးဝန်ထမ်းများသာမက စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များသည် အချိန်မရွေး ရောဂါကူးစက်မှုခံရနိုင်၏။ ကရုဏာစိတ်၊ စာနာစိတ်ချည်း သက်သက်ဖြင့်မရ။ ကိုယ်ကိုယ်တိုင် ကျန်းမာရေးကောင်းရန်လိုအပ်သလို သတ်မှတ်ထားသော လိုက်နာရန်အချက်များကိုလည်း သိရှိလိုက်နာရမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံများတွင် အရပ်ဘက်ဆိုင်ရာအဖွဲ့များ၏ အင်အားကို အလေးထားကြ၏။ စေတနာ့လုပ်အားရှင် စေတနာဝန်ထမ်းများ၏ ကူညီမှုကိုလည်း အသိအမှတ်ပြုကြ၏။ အစိုးရများကပင် ဖွံ့ဖြိုးရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စုစည်းလေ့ကျင့်ပေးထားကြ၏။ စေတနာ့ဝန်ထမ်းလုပ်ငန်းများ စေတနာဝန်ထမ်းများအတွက် ပေါ်လစီနှင့် မူဝါဒများကို ပြဋ္ဌာန်းပေးထားကြ၏။ မြန်မာနိုင်ငံအနေဖြင့်လည်း စေတနာ့ဝန်ထမ်းလုပ်ငန်းနှင့် စေတနာ့ဝန်ထမ်းများအတွက် တရားဝင်အသိအမှတ်ပြုထားသော ပေါ်လစီနှင့် မူဝါဒများကို ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း။

စေတနာ့ဝန်ထမ်းများသည် အခစားမဟုတ်၊

စေတနာ့ဝန်ထမ်းများသည် အဆင့်မရှိသူများမဟုတ်၊

စေတနာ့ဝန်ထမ်းများသည် တန်ဖိုးမဖြတ်နိုင်သူများဖြစ်သည်။ ။

**“ကပ်ရောဂါဘေးကို ရှေ့တန်းမှရင်ဆိုင်တိုက်ပွဲဝင်ရသူများမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်၏။ ကျန်းမာရေးလုပ်သားများသည် ရောဂါသံသယရှိသူများနှင့် ရောဂါကူးစက်ခံရသူများကို ပထမဆုံးပြုစုကုသပေးရသူများဖြစ်၏။ ထိုသို့ပြုစုကုသမှုပေးနိုင်ရန် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲပေးကြရ၏။ ထိုသူတို့မှာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည့်အတွက် ကပ်ရောဂါဘေးကျရောက်သည့် အခါတွင် လုပ်ငန်းတာဝန်များပြားကာ ဝန်ထမ်းအင်အားမှာလည်း အကန့်အသတ်ရှိကြ၏။ ရေရှည်ဘေးဒုက္ခတုံ့ပြန်ရေးတွင် အခက်အခဲရှိကြ၏။ သို့အတွက် ရှေ့တန်းမှ ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကိစ္စများကို ကူညီနိုင်ရန် စေတနာ့ဝန်ထမ်းများ၏ အင်အားကို ရယူကြရ”**

# မိုးရာသီကာလအတွင်းဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားနိုင်ရေး အကြံပေးအဖွဲ့ဝင် ပညာရှင်များနှင့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၀**

မိုးရာသီကာလအတွင်း ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက Video Conference ဖြင့် ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။ **(ဓာတ်ပုံ)**

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် မိုးရာသီကာလ၌ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည်ဖြင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိကြောင်း၊ မကြာမီ မိုးရာသီကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်နှစ်များနှင့်မတူဘဲ လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ စီမံခန့်ခွဲမှုပုံစံများ၊ လုပ်ဆောင်ချက်များ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံးကို ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အပါအဝင် သဘာဝဘေးဖြစ်စဉ်များတွင် ကိုယ်တိုင်ပါဝင်ခဲ့ကာ စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများစွာရှိသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ ဘာသာရပ်ပိုင်းဆိုင်ရာ ပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရသည့်အတွက် ထိရောက်သည့် ဆွေးနွေးအကြံပြုချက်များရရှိပြီး လာမည့် မိုးတွင်းကာလ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလ အတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူလူထုအတွက် ထိရောက်သော အစီအမံများကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အကြံပေးအဖွဲ့ဝင် ပညာရှင်များက ဆွေးနွေးကြရာ ယခုနှစ်အတွက် မိုးကြိုကာလ၊ မိုးလယ်၊ မိုးနှောင်း ကာလများတွင် ဖြစ်ပွားနိုင်သည့် ရာသီဥတုအခြေအနေများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာတွင် မိုးနည်းပြီး အပူချိန်မြင့်မားနိုင်ကြောင်း၊ သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ရေကြီးမှု ကျယ်ကျယ်ပြန့်ပြန့် ကြီးကြီးမားမား မဖြစ်နိုင်သော်လည်း နေရာကွက်၍မိုးကြီးခြင်းကြောင့် ရေစီးကြောင်း ပိတ်ဆို့ပြီး လျှပ်တစ်ပြက်ရေကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းကြောင့် မြေပြိုခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ ဆည်မြောင်းများ ရေဝင်နည်းပြီး စိုက်ပျိုးရေးအတွက် အခက်အခဲများကြုံတွေ့နိုင်ကြောင်း၊ အပူရှိန်ပြင်းထန်မှုကြောင့် လေပြင်းများတိုက်ခတ်နိုင်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းများ ကျရောက်နိုင်သည့် ကြိုတင်ခန့်မှန်းချက်များရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသော ကာလတွင် သဘာဝဘေးတုံ့ပြန်မှုများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးကိစ္စများ၊ Quarantine နေရာများ၊ နေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်သည့် မြို့နယ်များ/နေရာများနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကုသနေသည့်နေရာများတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားရာ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ သတ်မှတ်ချက်၊ လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး၊ ထောက်ပံ့ရေးပစ္စည်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်ရေးပစ္စည်းများကိုပါ ထည့်သွင်းစဉ်းစားရေး၊ ကယ်ဆယ်ရေးစခန်းများတွင် ရေလုံလောက်စွာရရှိရေးနှင့် ရေသန့်စင်နိုင်ရေးကိစ္စများ၊ သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အသိပညာဖြန့်ဝေခြင်း၊ ဆည်မြောင်းတာတမံနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေသုံးစွဲရေးနှင့် လုပ်ငန်းစီမံချက် ကြိုတင်ပြင်ဆင်ရာတွင် ကိုဗစ်-၁၉ ဖြစ်စဉ်နှင့် ဆက်စပ်၍ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်တို့က ဆွေးနွေးချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ဆက်စပ်၍ ကဏ္ဍအလိုက် ကြိုတင်စီစဉ်ရမည့် အခြေအနေများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များကို အလေးအနက်ထားပြီး စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအနေဖြင့် အခြားလုပ်ငန်းကော်မတီများနှင့် ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရှင်များ၏ ဆက်လက်အကြံပြုမှုများကို ဖိတ်ခေါ်ပါကြောင်းနှင့် ယခုပါဝင်ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှု ဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၀၂)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်) အကြားလွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက် ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေး လုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများ ရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှု မရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေး နည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

**သတင်းစဉ်**

# SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၀၂-၂၀၂၀)ရက်နေ့ ထုတ်နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက် မီဒီယာများမှ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား /နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

❍ *ကျောဖုံးမှ*

လန်ဒန်နွယ်ဖွား ဆန်ချိုသည် နည်းပြဂွါဒီယိုလာ၏ လက်ထက်တွင် စိတ်ပျက်လာပြီးနောက် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းမှ ထွက်ခွာပြီး ဂျာမန်ကလပ် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ပြီးခဲ့သည့် နွေရာသီတွင် ပထမဆုံးအကြိမ် မန်ယူအသင်းက ၎င်းကို ဆက်သွယ်လာပြီးနောက် အင်္ဂလန်ကို ပြန်လည်ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေခြင်းလည်း ဖြစ်သည်။ ၎င်းသည် ဒေါ့မွန်အသင်းတွင် ခြေစွမ်းတိုးတက်လာပြီးနောက် နာမည်ကြီးအသင်းများက စောင့်ကြည့်ခြင်းကို ခံခဲ့ရသူဖြစ်သည်။

ဆန်ချိုသည် ဒေါ့မွန်အသင်းအတွက် ၃၅ ပွဲ ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင် ၁၉ ကြိမ်အထိ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ မကြာသေးခင် ရက်ပိုင်းအတွင်း၌ ဒေါ့မွန်အသင်းသည် ဆန်ချိုကို လွယ်လွယ်ပြောင်းရွှေ့ခွင့်ပြုဖွယ်မရှိဘဲ ၎င်းရရှိနေသည့် တစ်နှစ် ပေါင် ၅ ဒသမ ၂ သန်းကို ပေါင် ၈ ဒသမ ၇ သန်းအထိ တိုးပေးပြီး အသင်း၌ ထိန်းထားရန် ပြင်ဆင်နေကြောင်း ဂျာမန်အခြေစိုက်သတင်းစာ ဘီလ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

✽ *ကျောဖုံးမှ*

နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူးရုံးမှ အဆင့်မြင့် မီးသတ်ယာဉ် လေးစီးနှင့် ရေမှုန်ရေမွှားထုတ် စက်ရုပ်ယာဉ် LUF–60 Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)တွင် ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်မည့် နေရာများရှိ အဆောင်များနှင့် စစ်မှုထမ်းဟောင်းအိမ်ရာရှိ လမ်းမကြီးများ၊ လူနေထူထပ်သောနေရာများ၊ ဈေးများနှင့် နေပြည်တော်ဘူတာကြီး(ရွာတော်) အတွင်းတို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် နေ့စဉ် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာများ၌ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အေးသန်း**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၅ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင် မြို့နယ်၊ ကယာစုကျေးရွာနေ ဖိုးလုံးသည် မူးယစ်ဆေးဝါးများ သုံးစွဲ / ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ကယာစုကျေးရွာနေ ဖိုးလုံး(ခ)စံထွေး(၃၇)နှစ်၊ (ဘ)ဦးစံလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၆၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ ဒေါ်ခင်မာစန်း(၅၆)နှစ်၊ (ဘ)ဦးအောင်ခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ လယ်မှီးကျေးရွာနေ မြင့်ဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၄-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာလမ်းပေါ်၌ လယ်မှီးကျေးရွာနေ မြင့်ဇော် (၄၄)နှစ်၊ (ဘ)ဦးတုတ်ကြီးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ငါးပြည့်အင်းကျေးရွာနေ မင်းထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ငါးပြည့်အင်းကျေးရွာအနီးတောစပ်၌ ၎င်းကျေးရွာနေ မင်းထွန်း(၃၃)နှစ်၊ (ဘ)ဦးထွန်းရှိန်အား 88/1စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ) ၄၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ စက်တောကျေးရွာနေ ကြည်သောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၄-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာနေ ကျော်မင်းထွန်း(၃၀)နှစ်၊ (ဘ)ဦးကျော်အေး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူတစ်ရွာတည်း နေ အောင်တင် (၅၀) နှစ်၊ (ဘ) ဦးမောင်ဦး၊ စက်တောကျေးရွာနေ ကြည်သောင်း (၃၅) နှစ်၊ (ဘ) ဦးဖိုးမှိန်တို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်) မယ(ပ)၅၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) /၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ပေပင်ကျေးရွာနေ မောင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၂၀ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ပေပင်ကျေးရွာနေ မောင်ဦး(၄၂)နှစ်၊ (ဘ) ဦးအောင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၇)ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၇-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ မစန်းစန်းဝင်း(၂၉)နှစ်၊ (ဘ)ဦးဝင်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၅၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၁၅-၄-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ ထွန်းသီရိကုန်းအနီး၌ ပိတောက်ရွှေဝါရပ်ကွက်နေ အောင်ကိုဦး(ခ)ဝတုတ်(၁၉)နှစ်၊ (ဘ)ဦးသိန်းဝင်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၆၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅)ဦး၊ မ(၂)ဦး၊ ပေါင်း(၇)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၈-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ သိန်းဇော်(ခ)ဆံရှည်(၃၀)နှစ်၊ (ဘ)ဦးချစ်လှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ) ၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ အင်းနက်ကျေးရွာအုပ်စု၊ အောင်သာယာကျွန်း အခင်းတောနေ မမြမြမွှေး(၂၅)နှစ်၊ (ဘ)ဦးနိုင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူများ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ ၎င်းမြို့၊ မြို့မ (၄) ရပ်ကွက်နေ အောင်ဆန်းဦး(၃၂)နှစ်၊ (ဘ)ဦးဝင်းအောင် မောင်းနှင်လာ သည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ) ၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေ့ရာ၌ပင် ၎င်းမြို့နယ်၊ နှီးပြိုင်ကျေးရွာနေ အောင်သူရဟိန်း(ခ)အောင် (၁၇)နှစ်၊ (ဘ)ဦးဝင်းနိုင်နှင့် ဖြိုးရှိန်းကျော်(၁၇)နှစ်၊ (ဘ)ဦးဇော်မိုးတို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၆၄) ရပ်ကွက်နေ ဒေါ်အေးအေးနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၄-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆) ရပ်ကွက်ရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းမြို့နယ်၊ (၆၄)ရပ်ကွက်နေ ဒေါ်အေးအေးနိုင် (ခ)မနိုင် (၄၅)နှစ်၊ (ဘ) ဦးလှထွန်း၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်နေ မောင်မောင်လှ(၄၈)နှစ်၊ (ဘ)ဦးလှမြင့်၊ ၎င်းမြို့နယ်၊ (၇)ရပ်ကွက်နေ အုပ်စိုးရ(၂၉)နှစ်၊ (ဘ) ဦးသက်လွင်ဦး နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃) ရပ်ကွက်နေ မစန္ဒီမြင့်မောင်(၂၉)နှစ်၊ (ဘ)ဦးရဲအောင်တို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ နိုင်လင်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၄-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မဂ္ဂင်လမ်းပေါ်၌ ၎င်းကျေးရွာနေ နိုင်လင်းဦး(ခ)သိန်းစိန်(၁၉)နှစ်၊ (ဘ)ဦးခင်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်) မယ (ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၀)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၆)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၉)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၅-၄-၂၀၂၀ ရက်နေ့တွင်ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရတောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ကျောက်ရေအိုးလမ်းပေါ်၌ ၎င်းရပ်ကွက်နေ ရေချမ်း(၁၉)နှစ်၊ (ဘ) ဦးစိန်ကုလားမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ လှေကားတစ်ထောင် ကုန်းဆင်းလမ်းဘေး၌ ၎င်းရပ်ကွက်နေ သိန်းဇော်(၂၃)နှစ်၊ (ဘ)ဦးစိုးသိန်း၊ ကျော်မင်းလေး(၁၉)နှစ်၊ (ဘ) ဦးတလို၊ စိုင်းထူးထူး(ခ)ဖိုးထူး(၂၅)နှစ်၊ (ဘ)ဦးအောင်သန်းနှင့် ဝေလင်း(၂၂)နှစ်၊ (ဘ) ဦးစိုးနိုင်တို့ (၄) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၁)ဦး၊ မ(၂)ဦး၊ ပေါင်း(၁၃)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၈-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက် သင်္ချိုင်းအတွင်း ၎င်းရပ်ကွက်နေ အိုက်ကုန်း (၅၀)နှစ်၊ (ဘ) ဦးအိုက်ကူးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းရပ်ကွက်၊ စည်ပင်ရေဂိတ်အနီး လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ စိုးအောင်(၂၇)နှစ်၊ (ဘ)ဦးလွန်းပွဲအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေ့ရာ၌ပင် ဆိုင်ခေါင်ကျေးရွာနေ ဒေါ်ဖွေနီ(၄၈)နှစ်၊ (ဘ) ဦးထူးလာအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၀ သို့*

# အလုပ်ရှင်၊ အလုပ်သမားအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်မှုမရှိအောင် ဆောင်ရွက်နိုင်မည်

ခင်ရတနာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဧပြီလ ၁၉ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ထားပြီး ယင်းကြေညာချက်တွင် ကိုဗစ် – ၁၉ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန် တစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "ဒါက ကြေညာချက်တင် မဟုတ်ပါဘူး။ နောက်က လိုက်ပါဆောင်ရွက်ရမယ့်အရာတွေ ပါဝင်ပါတယ်။ ဒီနေ့မှာ စစ်ဆေးရေးအဖွဲ့တွေကနေ အလုပ်ရုံအချို့ကို စတင်စစ်ဆေးတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အလုပ်ရုံ၊ အလုပ်သမားဥပဒေ စစ်ဆေးရေးဌာနတို့ ပူးပေါင်းစစ်ဆေးတာဖြစ်ပါတယ်။ အဓိက တာဝန်ယူစစ်ဆေးတာကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေ ကျွန်တော်တို့ ဝန်ကြီးဌာနကို အကြောင်းကြားလာတာမှာ ပထမတော့ အကြောင်းကြားချက်တွေက အများကြီးပဲ။ ဝန်ကြီးဌာနချင်း ပြန်လည်ညှိနှိုင်းပြီး အပြီးသတ်ကြေညာချက် ထွက်လာရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

### လိုအပ်ချက်အရ ထုတ်ပြန်ကြေညာ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်၍ လိုက်နာသင့်သည့် အချက်များကို ထုတ်ပြန်ရန်နှင့် အလုပ်ရှင်၊ အလုပ်သမားနှင့် စက်ရုံ၊ အလုပ်ရုံများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်အရ ယခုကဲ့သို့ ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဒီကြေညာချက်ရဲ့ အဓိက ဆိုလိုရင်းက ကိုဗစ်–၁၉ ရောဂါကို တတ်နိုင်သလောက် ကာကွယ်ထိန်းသိမ်းပေးနိုင်အောင်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားတွေက အလုပ်ပိတ်ရက်မှာ မိမိတို့အရပ်ဒေသကို ပြန်သွားကြတယ်။ ဒီကာလမှာ စက်ရုံအများစုက ပိတ်ကြပြီး မရှိသလောက်နီးပါးပဲ။ ဖွင့်ဖြစ်တဲ့စက်ရုံကလည်း ပြန်ပိတ်ထားကြတာ တွေ့ရတယ်။ အခုဖွင့်မယ့်ရက် လုပ်ငန်းခွင်ရှိရာကို ပြန်လာတဲ့အချိန်မှာ အလုပ်သမားတွေကို မစိစစ်နိုင်ရင် ရောဂါကူးစက်ဖို့ အတော်လေးနီးစပ်သွားနိုင်ပါတယ်။ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အဓိကရည်ရွယ်ပြီး ထုတ်ပြန်ရခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဝန်ထမ်းများက အလုပ်ဖွင့်မည့်ရက်ရောက်ရှိလာသဖြင့် အလုပ်ဌာနရှိရာများသို့ လာရောက်ကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ ကြေညာချက်သည် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ ပြန်လည်ဖွင့်မည်ဟု ကြေညာထားသည့်ရက်နှင့်လည်း နီးကပ်သွားရသည်မှန်သော်လည်း ကြေညာချက်သည် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအား ကိုဗစ် – ၁၉ ရောဂါ စနစ်တကျကာကွယ်တားဆီးမှုများ မလုပ်နိုင်သေးမီ မဖွင့်စေလိုသေးသည့် သဘောနှင့် ကျန်းမာရေးအစစ်အဆေး ခံယူပြီး စိတ်ချရမှသာ ဖွင့်လှစ်ခြင်းအားဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရှိရသည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

အဆိုပါစစ်ဆေးမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပါဝင်သည့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များက မေ ၂၀ ရက် (ယနေ့)မှ စတင်၍ မေ ၃၀ ရက်အထိ ပူးပေါင်းစစ်ဆေးကြီးကြပ်သွားမည်ဟု သိရသည်။

"အဆင်သင့်ဖြစ်နေတဲ့ စက်ရုံ၊ အလုပ်ရုံတွေက အကြောင်းကြားပါ။ အကြောင်းကြားတာနဲ့ အမြန်ဆုံး စစ်ဆေးပေးနိုင်အောင် စီစဉ်ထားပါတယ်။ စစ်ဆေးမှုတွေကို ဒီကနေ့မှာ စတင် စစ်ဆေးပေးတာဖြစ်ပါတယ်။ ယနေ့မှာ ပထမဆုံးရက်ဖြစ်တဲ့အတွက် အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပြီး စက်ရုံတွေကို လိုက်လံစစ်ဆေးမှုစတင်ပါတယ်။ မနက်ဖြန်ဆိုရင်တော့ အဖွဲ့ ၆၀ ကျော်၊ ၇၀ လောက်အထိ ခွဲပြီး အစစ်ဆေးခံမယ့်စက်ရုံ၊ အလုပ်ရုံတွေကို သွားရောက်စစ်ဆေးပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက စက်ရုံ၊ အလုပ်ရုံတွေကို စစ်ဆေးပေးနေပြီး အခြား ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း စတင်လုပ်ဆောင်ဖို့ ပြင်ဆင်နေပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို မေ ၃၀ ရက်အထိ ပိတ်ထားသဖြင့် ကြိုတင်ပြင်ဆင်ချိန်ရရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှု အမိန့်ကြေညာစာကို မဖတ်မိသဖြင့် အလုပ်သွားရောက်ကြသူများနှင့် အလုပ်ဖွင့်ကြသူများ ရှိနေသေးသည်ကိုလည်း သိရှိရသည်။

"ထုတ်ပြန်ကြေညာချက်ကို မသိရှိလိုက်တဲ့ အလုပ်ရှင်တွေနဲ့ အလုပ်သမားတွေကို ဌာနတွေကလည်း ပြန်လည်ရှင်းပြနေတာ ရှိပါတယ်။ အားလုံးစနစ်တကျနဲ့ သတ်မှတ်ချက်တွေ လိုက်နာနိုင်ဖို့ ပြင်ဆင်ပြီးမှ ဖွင့်ကြဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

ဝန်ကြီးဌာနမှ စက်ရုံ၊ အလုပ်ရုံများကို စစ်ဆေးရန်အတွက် ဒုတိယဦးစီးမှူးအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ပါဝင်ဖွဲ့စည်းထားပြီး အဖွဲ့ငယ်များခွဲကာ စစ်ဆေးပေးမည်ဖြစ်ကာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီး၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးတို့ နှင့် ဦးဆောင်ဖွဲ့စည်းထားပြီး စစ်ဆေးပေးလျက်ရှိကြောင်း သိရှိရသည်။

"အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ဝန်ထမ်းတွေတင်မကဘဲ အခြားဌာနအသီးသီးက ဝန်ထမ်းတွေပါ ပူးပေါင်းဆောင်ရွက်ပြီး ဝန်ထမ်းလုံလောက်အောင် ဆောင်ရွက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့အတူ လက်တွဲစစ်ဆေးပေးသွားမှာဖြစ်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအနေဖြင့် ဝန်ထမ်းကြို/ပို့ကိစ္စရပ်များတွင် အလုပ်သမားများအား ကြို/ပို့ယာဉ်များ လုံလောက်အောင်စီစဉ်ထားရန်၊ ဝန်ထမ်းကြို/ပို့ ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များ ထားရှိပေးရန်တို့ ပါဝင်သည်။

လုပ်ငန်းခွင်ဝင်ပေါက်များတွင် အလုပ်တက်၊ အလုပ်ဆင်းချိန်များ၌ လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦးခြောက်ပေခွာ၍ အဝင်အထွက်ပြုလုပ်ရန်နှင့် အလုပ်ဌာနအလိုက် အလုပ်တက်ချိန်၊ အလုပ်ဆင်းချိန်များကို ခွဲခြားသတ်မှတ်ထားရန်၊ ကိုယ်အပူချိန် တိုင်းတာသည့်စက်များတပ်ဆင်ထားရန် သို့မဟုတ် တိုင်းတာပေးရန်၊ အလုပ်သမားများ အလုပ်တက်ရောက်ခြင်း ရှိ၊ မရှိ ဆန်းစစ်ရာ၌ စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ လက်ဗွေစနစ် အသုံးပြုခြင်းကို ရှောင်ရှားရန်နှင့် ကြီးကြပ်ရေးမှူးများ ထားရှိ၍ အလုပ်တက်ရောက်ခြင်း ရှိ မရှိ စစ်ဆေးကြီးကြပ်ရမည်ဟု စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် ဆောင်ရွက်ရမည့်အချက်များအရ သိရှိရသည်။

အလုပ်သမားများအတွက်နှာခေါင်းစည်းများ၊ လက်အိတ်များ အလုံအလောက်ထားရှိပေးရမည်ဖြစ်ပြီး လုပ်ငန်းခွင်သို့ လာရောက်သောအလုပ်သမားအရေအတွက်ကို နေ့စဉ်မှတ်တမ်းတင်ထားခြင်း၊ အလုပ်သမားများ၏ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်များကို လိုအပ်ပါက အချိန်မရွေးဆက်သွယ်နိုင်ရန် အဆင်သင့်ပြုစုထားခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်သည်။

လုပ်ငန်းခွင် ဝင်ပေါက်၊ ထွက်ပေါက်များနှင့် လုပ်ငန်းခွင်အတွင်း ထမင်းစားခန်း၊ နားနေခန်းတို့တွင် လက်ဆေးရမည့်နေရာများ ထားရှိခြင်းကို လုံလောက်စွာ စီစဉ်ပေးရန်လိုအပ်ပြီး လက်ဆေးရန် လိုအပ်သောပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ရေနှင့် လက်သန့်ဆေးရည်၊ တစ်ရှူးစက္ကူများကို အလုံအလောက်ထားရှိပေးရန်လည်း လိုအပ်ကြောင်း သိရှိရသည်။

ထို့ပြင် ဝန်ထမ်းများအတွက် စနစ်တကျ လက်ဆေးနည်းပိုစတာများ ကပ်ထားပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်အောင် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ခြင်းနှင့် အလုပ်သမားတစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာတွင် အလုပ်လုပ်နိုင်ရန်၊ နားနေနိုင်ရန် ၊ ထမင်းစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။

ပိုးသတ်သန့်စင်ခြင်းကိစ္စရပ်များအတွက် အလုပ်သမားများ နေ့စဉ်ထိတွေ့ကိုင်တွယ်သော နေရာများနှင့် ပစ္စည်းကိရိယာများအား စနစ်တကျပိုးသတ်သန့်စင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများ ခံစားနေရပြီး ဆေးကုသမှုခံယူနေရသော ဝန်ထမ်းများ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိထားသော အလုပ်သမားများ စာရင်းကို သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများမှတစ်ဆင့် အထက်အကြီးအကဲအဆင့်ဆင့်နှင့် ကျန်းမာရေးဌာနသို့ သတင်းပို့ရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် ဝန်ထမ်းမိသားစုများ ရောဂါဖြစ်ပွားသည်ဟု သံသယရှိသည်နှင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များအတွင်း ဆောင်ရွက်ထားရမည့် အချက်များတွင် ထည့်သွင်းထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များ၌ အလုပ်သမားများစွာရှိသည့် စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၄၀၀၀ နီးပါးရှိပြီး တစ်နိုင်ငံလုံးတွင် စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၇၀၀၀ ကျော်ခန့်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

### ထည့်ဝင်ကြေးပေးနိုင်ရန် ပြင်ဆင်လျက်ရှိ

လူမှုဖူလုံရေးအကျိုးဝင်သည့် အာမခံအလုပ်သမားများကို မေ ၂၀ ရက်မှ ၃၀ ရက်အတွင်း စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးကန့်သတ်ချက်စစ်ဆေးနေစဉ် ၁၁ ရက်ကာလကို ဥပဒေများနှင့်အညီ ထည့်ဝင်ကြေးနှုန်း၏ ၆၀ ရာခိုင်နှုန်းပေးအပ်နိုင်ရန်ပြင်ဆင်လျက်ရှိပြီး ငွေရေးကြေးရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန် စီစဉ်နေကြောင်းလည်း ဦးမျိုးအောင်က ပြောကြားသည်။

"လူမှုဖူလုံရေးဆိုတာက အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ငွေသာဖြစ်ပြီး ဝန်ကြီးဌာနအနေနဲ့ကတော့ ထိန်းသိမ်းထားပေးခြင်းသာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရှိတဲ့အလုပ်သမားအတွက် ထောက်ပံ့ပေးနိုင်ဖို့ အလျင်မြန်ဆုံးရရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

"အလုပ်ရှင်ရော၊ အလုပ်သမားရော အားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ရောဂါပိုးတွေ့ရှိပုံကလည်း အမျိုးမျိုးဖြစ်တဲ့အတွက် စက်ရုံထဲမှာကူးစက်နိုင်သလို အဆောင်နေစဉ်မှာလည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့် ထိန်းချုပ်လိုတဲ့အတွက် အခုလို သတ်မှတ်ဆောင်ရွက်တာကို ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ တိကျတဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဖို့ လိုပါတယ်။ သက်ဆိုင်ရာဌာနဆိုင်ရာတွေဆီမှာ စစ်ဆေးခံနိုင်ဖို့အတွက် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်ဖို့လိုပြီး ဒါမှသာ လျင်လျင်မြန်မြန် ပြန်လည်ဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်လို့ အလုပ်ရှင်တွေအားလုံးကိုရော၊ အလုပ်သမားတွေ အားလုံးကိုရော ပြောကြားလိုပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

# ကိုဗစ် – ၁၉ ရောဂါတုံ့ပြန်ရေးအတွက် မြန်မာနိုင်ငံသို့ ဒေါ်လာ သန်း ၅၀ ကမ္ဘာ့ဘဏ်ထုတ်ချေးမည်

**နေပြည်တော် မေ ၂၀**

ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀ အား မြန်မာနိုင်ငံအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ယနေ့နေ့စွဲဖြင့် ကမ္ဘာ့ဘဏ်မှ သတင်းထုတ်ပြန်ထားသည်။

ယင်းဘဏ္ဍာငွေသည် ကမ္ဘာ့ဘဏ်က ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်–၁၉ ရောဂါ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချမှတ်သည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းသိရပြီး ယင်းအကူအညီဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ် – ၁၉ ရောဂါကို ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သည့် လုပ်ငန်းများကို အားဖြည့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုမှတစ်ဆင့် ရောဂါပြန့်ပွားမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအား အကာအကွယ်များ ပိုမိုပေးအပ်နိုင်မည်ဖြစ်သည့်အပြင် ရောဂါကူးစက်ခံရသူများ၊ ရောဂါပြင်းထန်စွာခံစားရခြင်းမှ သက်သာစေရန်နှင့် သေဆုံးနှုန်းကို လျှော့ချနိုင်ရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၏ နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ မာရီယမ်ရှာမန်က ပြောကြားထားသည်။

အဓိကအားဖြင့် ရောဂါကုသပေးနေသည့် ဆေးရုံများ၏ အထူးကြပ်မတ်စောင့်ရှောက်မှုဌာနများကို အဆင့်မြှင့်တင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် ရပ်ရွာလူထုအား အသိပညာပေးခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်းတွင် အဓိကဆောင်ရွက်သွားနိုင်မည်ဟု သိရသည်။

စီမံကိန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဗဟိုအဆင့် ဆေးရုံ ရှစ်ရုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရှိ ဆေးရုံ ၄၃ရုံပါဝင်မည်ဖြစ်ပြီး လုပ်ငန်းများအား အပိုင်းလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အရေးပေါ်အလိုအပ်ဆုံးဒေသများ ဥပမာအားဖြင့် လူဦးရေ ထူထပ်သည့်ဒေသများ၊ ခရီးသွားလာသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးရှိသည့် ဒေသများကို ဦးစားပေးဆောင်ရွက်မည်ဟု အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယင်းစီမံကိန်းသည် ကမ္ဘာ့ဘဏ်က လက်ရှိဆောင်ရွက်နေသည့် အဓိက ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရေး စီမံကိန်းနှင့်အတူ ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပြီး လက်ရှိစီမံကိန်းသည် ၂၀၁၅ ခုနှစ်ကတည်းက ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးရှိ ပဏာမကျန်းမာရေးစောင့်ရှောက်မှုဌာန ၁၂၀၀ ကျော်အား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိလည်ပတ်နေသည့် စီမံကိန်းမှ ရန်ပုံငွေများအား ကိုဗစ် – ၁၉ ရောဂါတုံ့ပြန်ရေးအတွက် သုံးစွဲလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရောဂါစောင့်ကြည့်ရေးလုပ်ငန်းများနှင့် ရောဂါရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ သံသယလူနာများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ မှန်ကန်စွာဖော်ထုတ်နိုင်ရန်နှင့် တင်ပြဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းသားဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဖွဲ့များအပါအဝင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား လမ်းညွှန်ချက်များ ဖြန့်ဝေခြင်းနှင့် ရပ်ရွာအတွင်း သံသယလူနာစောင့်ကြည့်ခြင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အပြင် အများပြည်သူအတွက် သတင်းအချက်အလက်များ မျှဝေခြင်းလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးပေါ်ကာလအတွက် သတင်းပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စတင်အသုံးပြုလျက်ရှိကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ခင်ရတနာ

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုဗစ် - ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများအား ရန်ကုန်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် WHO ပိုင် UN တံဆိပ်ပါ မော်တော်ယာဉ်အား မင်းပြားမြို့နယ်၌ ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အရပ်သားဝန်ထမ်းနှစ်ဦး ဒဏ်ရာများရရှိ

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုဗစ် – ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများအား ရန်ကုန်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် WHO ပိုင် UN တံဆိပ်ပါ မော်တော်ယာဉ်အား ယနေ့တွင် မင်းပြားမြို့နယ်၌ ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အရပ်သား ဝန်ထမ်းနှစ်ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့တွင် လေကြောင်းခရီးစဉ်များ ရပ်နားထားသဖြင့် ကိုဗစ် – ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် စစ်တွေမြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာလာသည့် WHO ခန့် ဝန်ထမ်းအရပ်သား ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင် မောင်းနှင်ပြီး အရပ်သားဝန်ထမ်း ကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦး လိုက်ပါလာသည့် WHO မှ ဒေသဆိုင်ရာ ပိုလီယိုအရာရှိ၏ WHO ပိုင် UN (5/34) မော်တော်ယာဉ်အား မင်းပြားမြို့နယ် ရာမောင်တံတားအလွန် ရာမောင်ဇက်ဆိပ်အနီး၌ ညနေ ၅ နာရီခန့်တွင် ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း။

ထိုသို့ပစ်ခတ်မှုကြောင့် ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက်တင်ပါး ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် ယာဘက်တံတောင်ဆစ် စုတ်ပြတ်ဒဏ်ရာ တစ်ချက် ရရှိခဲ့ပြီး ကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦး၏ ယာဘက်လက်ဝါးစုတ်ပြတ်ဒဏ်ရာတစ်ချက် (လက်မပြတ်ခါနီး) ဒဏ်ရာများ ရရှိခဲ့သဖြင့် မင်းရွာကျေးလက်ကျန်းမာရေးဌာနမှတစ်ဆင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ WHO ပိုင်မော်တော်ယာဉ်မှာ ပစ်ခတ်ခံရသည့်နေရာ မြောင်းထဲ ကျကျန်ခဲ့သဖြင့် မေ ၂၁ ရက်တွင် သွားရောက်ယူဆောင်မည်ဖြစ်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးက Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ အလေးထားတိုက်ဖျက်ဆောင်ရွက်နေချိန်တွင် ULA/AA အကြမ်းဖက်အဖွဲ့က ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် သွားရောက်သည့် United Nation (UN) တံဆိပ်ပါ WHO မော်တော်ယာဉ်အား ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းမှာ လူသားမဆန်သည့် အကြမ်းဖက်လုပ်ရပ်သာဖြစ်ကြောင်း ဝေဖန်ထောက်ပြ ပြောဆိုနေကြသည်။

သတင်းစဉ်




အရပ်သားဝန်ထမ်းနှစ်ဦး ဆေးကုသမှုခံယူနေစဉ်။

## ဟိုင်းကြီးကျွန်းမြို့သို့ ထောက်ပံ့ပေးရန် ကျန်ရှိနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းတစ်မျိုး ထပ်မံရောက်ရှိ

ဟိုင်းကြီးကျွန်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ပေးအပ်ရန်ကျန်ရှိနေသည့် အခြေခံစားသောက်ကုန်ပစ္စည်း တစ်မျိုးဖြစ်သော ကြက်သွန်အိတ်များကို တင်ဆောင်လာသည့် မော်တော်ယာဉ်လေးစီးမှာ ယနေ့ နံနက်ပိုင်းက မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိလာခဲ့သည်။ **(အောက်ပုံ)**

ဟိုင်းကြီးကျွန်းမြို့၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို လက်ခံယူကြမည့် အိမ်ထောင်စုပေါင်း ၁၀၃၁၆ စု ရှိသည်။ ယနေ့အချိန်ထိ ဆန် ၃၄၃၈ အိတ်နှင့် ၁၆ ပြည်ကို ထောက်ပံ့ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ဆီ၊ ဆားနှင့် ပဲတို့ကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရသည်။ ထောက်ပံ့ရန်ကျန်ရှိနေသည့် ကြက်သွန်အိတ်များ ယနေ့နံနက်ပိုင်းတွင် ထပ်မံရောက်ရှိလာပြီဖြစ်၍ ကျေးရွာအုပ်စု ကိုးခုမှ အုပ်ချုပ်ရေးအဖွဲ့များ လာရောက်ထုတ်ယူလျက်ရှိကြောင်း ဟိုင်းကြီးကျွန်းမြို့ မြို့အုပ်ချုပ်ရေးမှူးရုံးက သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဝက်ဖို့ဒ်ကစားသမားများ လုပ်ခလစာလျှော့ယူမည်**

ပရီမီယာလိဂ်ကလပ် ဝက်ဖို့ဒ်ပထမအသင်း ကစားသမားများသည် လုပ်ခလစာလျှော့ယူမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဝက်ဖို့ဒ်အသင်းသည် ဆောက်သမ်တန်နှင့် ဝက်စ်ဟမ်းအသင်းတို့ပြီးနောက် လုပ်ခလစာလျှော့ယူသည့် တတိယမြောက် ပရီမီယာလိဂ်အသင်းလည်း ဖြစ်လာမည်ဖြစ်သည်။

**ဟယ်ရီကိန်းကို ဂျူဗင်တပ်စ်အသင်း ခေါ်ယူဖွယ်ရှိ**

အီတလီအခြေစိုက်သတင်းများအရ ဂျူဗင်တပ်စ်အသင်းသည် အသက် (၂၆ နှစ်)အရွယ်ရှိ စပါးအသင်းနှင့် အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်းကို ခေါ်ယူဖွယ်ရှိကြောင်း ဖော်ပြထားသည်။

**ကစားသမားခြောက်ဦးအထိ ရောင်းချသွားဖွယ်ရှိ**

ရီးရဲမက်ဒရစ်အသင်းသည် ဝေးလ်တောင်ပံကစားသမား ဂါးရက်ဘေးလ် (၃၀ နှစ်)၊ ကိုလံဘီယာကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ် (၂၈နှစ်) အပါအဝင် ပထမအသင်းမှ ကစားသမားခြောက်ဦးကို ရောင်းထုတ်သွားရန် စဉ်းစားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## တောင်ပံကစားသမား ရန်နိုင်ဦးကို ရန်ကုန်အသင်း နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

ရန်ကုန် မေ ၂၀

ရန်ကုန်ယူနိုက်တက်အသင်းသည် ရှမ်းယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ရန်နိုင်ဦးကို မေ ၂၀ ရက်တွင် နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

ရန်နိုင်ဦးနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ မတ် ၃၁ ရက်က ကုန်ဆုံးခဲ့ပြီး ရန်နိုင်ဦးသည် စာချုပ်သက်တမ်းမတိုးဘဲ အသင်းသစ်ရှာဖွေခဲ့ရာ သတင်းများထွက်ပေါ်နေသည့်အတိုင်း နာမည်ကြီး ရန်ကုန်အသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရန်နိုင်ဦးကို ၂၀၂၂ ခုနှစ်အထိရှိနေမည့် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အသင်းပြန်လည်လေ့ကျင့်ပါက စတင်ပူးပေါင်းမည်ဖြစ်သည်။ ရန်နိုင်ဦးသည် ၂၀၁၆ ရာသီဝက်တွင် ဇေယျာရွှေမြေအသင်းမှ ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး လေးနှစ်ကစားပြီးနောက် အသင်းသစ်တစ်သင်းသို့ ထပ်မံပြောင်းရွှေ့ခြင်းဖြစ်သည်။ ရန်နိုင်ဦးသည် ရှမ်းယူနိုက်တက်အသင်းတွင် အောင်မြင်မှုများရရှိခဲ့ပြီး အမှတ်ပေးချန်ပီယံဆုနှစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ်ရရှိခဲ့သည်။ ရန်နိုင်ဦးသည် မြန်မာ ယူ–၁၉ အသင်းနှင့်အတူ ထွက်ပေါ်လာသည့်ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအသင်း ပထမဆုံးဝင်ရောက် ကစားခွင့်ရသည့် ၂၀၁၅ ယူ–၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့သူလည်းဖြစ်သည်။

ကိုဗစ် – ၁၉ ကြောင့် ပြည်တွင်းပြိုင်ပွဲအားလုံး ရပ်နားထားသော်လည်း ရန်ကုန်အသင်းသည် ပြိုင်ပွဲပြန်လည်စတင်ပါက အဆင်သင့်ဖြစ်နေစေရန် ကစားသမားသစ် အင်အားဖြည့်တင်းခြင်းဖြစ်ပြီး လက်ရွေးစင်အဆင့် ပြည်တွင်းကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၈ မှ*

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆–၆–၂၀၁၈ ရက်နေ့မှ ၁၈–၄–၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၇၀) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၇၆)ဦး၊ မ(၂၇၀)ဦး၊ ပေါင်း(၁၆၄၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၉၃၄.၅၀၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၃၂၁၂၁)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ “မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန” အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

| | | |
|---|---|---|
| **ဆက်သွယ်ရန်** | – | |
| **အော်တိုတယ်လီဖုန်းနံပါတ်** | – | ၀၆၇–၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | – | ၀၆၇–၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | – | **antinarcotics @ presidentoffice.gov.mm** |

# ဖားကန့်မြို့နယ်၌ မြေစာပုံပြိုကျ၍ တစ်ဦး သေဆုံးပြီး သုံးဦးခန့် ပျောက်ဆုံးနေ

ဖားကန့် မေ ၂၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု တောင်ပြို ကျေးရွာအနီးရှိ ကျောက်မျက်ကုမ္ပဏီ၌ ယနေ့ နံနက်ပိုင်းက မြေစာပုံပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခန့်က ဖားကန့်မြို့နယ် အေးမြသာယာ အုပ်စု တောင်ပြိုကျေးရွာအနီးရှိ "ပိုင်ဖြိုးသီဟ" ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ လုပ်ကွက်တွင် အမြင့်ပေ ၃၀၀ ခန့်မှ အကျယ်ပေ ၁၀၀ ခန့်ရှိ မြေစာများပြိုကျခဲ့၍ ရေမဆေး ကျောက်ရှာဖွေသူ သုံးဦးခန့် မြေစာဖုံးလွှမ်းပျောက်ဆုံးကာ အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတူးဖော်ရရှိခဲ့သည်။



မြေစာပုံပြိုကျမှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

မြေစာဖုံးလွှမ်းပျောက်ဆုံးနေသူများကို ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်တူးဖော် ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# ဝေါမြို့နယ်၌ ယာဉ်တိမ်းမှောက် မီးလောင်မှုကြောင့် နှစ်ဦးသေဆုံး

ဝေါ မေ ၂၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရန်ကုန် - မော်လမြိုင် ကားလမ်း စစ်တောင်းတံတားသစ်ဘက်လမ်းပိုင်းတွင် မေ ၁၉ ရက် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က ယာဉ်တစ်စီးတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ကာ နှစ်ဦးသေဆုံးကြောင်း သိရသည်။

ညောင်ခါးရှည်ကျေးရွာမှ ဝေါမြို့ဘက်သို့ ယာဉ်မောင်း ကျော်စွာဦး ကန်တော်ရပ်ကွက် ဝေါမြို့နေသူ မောင်းနှင်လာသည့် ပါဂျဲရိုယာဉ် (လိုင်စင်စိစစ်ဆဲ)မှာ စစ်တောင်းတံတားသစ် လမ်းအပိုင်း မိုင်တိုင်အမှတ် (၀/၂ နှင့် ၀/၃) ကြားတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရလူနာများကို ယာဉ်အတွင်းမှ သယ်ထုတ်နေစဉ် လောင်စာဆီယိုစိမ့်မှုကြောင့် မီးလောင်မှုထပ်မံဖြစ်ပွားခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကျော်စွာဦးမှာ အတွင်းလူနာ(စိုးရိမ်ရ) ဒဏ်ရာနှင့် အရှေ့ဘက်ကမ်းရပ်ကွက်နေသူ မောင်ရဲရင့်အောင်တွင် ပွန်းပဲ့ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး အရှေ့ဘက်ကမ်းရပ်ကွက် ဝေါမြို့နေသူ ဒေါ်ဥမ္မာဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ အလားတူ ကန်တော်ရပ်ကွက်နေသူ ဦးစန်းညွန့်ဝင်း (စိုးရိမ်ရ) ဒဏ်ရာများရရှိသူမှာလည်း ပဲခူးဆေးရုံတွင် တက်ရောက်ကုသနေစဉ် သေဆုံးသွားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဝေါမြို့မရဲစခန်းက ယာဉ်မောင်း ကျော်စွာဦး ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မြတ်လင်း (ပြန်/ဆက်)

## မြန်မာ့ရုပ်မြင်သံကြား

၂၁ . ၄ . ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ တစ်နှစ်တာ (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)
- ၉:၁၅ - "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥာဏိသာရ၊ မဇ္ဈိမာရုံ၊ ပါရမီစာသင်တိုက်၊ ရေစကြို မြို့နယ်၊ မကွေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း"
- ၉:၄၀ - ရာဇဝင်ထဲက သမိုင်း အနုပညာ "သမိုင်းထဲမှ မကွရာ" (အပိုင်း-၆) (ကျောက်စာများ)
- ၁၂:၃၀ - "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု"

**ညပိုင်း**

- ၁၈:၃၀ - ရှန်းကန်လှုပ်ရှားဘဝများ "ထန်းတောဘဲဥလေး၏ နှလုံးသားသံစဉ်"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း- ၃၅) (၁)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) "ခုတော့သိပြီ မင်းကို ကိုယ်ချစ်သည်"
- တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# မုံရွာတွင် နှာခေါင်းစည်းတပ်ရန်ပြောဆိုသည့် ယာဉ်ထိန်းရဲအား ဓားဖြင့်ခုတ်သူကို အရေးယူ

မုံရွာ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ကိုဗစ် - ၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်ထိန်းတပ်ကြပ်ကြီးတစ်ဦး ဓားခုတ်ခံရကြောင်း သိရသည်။

ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က အမှတ်(၁၁၂) ယာဉ်ထိန်းတပ်ဖွဲ့စုမုံရွာမှ ရဲတပ်ကြပ်ကြီး ဝေလင်းသည် ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မုံရွာမြို့တွင်းသို့သွားမည့် ဆုံကုန်းကျေးရွာနေ အောင်ကျော်မြင့်ကို နှာခေါင်းစည်းတပ်ဆင်ရန် ပြောခဲ့ကြောင်း၊ ထိုသို့ပြောကြားသည်ကို မကျေနပ်၍ အောင်ကျော်မြင့်က နေအိမ်သို့ ပြန်သွားပြီးနောက် ဆိုင်ကယ်ဖြင့်ထပ်မံရောက်ရှိလာကာ ရဲတပ်ကြပ်ကြီး ဝေလင်းအား အရှည် သုံးပေခန့်ရှိ ဓားဖြင့်ခုတ်၍ ထွက်ပြေးသွားသဖြင့် မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်လှိုင်နှင့် အဖွဲ့က ဖမ်းဆီးပြီး ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

# ကျွန်းလှမြို့နယ် တင်းတိန်ရုံကျေးရွာတွင် ဓားထိုးမှုဖြစ်၊ သုံးဦးဒဏ်ရာရ

ကျွန်းလှ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျောင်းအင်းကျေးရွာ စာသင်ကျောင်းဝင်းအတွင်း မေ ၁၉ ရက် ည ၈ နာရီခွဲခန့်က ဓားထိုးမှုဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တရုတ်နိုင်ငံမှပြန်လာပြီး ကန့်သတ်စောင့်ကြည့်စစ်ဆေးမှု ခံယူနေသူ ကျော်ခိုင်အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းများကို လိုက်နာရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်စောနှင့် တာဝန်ရှိသူများက အသိပေးပြောကြားခဲ့ကြောင်း၊ ထိုသို့ ပြောကြားခြင်းကို ကျော်ခိုင်က မကျေနပ်၍ အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားဦးချွန်နှစ်ချောင်းဖြင့် ဝင်ရောက်ထိုးရာ ဦးမောင်ငြိမ်း၊ မူလတန်းပြဆရာမ ဒေါ်တင်တင်မြနှင့် ဦးခင်မောင်စောတို့တွင် ဒဏ်ရာများ ရရှိကြသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျောင်းအင်းကျေးရွာနေသူ ကျော်ခိုင် ကို ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)



# ကန့်ဘလူမြို့တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

ကန့်ဘလူ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ယနေ့ နံနက် ၈ နာရီ ၄၃ မိနစ်ခန့်က အမှတ်(၄)ရပ်ကွက်နေ ဒေါ်ခင်မြ နေအိမ်၌ မီးဖိုမီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ငွေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူတို့ကကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၅၃ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၉ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ လျှပ်စစ်မီတာတစ်လုံး ဆုံးရှုံးခဲ့သဖြင့် အဆိုပါအိမ်ပိုင်ရှင် ဒေါ်ခင်မြကို ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မြစ်ကြီးနားနှင့် မဘိမ်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် နယ်မြေ(၁၁) အိမ် အမှတ် (၄၅၂) ရှိ ကိုကိုအောင်(ခ) အောင်ကြီး၏ နေအိမ်ဆိုင်ခန်းကိုရှာဖွေရာ ၎င်းနှင့်အတူ ပေါက်စ၊ ဖြိုးဝေထွန်းတို့ကို တွေ့ရှိပြီး ၎င်းအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၅၄ ပြားနှင့် ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ဘဟဲကျေးရွာနေ နန်းငွေးအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မယ်စဲ့မြို့နယ်၌ လေပြင်းတိုက်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး

မယ်စဲ့ မေ ၂၀

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်မန်းကျေးရွာ၌ မေ ၁၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးနှင့် ကြက်သွန်ဖြူဂိုဒေါင်တစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် နမ့်မန်းကျေးရွာနေ ဦးကျော်သန်း၏ နေအိမ်ဝရန်တာ အမိုးလန်ပျက်စီးခြင်းနှင့် ဦးညေးရယ်၏ ကြက်သွန်ဖြူဂိုဒေါင်တစ်လုံး အမိုးလန်ပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

နေပြည်တော် မေ ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၅ စီး၊ သွင်းကုန် ၄၄၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၈ သန်းတန်ဖိုးရှိ YAMAHA VINO လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီးကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အသွားအလာပိတ်ဆို့ကန့်သတ်မှုများပြန်ဖွင့်ပေးရန် အချိန်သတ်မှတ်ချက်ကို အမေရိကန်ပြည်နယ်များအကြား ကွဲလွဲမှုများရှိ

နယူးယောက် မေ ၂၀

**အမေရိကန်နိုင်ငံ၏ အချို့သောပြည်နယ်များတွင် ပြည်သူများ၏အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကိုဖြေလျှော့ပေးရန် စီစဉ်လျက်ရှိပြီး အချို့သော ပြည်နယ်များတွင်မူ ပိတ်ဆို့ထားမှုများ ပြန်ဖွင့်ပေးရန် တွန့်ဆုတ်နေကြသည်။ ဖလော်ရီဒါပြည်နယ်တွင် ကမ်းခြေအချို့နှင့် ပန်းခြံများကို မေ ၁၉ ရက်က အချိန်ကန့်သတ်ချက်ဖြင့် ပြန်ဖွင့်ပေးခဲ့သည်။**

စီးပွားရေးလှုပ်ရှားမှုများ ပြန်လည်စတင်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ လမ်းညွှန်မှုများ ဖော်ပြပြီးနောက် ယခုလိုပြန်ဖွင့်ပေးခဲ့ခြင်း ဖြစ်သည်။ တက္ကဆက်ပြည်နယ်တွင်လည်း အများပြည်သူပန်းခြံများကို ပြန်ဖွင့်ပေးရန် စီစဉ်ခဲ့ပြီး ဗားမောင့်ပြည်နယ်တွင်မူ မေ ၂၀ ရက်မှစတင်ကာ အချို့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန် စီစဉ်လျက်ရှိသည်။ မေ ၁၉ ရက်တွင် နယူးယောက်၌ ကိုဗစ် - ၁၉ ကူးစက်ခံရမှုကြောင့်သေဆုံးသူ ၁၀၇ ဦးရှိခဲ့သည်။ နိုင်ငံရေးအရ ဖိအားပေးမှုများကို သတိကြီးစွာဖြင့် ဆောင်ရွက်သင့်သည်ဟု မေ ၂၀ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည်မစတင်မီ ဗဟိုအစိုးရ၏ အကူအညီဖြင့် ပြည်သူများကို ကိုဗစ် -၁၉ ရှိ မရှိစစ်ဆေးမှုများ ပိုမိုတိုးချဲ့လုပ်ဆောင်သင့်သည်ဟု ၎င်းက အလေးအနက်ထားပြောကြားခဲ့သည်။ လူမစုဝေးရဟူသော စည်းကမ်းချက်များ၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် စည်းကမ်းများကို မလိုက်နာသည့် လူများရှိနေသေးကြောင်း နယူးယောက် မြို့တော်ဝန်က ပြောကြားခဲ့သည်။ လူစုလူဝေးများပြုလုပ်နေသည့် ဓာတ်ပုံများကို အာဏာပိုင်များထံ ပေးပို့ကြရန်လည်း နယူးယောက်မြို့တော်ဝန်က တိုက်တွန်းထားသည်။

စည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင် ဒေါ်လာ ၅၀၀ ဒဏ်တပ်ရန်လည်း သတ်မှတ်ထားသည်။ အသက်များ မဆုံးရှုံးစေရေး လူအများနှင့် ရောနှောခြင်းမပြုဘဲ ခပ်ခွာခွာနေကြရန်လည်း မြို့တော်ဝန်က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



ကျန်းမာရေးစစ်ဆေးရေးစင်တာသို့ သွားရောက်သည့် နယူးယောက်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုကို မေ ၁၉ ရက်က တွေ့ရစဉ်။

## အီတလီနိုင်ငံတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို သင်္ဘောတစ်စင်းပေါ်တွင် ကန့်သတ်စောင့်ကြည့်ထားရှိမည်

**ရောမ မေ ၂၀**

အီတလီနိုင်ငံသည် ကမ်းရိုးတန်းတွင် ရပ်နားထားသည့် ကယ်ဆယ်ရေးသင်္ဘောပေါ်မှ ရွှေ့ပြောင်းနေထိုင်သူများကို အခြားသင်္ဘောပေါ်တွင် ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ပြုလုပ်သွားမည်ဟု သိရသည်။

၎င်းတို့သင်္ဘောပေါ်မှ မဆင်းမီ ကိုဗစ် -၁၉ ပျံ့နှံ့မှုမရှိစေရေး ယခုလိုလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

**သင်္ဘောပေါ်သို့ပြောင်းရွှေ့**

ကယ်ဆယ်ရေးသင်္ဘောပေါ်မှ ရွှေ့ပြောင်းနေထိုင်သူ ၁၅၀ ခန့်ကို မေ ၁၂ ရက်မှစတင်ကာ အစိုးရကစီစဉ်ပေးထားသည့်သင်္ဘောပေါ်သို့ပြောင်းရွှေ့ပေးခဲ့ပြီးအခြားသောသင်္ဘောပေါ်မှ ရွှေ့ပြောင်းနေထိုင်သူ ၃၄ ဦးကိုလည်း မေ ၁၉ ရက်က ယင်းသင်္ဘောပေါ်သို့ ပြောင်းရွှေ့ပေးခဲ့သည်။

**ဒုတိယမြောက်လူသေမှုအများဆုံး**

၎င်းတို့ အားလုံးကို အချိန်တစ်လကျော်ကြာ ကန့်သတ်စောင့်ကြည့်မှု ပြုသွားမည်ဖြစ်သည်။ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူမှာ ၃၂၀၀၀ ကျော်လွန်သွားပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယမြောက် လူသေမှုအများဆုံးပင် ဖြစ်သည်။

**ကူးစက်ခံရမှုရပ်တန့်ခဲ့ခြင်း မရှိ**

နိုင်ငံတစ်ဝန်းကူးစက်ခံရမှုနှုန်းမှာ ၁၈၀၀၀၀ နီးပါးရှိလာပြီ ဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့အရေးပေါ် အခြေအနေထုတ်ပြန်ခြင်းများကို တိုးမြှင့်လုပ်ဆောင်ထားသည်။

သို့သော် မြေထဲပင်လယ်ကိုဖြတ်ကာ အီတလီကိုဝင်ရောက်လာကြသည့်အာဖရိက ရွှေ့ပြောင်းနေထိုင်သူများတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုမှာ ရပ်တန့်သွားခဲ့ခြင်း မရှိပေ။

**ရပ်နားခွင့်မပေး**

ယခုလ အစောပိုင်းကလည်း ကိုဗစ် – ၁၉ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ရွှေ့ပြောင်းနေထိုင်သူများအား တင်ဆောင်လာသည့် သင်္ဘောများကို အီတလီဆိပ်ကမ်းများတွင် ကျောက်ချရပ်နားခွင့်မပေးခဲ့ပေ။

**အင်န်အိတ်ချ်ကေ**




အီတလီနိုင်ငံတွင် ကမ်းကပ်ရန် ငြင်းဆိုခံထားရသည့်သင်္ဘောကို တွေ့ရစဉ်။

## နီပေါနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကျဆင်း

**ခတ္တမန္ဒူ မေ ၂၀**

နီပေါနိုင်ငံ၏အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် ၂၀၁၉ ခုနှစ် ဇူလိုင်လလယ်မှစတင်သည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပထမကိုးလတာအတွက် ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ကိုဗစ် –၁၉ ကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေး ဆက်သွယ်မှုပြတ်တောက်သွားသည့်အတွက် ကျဆင်းရခြင်းဖြစ်သည်ဟု နီပေါအကောက်ခွန်ဌာနက ပြောသည်။

အပြည်ပြည်ဆိုင်ရာကုန်စည်စီးဆင်းမှုမှာ ကိုဗစ် –၁၉ ကြောင့် ထိခိုက်ခဲ့ရသည်။ နီပေါနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၁ ဦး ရှိသည်ဟု အတည်ပြုပြီးဖြစ်သည်။ နီပေါနိုင်ငံတွင် လေကြောင်းနှင့် ကုန်းကြောင်း သယ်ယူပို့ဆောင်ရေးစနစ်ကို ဆိုင်းငံ့ထားပြီး နိုင်ငံအနှံ့ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ထားသည်။

မတ် ၂၄ ရက်မှ စတင်ကာ အရေးကြီးသည့်လုပ်ငန်းများမှအပ အခြားသော စီးပွားရေးလုပ်ငန်းများကိုပိတ်ထားပြီး ယင်းအမိန့်သည် မေ ၂၇ ရက်အထိဟု သတ်မှတ်ထားကြောင်း သိရသည်။

အကောက်ခွန်ဌာန၏နောက်ဆုံးထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအရ နီပေါနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသည် ၆ ဒသမ ၁၉ ရာခိုင်နှုန်းကျဆင်းသွားပြီး သွင်းကုန်မှာလည်း ၇ ဒသမ ၄၅ ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရသည်။ ပို့ကုန်တိုးတက်မှုနှုန်းမှာ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်းရှိသည်။ ၂၀၂၀ ပြည့်နှစ်မေ လလယ်တွင် နီပေါနိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်ရေး စုစုပေါင်းမှာ နီပေါငွေကြေး ၁ ဒသမ ၀၆ ထရီလီယံတွင် ရပ်တည်နေသည်။ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ကျဆင်းသွားခြင်းဖြစ်သည်။ **ဆင်ဟွာ**

# နယူးဇီလန်တွင် အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကို ဖယ်ရှားရန်ရှိ

**ဝယ်လင်တန် မေ ၂၀**

နယူးဇီလန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကာကွယ်ရေးနှင့် ပတ်သက်ပြီး သတိပေးမှုအဆင့်များကို လျှော့ချရန် ပြင်ဆင်လျက်ရှိပြီး နောက်ထပ်တစ်ပတ်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

**အဆင့်သုံးအထိလျှော့ချသွားမည်**

တိုင်းပြည်အတွင်း ကိုဗစ် –၁၉ ကြောင့် သတိပေးမှုအဆင့် ၄ သတ်မှတ်ထားရာမှ မေ ၂၇ ရက်တွင် အဆင့် ၃ အထိ လျှော့ချသွားမည်ဟု နယူးဇီလန် ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က မေ ၂၀ ရက်တွင် ကြေညာခဲ့သည်။

**ကန့်သတ်မှုများ ပြုလုပ်ခဲ့**

နယူးဇီလန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ပျံ့နှံ့မှုမရှိဟု ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့ပြီးနောက် ဝန်ကြီးချုပ်က ယခုလိုဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။ နယူးဇီလန်နိုင်ငံသည် တစ်လကြာအပြင်းထန်ဆုံး အသွားအလာပိတ်ဆို့ ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ ပြည်သူများအနေဖြင့် နေအိမ်တွင်သာ ဆက်လက်နေထိုင်ရမည်ဖြစ်ပြီး ကျောင်းများ၊ အရေးမကြီးသည့် စီးပွားရေးလုပ်ငန်းများကို ဆက်လက်ပိတ်ထားရဦးမည်ဖြစ်သည်။

**ကျောင်းများ ပြန်ဖွင့်ပေးမည်**

ကိုဗစ် –၁၉ အတွက် သတိပေးမှု အဆင့်သတ်မှတ်ချက် ၃ ကို နှစ်ပတ်ကြာ ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး လူပေါင်း ၄၀၀၀၀၀ မှာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရမည် ဖြစ်ပြီး ကျောင်းများကိုပြန်ဖွင့်ပေးမည်ဖြစ်သည်။ လွန်ခဲ့ သည့် သီတင်းပတ်အတွင်း နယူးဇီလန်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု လျော့ကျလာခဲ့သည်။ တစ်တိုင်းပြည်လုံးအနှံ့ ကိုဗစ် –၁၉ ကူးစက်ခံရသူစုစုပေါင်းမှာ ၁၁၀၅ ဦးရှိပြီး ၁၂ ဦး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်

## ဖိလစ်ပိုင်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၆၄၅၉ ဦးရှိ

**မနီလာ မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ မေ ၂၀ ရက်တွင် ကိုဗစ် –၁၉ နောက်ထပ် ကူးစက်ခံရသူ ၂၀၀တိုးလာခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၆၄၅၉ ဦးအထိရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ လူနာ ၁၉ ဦး သေဆုံးခဲ့ရကြောင်းလည်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။

လူနာ ၄၁ ဦးပြန်လည်ကျန်းမာလာပြီး နေပြန်ကောင်းသူအရေအတွက်မှာ ၆၁၃ ဦး ရှိလာပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် မတ် ၁၆ ရက်မှစတင်ကာ နိုင်ငံမြောက်ပိုင်းဒေသများကို အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန် ကြိုးပမ်းခဲ့သည်။

ဖိလစ်ပိုင်တွင် ကိုဗစ်– ၁၉ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ဆရာဝန်နှင့်သူနာပြု စုစုပေါင်း ၈၀၀ နီးပါးရောဂါကူးစက်ခံခဲ့ရသည်။ ကျန်းမာရေးလုပ်သား ၂၂ ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ရသည်။ ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာကျွမ်းကျင်သူများကို အလေးတကြီး စုဆောင်းခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပြည်သူများကို ကိုဗစ်–၁၉ ရှိ၊ မရှိ စမ်းသပ်မှုများ တိုးမြှင့်လုပ်ဆောင်ပေးခဲ့သည်။

**ဆင်ဟွာ**

## ကနေဒါ၌ အမျိုးသားတစ်ဦးက လူ ၁၆ ဦးထက်မနည်းအား သေနတ်ဖြင့် ပစ်သတ်

**တိုရွန်တို ဧပြီ ၂၀**

ကနေဒါနိုင်ငံအရှေ့ပိုင်း၌ ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုတစ်ခုအတွင်း အမျိုးသားတစ်ဦးက ရဲအရာရှိတစ်ဦးအပါအဝင် လူ ၁၆ ဦးထက်မနည်းအား သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် အမျိုးသားတစ်ဦးက နိုဗာစကိုတီယာပြည်နယ်တစ်ဝန်းရှိ နေရာအချို့၌ သေနတ်ဖြင့် ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါအမျိုးသားသည် ရဲကားတစ်စီးနှင့်ဆင်တူသည့် မော်တော်ယာဉ်တစ်စီးကို မောင်းနှင်ခဲ့ကြောင်း သိရသည်။

အဆိုပါသေနတ်သမားမှာ အသက် ၅၁ နှစ်ရှိပြီဖြစ်ပြီး နိုဗာစကိုတီယာ ဒေသခံတစ်ဦးဖြစ်သည့် ဂါဘရီရယ်လ်ဝေါ့သ်မန် ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဖော်ပြသည်။ ဝေါ့သ်မန်ကို ဧပြီ ၁၉ ရက်နံနက်ပိုင်းတွင် ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်အနီး၌ ရဲတပ်ဖွဲ့က အသေပစ်ခတ် ဖမ်းဆီးခဲ့ရသည်။ သေနတ်ပစ်ခတ်မှုအတွင်း နောက်ထပ်သေဆုံးသူ ရှိ မရှိကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ သေနတ်သမားမှာ သွားဆေးခန်းတစ်ခုဖွင့်ထားသူဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုက သေနတ်ပစ်ခတ်မှုအတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲခံစားရကြောင်း ဧပြီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကနေဒါနိုင်ငံ၌ သေနတ်ပစ်ခတ်မှုထိန်းချုပ်ရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားပြီး နိုင်ငံအတွင်း သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားမှုနည်းကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အခင်းဖြစ်ပွားသည့် နေရာ၌ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

## တူရကီ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀၀၀ ကျော်လာ

**အန်ကာရာ ဧပြီ ၂၀**

တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ အရေအတွက်မှာ ဆက်လက်မြင့်တက်နေပြီး ဧပြီ၂၀ရက်တွင်နောက်ထပ်သေဆုံးသူ ၁၂၇ ဦးရှိကြောင်း ကြေညာခဲ့ရာ သေဆုံးသူအရေအတွက် စုစုပေါင်း ၂၀၁၇ ဦးအထိဖြစ်လာခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၉၇၇ ဦး ထပ်မံပေါ်ထွက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက တွစ်တာပေါ်တွင် ဖော်ပြခဲ့သည်။ လက်ရှိတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ၈၆၃၀၆ ဦးအထိ ဖြစ်လာခဲ့သည်။ တူရကီနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် အီရန်ပြီးလျှင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဖော်ပြသည့် ကိန်းဂဏန်းများအရ သိရသည်။


တူရကီနိုင်ငံ၌ ကပ်ရောဂါကျရောက်ပြီးနောက် မြို့တွင်း၌ ယာဉ်များအသွားအလာနည်းပါးသည့် အခြေအနေကို တွေ့ရစဉ်။

တူရကီ အာဏာပိုင်များက သံသယရှိလူနာ ၆၃၅၀၀၀ နီးပါးကို ဗိုင်းရပ်စ်စစ်ဆေးမှု လုပ်ဆောင်ခဲ့ပြီး လက်ရှိတွင် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသူ ၁၂၀၀၀ တို့မှာ ကျန်းမာရေးအခြေအနေ ပြန်ကောင်းမွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အစိုးရက စာသင်ကျောင်းများနှင့် တက္ကသိုလ်များ ပိတ်ထားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းများကို တားမြစ်ပိတ်ပင်ခြင်းအပါအဝင် အစီအမံအများအပြား ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၁၉ ရက်တွင် မြို့ပေါင်း ၃၁ ခုတို့၌ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးသွားလာမှုများကို ၁၅ ရက်ထက်မနည်း ကြာသည်အထိ အချိန်တိုးမြှင့်လိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## တရုတ်ဗဟိုဘဏ်က စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အတိုးနှုန်းလျှော့ချ

**ပေကျင်း ဧပြီ ၂၀**

တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှု၏ နောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် တရုတ် ဗဟိုဘဏ်က အတိုးနှုန်းကို ၀ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချပေးလိုက်ကြောင်း သိရသည်။

ဖော်ပြပါ အတိုးနှုန်းလျှော့ချမှုသည် အခက်အခဲ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို အကူအညီပေးရန် တရုတ်အာဏာပိုင်များက လုပ်ဆောင်ခဲ့သည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယခုလအတွက် ချေးငွေအတိုးနှုန်းမှာ ၃ ဒသမ ၈၅ ရာခိုင်နှုန်းဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ကြေညာခဲ့သည်။ ယင်းသို့ အတိုးနှုန်းလျှော့ချမှုသည် နှစ်လအတွင်း ပထမအကြိမ်လျှော့ချမှုဖြစ်သည်။


နှာခေါင်းစည်းတပ်ဆင်ထားသည့် ပြည်သူတစ်ဦး တရုတ်ဗဟိုဘဏ်ရှေ့ ဖြတ်လျှောက်နေစဉ်။

တရုတ်နိုင်ငံ၏စီးပွားရေးသည် ပြီးခဲ့သည့် ဇန်နဝါရီလမှ မတ်လအထိ အချိန်အတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး ယင်းပမာဏသည် ၁၉၉၂ ခုနှစ်ကတည်းက ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှုဖြစ်သည်။ ဗဟိုဘဏ်၏ အတိုးနှုန်းလျှော့ချမှုက အသေးစားကုမ္ပဏီများကို ဝင်ငွေရှာဖွေရန် ပိုမိုလွယ်ကူချောမွေ့လာစေမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### နှာခေါင်းစည်းအခုရေ သန်း ၂၀ တင်ဆောင်လာသည့် ကုန်ရထား တရုတ်နိုင်ငံမှ ရုရှားသို့ထွက်ခွာ

**နန်ကျင်း ဧပြီ ၂၀**

နှာခေါင်းစည်းအခုရေ သန်း ၂၀ တင်ဆောင်ထားသည့် တရုတ်- ဥရောပ ကုန်ရထားတစ်စင်းသည် ဧပြီ ၂၀ ရက်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း စူကျိုးမြို့မှ ထွက်ခွာလာပြီဖြစ်ပြီး ၁၂ ရက်အတွင်း မော်စကိုသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ဆိုင်နိုဖရမ်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ရုရှားတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် အကူအညီပေးသဘောတူ စာချုပ်အရ အကာအကွယ်နှာခေါင်းစည်းများကို တရုတ်-ဥရောပ ကုန်ရထားများဖြင့် ရုရှားသို့ မပို့ဆောင်မီ တရုတ်နိုင်ငံ စူကျိုးမြို့၌ ထုတ်လုပ်ပြင်ဆင်ခဲ့သည်။

ခွဲစိတ်ခန်းသုံး ခုတင်များနှင့် အခြားလိုအပ်သည့် ပစ္စည်းအချို့ကို လာမည့်လအကုန်တွင် ဥရောပသို့ ပို့ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း စူကျိုးနယူးစီးတီး ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီနှင့်အတူ ကုန်ရထားပို့ဆောင်မှုကို ကြီးကြပ်ဆောင်ရွက်နေသည့် အထွေထွေမန်နေဂျာ ကျန်ဖန်းက ပြောကြားခဲ့သည်။

စူကျိုး၌ ပြီးခဲ့သည့်မတ်လအတွင်း ကုန်ရထားများနှင့် ကုန်တင်ကားအရေအတွက်မှာ ၅၀ ရာခိုင်နှုန်းကျော်အထိ တိုးပွားလာခဲ့ကြောင်း သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

### ပေကျင်း၌ ကမ္ဘာလှည့်ခရီးသွားလာရောက်ရာ နေရာများ ၃၀ ရာခိုင်နှုန်းပြန်ဖွင့်

**ပေကျင်း ဧပြီ ၂၀**

တရုတ်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်အဟုန်လျော့ကျလာပြီဖြစ်ရာ ပေကျင်းမြို့၌ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေအတွင်းရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာ နေရာအားလုံးအနက် ၃၀ ဒသမ ၇ ရာခိုင်နှုန်းဖြစ်သည့် နေရာပေါင်း ၇၃ ခုကို ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

ပြန်လည်ဖွင့်လှစ်လိုက်သည့် နေရာများအားလုံးသည် ပြင်ပရှုခင်းသာ အပန်းဖြေစခန်းများဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားနေရာများကို ပြန်လည် ဖွင့်လှစ်ရေးအစီအစဉ်အနေဖြင့် ပေကျင်းမြို့ ယဉ်ကျေးမှုနှင့်ခရီးသွားလာမှုဆိုင်ရာ ဒေသန္တရအုပ်ချုပ်ရေး ဗျူရိုအဖွဲ့၏လိုအပ်ချက်အနေဖြင့် ပြန်လည် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အမိုးအကာအောက်တွင် ရှိသည့် ကမ္ဘာလှည့်ခရီးသွားလာ ရောက်ရာနေရာများအား ပြန်လည်ဖွင့်လှစ်မည့်အချိန်ကို ကြေညာရန် ရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

### အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သေဆုံး

**ဆရီနာဂါ ဧပြီ ၂၀**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဧပြီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားပုံမှာ အဆိုပါရဲတပ်ဖွဲ့ဝင်သည် ဧပြီ ၁၉ ရက်ညပိုင်းက အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသမြို့တော် ဆရီနာဂါ တောင်ဘက်မှ ၆၀ ကီလိုမီတာအကွာ အနန်နက်ဒေသ ဟီလာရှာဟာဘက်ကျေးရွာရှိ ၎င်း၏ နေအိမ်၌ ရှိနေစဉ် သေနတ်သမားတစ်စုက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်သမားများသည် သေနတ်ပစ်ခတ်မှုပြုလုပ်ပြီးနောက် အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးသွားခဲ့သည်။ သေနတ်ဖြင့်ပစ်ခတ်ခံခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်မှာ ဆေးရုံသို့အမြန်ဆုံးသွားရောက်ခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဥရောပမှာ ရပ်တန့်ထားတဲ့ ယန္တရားတွေ ပြန်လည်ပတ်ဖို့ ပြင်ဆင်နေမှုနဲ့အတူ ဗိုင်းရပ်စ်တိုက်ပွဲနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်

*ထွန်းသစ်စ*

**ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ကို အလူးအလဲခံနေရတဲ့ ဥရောပနိုင်ငံတွေဟာ သူတို့ရဲ့ ရပ်တန့်ထားရတဲ့ယန္တရားတွေကို တဖြည်းဖြည်းပြန်လည် လည်ပတ်ဖို့ စတင် ပြင်ဆင်နေကြသလို အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာတစ်ခုဖြစ်တဲ့ နယူးယောက်ဟာလည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးကာကွယ်ဖို့ ရှေ့တိုး လုပ်ဆောင်နေကြပါတယ်။ ယနေ့အချိန်မှာတော့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရတွေဟာ ကမ္ဘာ့လူဦးရေထက်ဝက်ကျော် ၄ ဒသမ ၅ ဘီလီယံ အလုံပိတ်ထားရှိမှုတွေနဲ့ အိမ်မှာအသွားအလာကန့်သတ်ထားရှိမှုတွေကို ဘယ်အချိန်မှာ ဘယ်လိုမျိုး ဖြေလျှော့ပေးရမလဲဆိုတာနဲ့ပတ်သက်ပြီး အဖြူအမည်းသဲသဲကွဲကွဲမဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံစဉ်းစားနေရသလို ကမ္ဘာ့စီးပွားရေးလည်း အကြီးအကျယ် ထိခိုက်ပျက်စီးနေပါတယ်။**

### အရေးကြီးစီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်

ဥရောပမှာ အားတက်စရာ တိုးတက်မှုလက္ခဏာတွေ တွေ့ရသလို အီတလီ၊ စပိန်၊ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတို့မှာ ကိုဗစ်-၁၉ နေ့စဉ်သေဆုံးမှုနှုန်း ကျဆင်းလာသလို ကူးစက်မှုနှုန်းလည်း နှေးကွေးလာပါတယ်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုပမာဏဟာ ၂ ဒသမ ၃ သန်းကျော်လာပြီဖြစ်သလို ဥရောပဟာ ကိုဗစ်-၁၉ ကူးစက်မှုတွေရဲ့ သုံးပုံပုံ နှစ်ပုံနီးပါး (၁၆၅၀၀၀ နီးပါး)လောက် ရှိခဲ့ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ခံရမှုနဲ့ သေဆုံးမှုအမြင့်ဆုံး ဖြစ်လာတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နယူးယောက် အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အရမ်းဆိုးရွားတဲ့အခြေအနေလို့ ပြောလိုက်သလို ဆူဆူပူပူအုံအုံကြွကြွလုပ်ရမယ့်အချိန်မဟုတ်ဘူးလို့ သတိပေးလိုက်ပါတယ်။

ကိုဗစ်-၁၉ တားဆီးကာကွယ်တဲ့နေရာမှာ သိသာထင်ရှားတဲ့ သက်သေသာဓကတွေအရ အလုံပိတ်ကန့်သတ်ခြင်းတွေ၊ ခပ်ခွာခွာနေထိုင်ခြင်းတွေဟာ ထိရောက်တဲ့နည်းလမ်းတွေ ဖြစ်ခဲ့ပါတယ်။ နိုင်ငံများစွာမှာ အသွားအလာလှုပ်ရှားမှုတွေကို လျှော့ချဖို့နဲ့ နိုင်ငံစီးပွားရေးအပေါ် ဖိအားသက်ရောက်မှုတွေကို လျှော့ချဖို့ ဒီလိုနည်းလမ်းတွေကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြပါတယ်။ ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ကိုခံစားနေရတဲ့ စပိန်နိုင်ငံမှာ နိုင်ငံလုံးဆိုင်ရာ အလုံပိတ် ကန့်သတ်မှုတွေကို ထပ်မံတိုးချဲ့လိုက်သော်လည်း ကလေးတွေ အပြင်ထွက်ခွင့်ကန့်သတ်ချက်ကိုတော့ ဖြေလျှော့ပေးထားပါတယ်။

ဆွစ်ဇာလန်၊ ဒိန်းမတ်နဲ့ ဖင်လန်နိုင်ငံတို့မှာ ဈေးဆိုင်တွေနဲ့ စာသင်ကျောင်းတွေကို ပြန်လည်ဖွင့်လှစ်နေကြပါပြီ။ ဂျာမနီနိုင်ငံမှာလည်း ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်ပြီလို့ ကြေညာလိုက်ပြီးတဲ့နောက်မှာ တချို့ဈေးဆိုင်တွေကို ဧပြီ ၂၀ ရက်မှာ ပြန်ဖွင့်ခွင့်ပြုလိုက်ပါပြီ။ တစ်ချိန်က ဥရောပရဲ့ ကိုဗစ်-၁၉ ဒဏ်ကို အဆိုးရွား ဆုံး ခံစားခဲ့ရတဲ့ အီတလီနိုင်ငံမှာလည်း ကန့်သတ်ချက်တွေကို ဖြေလျှော့ဖို့ စဉ်းစားနေပြီဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းရဲ့ ကိုဗစ်-၁၉ ကူးစက် ပြန့်ပွားမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရတဲ့ အီရန်နိုင်ငံမှာလည်း တကယ့်ကို ဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေရတဲ့ အရေးကြီးစီးပွားရေးလုပ်ငန်းတွေကို စနေနေ့က ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။

### ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရ

မျှော်လင့်ချက်ရောင်ခြည်ဖျော့တော့တော့နဲ့ အမေရိကန်နိုင်ငံကလည်း ပြန်လည်နိုးထလာပါပြီ။ တရုတ်နိုင်ငံ ဝူဟာန်မြို့ရဲ့ ဓာတ်ခွဲခန်းကနေပြီး ကိုဗစ်-၁၉ စတင်ကူးစက်ပြန့်ပွားကောင်းပြန့်ပွားနိုင်တယ်လို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ ပြောကြားချက်နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက ငြင်းခုံမှုတွေလုပ်နေပါတယ်။ အဆိုပါဓာတ်ခွဲခန်းက အဲဒီယူဆချက်ဟာ မဖြစ်နိုင်ဘူးလို့လည်း ငြင်းပယ်ထားပါတယ်။

စပိန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် ဧပြီ ၁၉ ရက်က အသစ်ထပ်မံသေဆုံးသူဦးရေဟာ ၄၁၀ ရှိခဲ့ရာ တစ်လနီးပါးအတွင်း တစ်နေ့တာသေဆုံးမှု အနည်းဆုံးဖြစ်ခဲ့ပါတယ်။ အဆိုပါကိန်းဂဏန်းဟာ မိမိတို့ကို မျှော်လင့်ချက်ရောင်ခြည်ပေးလိုက်သလိုပါပဲလို့ ကျန်းမာရေးဝန်ကြီးဌာန အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ဖာနန်ဒိုဆိုင်မွန်က ပြောလိုက်ပါတယ်။ အာဏာပိုင်တွေဟာ ကျန်းမာရေးစနစ်အပေါ် ဝန်ပိမှုကို သက်သာစေတဲ့ တချို့ယာယီအဆောက်အအုံ တည်ဆောက်ထားတာလေးတွေကိုလည်း စတင်ပိတ်လိုက်ပါပြီ။



အမေရိကန်ဆေးရုံသင်္ဘောပေါ်ရှိ အထူးကြပ်မတ်ကုသဆောင်တွင် ရေတပ်တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ လူနာများကို ကုသနေစဉ်။

“ပြင်သစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းတွေ၊ ဆေးရုံတက်ရောက်ကုသမှုနှုန်းတွေ ကျဆင်းလာပြီး နောက်မှာ ပြင်သစ်နိုင်ငံက တစ်လလောက် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ပိတ်ဆို့ပြီး အလုံပိတ်စနစ်ကျင့် သုံးလိုက်ခြင်းဟာ အကျိုးဖြစ်ထွန်းလာပြီလို့ ပြောလိုက်ပါ တယ်”

ပြင်သစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းတွေ၊ ဆေးရုံတက်ရောက်ကုသမှုနှုန်းတွေ ကျဆင်းလာပြီးနောက်မှာ ပြင်သစ်နိုင်ငံက တစ်လလောက် တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ပိတ်ဆို့ပြီး အလုံပိတ်စနစ်ကျင့်သုံးလိုက ်ခြင်းဟာ အကျိုးဖြစ်ထွန်းလာပြီလို့ ပြောလိုက်ပါတယ်။ ကျန်းမာရေးအကျပ်အတည်းက ရုန်းမထွက်နိုင်သေးသော်လည်း ကိုဗစ်-၁၉ ရင်ဆိုင်ကာကွယ်တဲ့နေရာမှာ အလားအလာကောင်းတွေ ရှိနေပြီလို့ ဝန်ကြီးချုပ် အက်ဒွက်ဖီးလစ်က ပြောကြားလိုက်ပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်နိုးထလာခဲ့သူ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အစိုးရဟာ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းအပေါ် အစောပိုင်း တုံ့ပြန်မှုနဲ့ သာမက အကာအကွယ်ပစ္စည်းကိရိယာတွေ အလုံအလောက်မရှိမှုနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

### တဖြည်းဖြည်းပြန်လည်အခြေအနေကောင်းလာ

အမေရိကန်ပြည်ထောင်စုဟာ တခြားဘယ်နိုင်ငံနဲ့မှ မတူဘဲ ကိုဗစ်-၁၉ ကူးစက်ခံရမှုနှုန်းအမြင့်ဆုံးဖြစ်ကာ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၅၉၀၀၀ ကျော်ရှိကာ သေဆုံးမှုနှုန်းဟာလည်း ၄၁၀၀၀ နီးပါးရှိလာပါပြီ။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု နယူးယောက်အုပ်ချုပ်ရေးမှူး ကူမိုကတော့ မိမိတို့အနေနဲ့ အမြင့်ဆုံးအရေအတွက်ကို ကျော်လွန်ခဲ့ပါပြီ။ အခုဆိုရင် တဖြည်းဖြည်း ပြန်လည် အခြေအနေကောင်းလာတော့မှာဖြစ်ပါတယ်လို့ ပြောကြား လိုက်ပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ မြို့တော်ဝန်အတော်များများဟာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရာမှာ ဗဟိုအစိုးရရဲ့အကူအညီရရေး ရက်အတော်ကြာ အငြင်းအခုံပြုလုပ်ပြီးနောက်မှာ ကူမိုက စိတ်ဆိုးတဲ့လေသံနဲ့ ဗဟိုအစိုးရနဲ့ ပြည်နယ်တွေရဲ့ ပူးပေါင်းအားထုတ်မှုဟာ အံ့သြဖွယ်ကောင်းလောက်အောင် ပြည့်စုံတယ်လို့ ထေ့တေ့တေ့နဲ့ပြောလိုက်ပါတယ်။ သို့သော်လည်း ဗဟိုအစိုးရရဲ့ ကူညီပံ့ပိုးမှုမရဘူးဆိုရင် ဘဏ္ဍာငွေမရှိတဲ့ ပြည်နယ်တွေဟာ ဆိုးရွားစွာ ခံစားရလိမ့်မယ်လို့ ကူမိုက သတိပေးပြောကြားလိုက်ပါတယ်။

### လမ်းထွက်ဆန္ဒဖော်ထုတ်မှုတွေပြုလုပ်

အမေရိကန်ပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူတွေဟာ အိမ်ထဲမှာနေထိုင်ရမယ်ဆိုတဲ့ စည်းကမ်းချက်တွေနဲ့ စိတ်ကသိကအောက်နဲ့ နေနေရတယ်လို့ ကူမိုက ဆက်ပြောပါတယ်။ တချို့သူတွေက လမ်းပေါ်ထွက်ဆန္ဒဖော်ထုတ်မှုတွေတောင် ပြုလုပ်ခဲ့ကြပါတယ်။

အလုံပိတ်ကန့်သတ်မှုတွေကိုဆန့်ကျင်တဲ့ ဆန္ဒဖော်ထုတ်မှုတွေဟာ ကော်လိုရာဒို၊ တက္ကဆက်၊ မယ်ရီလန်း၊ နယူးဟမ်းရှိုင်းယားနဲ့ အိုဟိုင်းယိုးပြည်နယ်တွေမှာ ဖြစ်ပွားခဲ့ပါတယ်။ လူအတော်များများဟာ အမေရိကန်အလံတွေကို ဝှေ့ယမ်းပြီး တချို့ကလည်း လက်နက်တွေ ယူဆောင်ခဲ့ကြပါတယ်။ တချို့သူတွေကလည်း ကားထဲမှာနေပြီး အကာအကွယ်နှာခေါင်းစည်းတွေ ဝတ်ဆင်ထားကြပါတယ်။ ဖလော်ရီဒါမှာ မြို့တော်ဝန် ရွန်ဒီဆန်သစ်က အရေးကြီးတဲ့ဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ကမ်းခြေ တချို့ကို ရွေးချယ်ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။

### စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်

ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေကပြောတဲ့ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်တဲ့ အလုံပိတ်ကန့်သတ်မှုတွေ၊ ဆန့်ကျင်တဲ့ဆန္ဒပြမှုတွေ ထောက်ခံတာတွေကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တစ်ယောက်ကတော့ ဒေါပွလျက်ရှိပါတယ်။ ဘရာဇီးနိုင်ငံမှာလည်း သမ္မတဂျာဘော်ဆိုနာရိုက ပြည်နယ်အစိုးရရဲ့ ထုတ်ပြန်ချက်ဖြစ်တဲ့ အိမ်မှာပဲနေရမယ်ဆိုတဲ့ အမိန့်ကို ဆန့်ကျင်တဲ့ဆန္ဒပြသူ ရာပေါင်းများစွာနဲ့လည်း တွေ့ဆုံခဲ့ပါသေးတယ်။ ဘရာဇီးနိုင်ငံဟာ လက်တင်အမေရိကမှာ ကိုဗစ်-၁၉ ကူးစက်ခံရမှုအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ ဧပြီ ၁၉ ရက် အေအက်ဖ်ပီရဲ့ စာရင်းတွေအရ ဘရာဇီးနိုင်ငံမှာ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၀၀၀ ကျော်လွန်ခဲ့သလို သေဆုံးသူပေါင်းဟာလည်း ၅၀၀၀ နားကပ်နေပြီလို့ သိရပါတယ်။ အခုဆိုရင် တချို့အခမ်းအနားပွဲတွေကို အိမ်မှာပဲ ကိုယ့်ဟာကိုယ် ကျင်းပကြသလို အွန်လိုင်းနဲ့ ရုပ်မြင်သံကြားတွေမှာလည်း ကျင်းပပေးလျက်ရှိပါတယ်။

ဩစတြေးလျနိုင်ငံဟာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းနဲ့ပတ်သက်ပြီး အဲဒီကိစ္စကို ကိုင်တွယ်နေတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ တရုတ်ရဲ့ အရေးယူ ဆောင်ရွက်မှုတွေအပါအဝင် ကမ္ဘာလုံးဆိုင်ရာတုံ့ပြန်ဆောင်ရွက်မှုအပေါ် လွတ်လပ်တဲ့စုံစမ်းစစ်ဆေးမှု ပြုလုပ်ဖို့ တောင်းဆိုလိုက်ပါတယ်။ အဲဒီကပ်ရောဂါဟာ ကမ္ဘာ့စီးပွားရေးကို များစွာဆိုးကျိုးတွေ သက်ရောက်စေခဲ့ပါတယ်။ ။

**အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### နိုင်ဂျီးရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ပထမဆုံး သေဆုံးသူရှိလာ

**ဘော်နို ဧပြီ ၂၀**

နယ်စည်းမခြားဆရာဝန်အဖွဲ့မှ ဆေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကြောင့်သေဆုံးပြီးနောက် နိုင်ဂျီးရီးယားနိုင်ငံ၏ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ရာ နိုင်ငံအရှေ့မြောက်ပိုင်းတွင် ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာတွေ့ရှိ ကြောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။ အဆိုပါဒေသသည် ဘိုကိုဟာရမ်သောင်းကျန်းသူများကြောင့် ဆယ်စုနှစ်တစ်စုကြာ ပျက်စီးခဲ့သည်။

ကယ်ဆယ်ရေးဝန်ထမ်းများက ကိုဗစ်-၁၉ သည် ထောင်သောင်းမကသော ရွှေ့ပြောင်းအခြေချနေထိုင်သူများ နေထိုင်ရာ စခန်းများအတွင်း ကူးစက်ပျံ့နှံ့ဖြစ်ပွားလာမည်ကို စိုးရိမ်လျက်ရှိသည်။ နိုင်ဂျီးရီးယား ရောဂါထိန်းချုပ်ရေး ဌာနက အကြမ်းဖက်မှုများစတင်ဖြစ်ပွားရာ ဘော်နိုပြည်နယ်တွင် ပထမဆုံး ကိုဗစ်-၁၉ အတည်ပြုလူနာ တွေ့ရှိခဲ့ကြောင်း တွစ်တာပေါ်တွင် ပြောကြားခဲ့သည်။ နယ်စည်းမခြားဆရာဝန်များအဖွဲ့ (အမ်အက်စ်အက်ဖ်)က ၎င်း၏ ဝန်ထမ်းတစ်ဦးမှာ ဧပြီ ၈ ရက်က ပြည်နယ်မြို့တော် မိုင်ဒူဂူရီတွင် သေဆုံးခဲ့ကြောင်းနှင့် ကနဦးစစ်ဆေးမှုများအရ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

### ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ် ကာကွယ်ဆေးထိုးခြင်းကို ငြင်းဆို

**ဘဲလ်ဂရိတ် ဧပြီ ၂၀**

တင်းနစ်အားကစားသမားများအနေဖြင့် ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်ရန် ခရီးသွားလာမှုများပြုလုပ်ရာတွင် ကာကွယ်ဆေးထိုးရန် လိုအပ်လာမည်ဆိုပါက ဂျိုကိုဗစ်က သူ့အနေဖြင့် ငြင်းဆန်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တစ်သီးပုဂ္ဂလအမြင်နှင့် ပြောရမည်ဆိုလျှင် မိမိအနေဖြင့် ကာကွယ်ဆေးထိုးခြင်းကို ငြင်းဆန်မည်ဖြစ်ကြောင်း၊ တစ်စုံတစ်ဦးက မိမိကို ပြိုင်ပွဲများသွားရောက်ယှဉ်ပြိုင်နိုင်ရေး ဖိအားပေး ကာကွယ်ဆေးထိုးပေးခြင်းမျိုးကိုလည်း မလိုလားကြောင်း ကမ္ဘာ့နံပါတ်တစ် တင်းနစ်အကျော်အမော်က ပြောကြားလိုက်သည်။

စပိန်၌ မိသားစုနှင့်အတူ နေအိမ်ကန့်သတ်ချက်ဖြင့် နေထိုင်နေရသော ဆားဘီးယားတင်းနစ် အကျော်အမော်က အီစတာပွဲအတွက် ဖေ့စ်ဘွတ်ပေါ်၌ ပြုလုပ်သော တွေ့ဆုံပွဲတွင် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မိမိတို့ကစားသမားများသည် ခရီးသွားလာရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စသည် ပထမဆုံးစိန်ခေါ်မှုဖြစ်မည်ထင်ကြောင်း ၎င်းကပြောကြားလိုက်သည်။ လတ်တလောတွင် အဆိုပါကိစ္စသည် မိမိ၏ဆုံးဖြတ်ချက်သာဖြစ်ကြောင်း၊ ပြောင်းလဲမလား မပြောင်းလဲဘူးလားဆိုသည်ကို မပြောနိုင်သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သည် (၁၉-၄-၂၀၂၀) ရက်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့လာသော COVID-19 ရောဂါစောင့်ကြည့်လူနာနှင့် အသွားအလာကန့်သတ်ခြင်း/ တားမြစ်ခြင်း ဆောင်ရွက်ထားရှိသူ စုစုပေါင်း (၃၆၉)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါ ဓာတ်ခွဲနမူနာများတွင် ပထမအသုတ်စစ်ဆေးခဲ့သော (၁၈၈) ဦးအနက် (၁) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုးတွေ့ရှိကြောင်းနှင့် ကျန် (၁၈၇) ဦး၏ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုးမတွေ့ရှိရကြောင်းကို (၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီသတင်းတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၁၉-၄-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီအချိန် ထုတ်ပြန်ချက်အရ ဒုတိယအသုတ်စစ်ဆေးခဲ့သော ကျန်ရှိသည့် (၁၈၁) ဦး၏ ဓာတ်ခွဲနမူနာများအနက် (၃) ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ၍ (၁၇၈)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါပိုး မတွေ့ရှိပါ။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲနမူနာရယူစစ်ဆေးခဲ့သူ စုစုပေါင်း (၄,၅၁၇) ဦးရှိပြီး COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၁၁) ဦးနှင့် COVID-19 ရောဂါပိုးမတွေ့ရှိသူ (၄,၄၀၆)ဦး ရှိပြီဖြစ်ပါသည်။

၅။ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၃)ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုပေးလျက်ရှိပြီး ကျန်လူနာများ၏ အခြေအနေများမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးမှ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၀-၄-၂၀၂၀) ရက်နေ့၊ (ပထမအသုတ်) စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၁) ခုအနက် (၆) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ပြီး ကျန် (၁၇၅) ခုတွင် COVID-19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ပါ။

၂။ အဆိုပါ လူနာသစ် (၆) ဦးကို သက်ဆိုင်ရာဆေးရုံများသို့လွှဲပြောင်း၍ သီးခြားထားရှိကုသမှုပေးသွားမည် ဖြစ်ပါသည်။

၃။ ယနေ့ ည (၈:၀၀)နာရီ အထိ မြန်မာနိုင်ငံတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၁၇) ဦးရှိပြီ ဖြစ်ပါသည်။

၄။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၉)ဦး ရှိလာခဲ့ပြီး ၎င်းတို့အနက် (၄)ဦးအား ယနေ့ (၂၀-၄-၂၀၂၀)ရက်နေ့တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ဆေးရုံဆင်းသူ စုစုပေါင်း (၆)ဦး (Case-003၊ Case-004၊ Case- 007၊ Case-009၊ Case-021၊ Case-015) ရှိပြီဖြစ်ပါသည်။ သို့သော်လည်း ၎င်းတို့အား သတ်မှတ်ရက်ပြည့်သည်အထိ အသွားအလာ ဆက်လက်ကန့်သတ်ထားပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂)ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုပေးလျက်ရှိပြီး ကျန်လူနာအားလုံး၏ ကျန်းမာရေး အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၄-၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၁၈၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၆) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၇၅) ဦး |

ဇယား -၁

**(၂၀-၄-၂၀၂၀ ရက်နေ့ ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိမှု**

**(၂၀-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 112 | ၂၉ နှစ် | မ | တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ် (quarantine) ထားသူများဖြစ်ပါသည်။ |
| 113 | ၆၅ နှစ် | မ | တီးတိန်မြို့နယ်၊ ချင်းပြည်နယ် | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | တွေ့ရှိ | |
| 114 | ၅၂ နှစ် | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | တွေ့ရှိ | |
| 115 | ၁၉ နှစ် | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | တွေ့ရှိ | |
| 116 | ၁၇ နှစ် | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | တွေ့ရှိ | |
| 117 | ၁၀ နှစ် | မ | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ရှိ | မရှိပါ။ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | တွေ့ရှိ | |

- ကျန် (၁၇၅) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID-19 ရောဂါ ပိုးမတွေ့ရှိ (မတွေ့ရှိ) ပါ။

# တရုတ်နိုင်ငံ လုံချမ်ခရိုင်မှ မြန်မာနိုင်ငံသို့ ငါးရက်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၁၈၇၄ ဦး ရှိပြီဖြစ်

လွယ်ဂျယ် မေ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လုံချမ်ခရိုင်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများကို မေ ၁၆ ရက်မှ စတင်လက်ခံဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နေရပ်ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား စုစုပေါင်း ၁၈၇၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မေ ၂၀ ရက်အထိ နေရပ်ပြန်လာသူ မြစ်ကြီးနားမြို့နယ်တွင် လေးဦး၊ ဝိုင်းမော်မြို့နယ်တွင် နှစ်ဦး၊ မိုးကောင်း မြို့နယ်တွင် ၁၄ ဦး၊ မိုးညှင်းမြို့နယ်တွင် ငါးဦးနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်တွင် ၂၇ ဦး၊ မိုးမောက်မြို့နယ်တွင် ၇၈ ဦး၊ ရွှေကူမြို့နယ်တွင် ၁၁ ဦး၊ မန်စီမြို့နယ်တွင် ၂၇ ဦးရှိရာ ၎င်းတို့ကို ယာဉ်ငယ် ၁၈ စီးဖြင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ နေရပ်ပြန်များကို မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာရှိ စုရပ်စခန်းသို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်သို့ နေရပ်ပြန်များကို မြစ်ကြီးနား စီတာပူ ကုန်ချစခန်းစုရပ်သို့ လည်းကောင်း ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လွယ်ဂျယ်မြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၁၈၁ ဦးတို့ကို ၂၁ ရက် ကန့်သတ်စောင့်ကြည့်ရန်ထားရှိပြီး လိုအပ်သည့်အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။ တရုတ်နိုင်ငံမှ ဝင်ရောက်လာသူများကို ကျန်းမာရေးစစ်ဆေးမှုအရ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သံသယရောဂါလက္ခဏာပြသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ပြန်/ဆက်)**



တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်နေစဉ်။

# ဖလမ်း၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

ဖလမ်း မေ ၂၀

ဖလမ်းမြို့ အမှတ် (၁၀၃)ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရေး ယနေ့ နံနက် ၈ နာရီခွဲက ဖလမ်းမြို့ ထီးရိပ်လမ်းဆုံ၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖလမ်းမြို့ အမှတ် (၁၀၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်စည်သူဆွေဦးဆောင်သော တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေး ဖလမ်းမြို့ လမ်းဆုံ ထီးရိပ်ရှေ့တွင် သွားလာနေကြသည့် ပြည်သူများကို နှာခေါင်းစည်း အခု ၁၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဥျန်(ပြန်/ဆက်)**

# ကချင်ပြည်နယ် လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများကို ဗန်းမော်ဆိပ်ကမ်းမှ ပြဒါးရှင်သင်္ဘောဖြင့် ပို့ဆောင်

**ဗန်းမော် မေ ၂၀**

ကချင်ပြည်နယ် လွယ်ဂျယ်စစ်ဆေးရေးဂိတ်မှ ဝင်ရောက်လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများကို ယနေ့နံနက်ပိုင်းတွင် ဗန်းမော်ဆိပ်ကမ်းမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ပြဒါးရှင်သင်္ဘောဖြင့် ပို့ဆောင်ပေးကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများကို မေ ၁၆ ရက်မှစတင်ကာ လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်တွင် လက်ခံခဲ့ပြီး ဗန်းမော်ခရိုင်အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဗန်းမော်မြို့နယ် မန်နေဂျာ ဦးသိန်းလွင်က "ကသာမှာ ၁၁၉ ဦး ဆင်းပါမယ်၊ အမျိုးသား ၉၄ ဦး၊ အမျိုးသမီး ၂၅ ဦး ပါ၊ ကသာ၊ ကောလင်း၊ အင်းတော်၊ ဗန်းမောက်၊ ကန့်ဘလူမြို့နယ်က နေရပ်ပြန်တွေပါ။ ကသာဆိပ်ကမ်းမှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအမံနဲ့ သက်ဆိုင်ရာ မြို့အုပ်ချုပ်ရေးအဖွဲ့တွေက မော်တော်ယာဉ်တွေနဲ့ လာကြိုနေကြမှာပါ။ ထီးချိုင့်ဆိပ်ကမ်းမှာ ကိုးဦး ဆင်းပါမယ်၊ အမျိုးသားခြောက်ဦး၊ အမျိုးသမီးသုံးဦးပါ၊ အဲဒီမှာ ကျွန်းလှနဲ့ ထီးချိုင့်မြို့နယ်က နေရပ်ပြန်တွေ ဖြစ်ပါတယ်။ ကျောက်မြောင်းဆိပ်ကမ်းမှာတော့ ၁၆ ဦး ဆင်းပါမယ်၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးလေးဦးပါ၊ ရွှေဘိုကတစ်ဦး၊ တန့်ဆည်က ၁၂ ဦး၊ ယင်းမာပင်ခရိုင် ပုလဲကတစ်ဦးနဲ့ မုံရွာက နှစ်ဦး ပါဝင်ပါတယ်။ ခရီးစဉ်အဆုံးဖြစ်တဲ့ မန္တလေးဆိပ်ကမ်းမှာ ရှစ်ဦးဆင်းပါမယ်။ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးတစ်ဦးပါ၊ ခရီးစဉ်အစအဆုံး အစစအရာရာ အဆင်ပြေအောင် သက်ဆိုင်ရာ ဆိပ်ကမ်းတွေမှာ လာကြိုနေကြမယ့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေထံ စနစ်တကျ လွှဲပြောင်းပေးအပ်ဖို့ ကျွန်တော်တို့ အဖွဲ့က တာဝန်ယူဆောင်ရွက်ပေးကြမှာပါ" ဟု ရှင်းလင်း ပြောကြားသည်။

ထပ်မံရောက်ရှိလာမည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မောင်မောင်မျိုး**



# ပလိပ်မြို့တွင် အလိုအလျောက်ပိုးသတ်ဆေးဖျန်းစက်အခန်းမှ ဖြတ်သန်း၍ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် အစီအစဉ် စတင်ဆောင်ရွက်

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပလိပ်မြို့ရှိ ပလိပ်စည်ပင်သာယာဈေးအတွင်းသို့ ယနေ့မှစတင်၍ ဈေးရောင်းချသူများနှင့် ဝယ်သူများအား အလိုအလျောက် ပိုးသတ်ဆေးဖျန်းစက်အတွင်း ဖြတ်သန်းပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းစက်ကို Covid Killer Group(Paleik) မှ စီစဉ်လှူဒါန်းထားခြင်းဖြစ်ပြီး ယခုအစီအစဉ်အား စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း Covid Killer Group(Paleik)မှ အတွင်းရေးမှူး ကိုရဲနွေ့က ပြောသည်။




" ဒီနေ့ကစပြီး ကျွန်တော်တို့ ဈေးအတွင်းကို နှာခေါင်းစည်း မတပ်ထားရင် ဝင်ခွင့်မပြုတော့သလို အလိုအလျောက် ပိုးသတ်ဆေးဖျန်းစက်အတွင်းကိုဖြတ်ပြီးမှ ဝင်ခွင့်ပြုတဲ့ အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ဦးရွှေရိုး၊ ဒေါ်မိုးဝတ်စုံဝတ်ဆင်၍ ဈေးရောင်းချသူတွေကို နှာခေါင်းစည်းတွေ ဝေငှပေးပြီး ဈေးကို ကလေးငယ်တွေ ခေါ်လာရင် ပြန်ထားခိုင်းတဲ့ အစီအစဉ် တွေကို ဆောင်ရွက်ကြပါတယ် " ဟု ၎င်းက ပြောသည်။

ပလိပ်မြို့တွင် မတ် ၂၇ ရက်မှ စတင်ကာ Covid Killer Group (Paleik)ကို ဖွဲ့စည်းခဲ့ပြီး ကိုဗစ်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် အသိပညာပေးခြင်း၊ နှာခေါင်းစည်း ဝေငှခြင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို သက်ဆိုင်အုပ်ချုပ်ရေး၊ ကျန်းမာရေးဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ကိုယ်ပူ ၊ ဖျားနာ ဆေးကုခန်း ဖွင့်လှစ်ကုသပေး

**ကျိုက်ထို မေ ၂၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံ လူနာစောင့်နားနေဆောင်အောက်ထပ်၌ မေ ၂၀ ရက်က Fever Clinic ကိုယ်ပူဖျားနာဆေးကုခန်းကို ဖွင့်လှစ်ခဲ့သည်။

ယင်းသို့ဖွင့်လှစ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာနှင့် ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆရာဝန်များအသင်းဝင် ဆရာဝန်၊ ဆရာမများနှင့် အလှူရှင်များ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ပြည်သူများ ကိုယ်ပူခြင်း၊ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့်အထွေထွေရောဂါဝေဒနာခံစားရသူများ လာရောက် ကုသ/ ပြသနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကာ ဝေဒနာရှင်များကို နေ့စဉ် နံနက် ၈နာရီမှ နံနက် ၁၁ နာရီအထိ ကုသပေးသွားမည့်အပြင် ဆေးခန်းပြင်ပချိန်တွင်လည်း လူနာများအနေဖြင့် ရောဂါနှင့် ပတ်သက်၍ ဆွေးနွေးလိုပါက ဆက်သွယ် မေးမြန်းနိုင်ရန် ဆရာဝန်အမည်နှင့် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# လှိုင်ကော်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေး

**လှိုင်ကော် မေ ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ်အဆင့် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးမှူး၍ ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်ကလည်း မြို့တွင်း လူသွားလူလာများသောနေရာများ၌ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းနေဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ လှိုင်ကော်မြို့တွင်း လူသွားလူလာများသည့် သီရိမင်္ဂလာဈေးရှေ့၊ နာရီစင်ရှေ့၊ မိုင်းလုံးမီးပွိုင့် စသည့် နေရာများ၌ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကာ ကယားပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် အမိန့်ကြေညာချက်များနှင့် မြို့နယ်မှထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များကို လိုက်နာကြရန် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြသည်။

**ထွန်းလေး (ပြန်/ဆက်)**

# ရိုခေါဒါရ်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေးမှုများကို နေ့စဉ် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နေ

**ရိုခေါဒါရ် မေ ၂၀**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့၌ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ပိုမိုသတိပြု အလေးထားနိုင်ရေး ရည်ရွယ်ချက်ဖြင့် အသိပညာပေး လှည့်လည်ဆော်ဩခြင်းနှင့် ရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုများကို ရိုခေါဒါရ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ စီစဉ်မှုဖြင့် နေ့စဉ် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသိပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရပ်ကွက်လူငယ်အဖွဲ့ ပူးပေါင်းပြီး ရပ်ကွက်များအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု နောက်ဆုံး အခြေအနေ ထုတ်ပြန်မှုများ၊ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ သိရှိလိုက်နာရမည့်အချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့် ဒေသတွင်းရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့၏ ပြည်သူများထံ အသိပေးနှိုးဆော် ပန်ကြားချက်များကို အသိပေးကြေညာလျက်ရှိသည်။

ထို့အပြင် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေလူငယ်များပူးပေါင်း၍ မြို့အဝင်အထွက်နေရာများ၌ လူဝင်ထွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း၊ ရောဂါသံသယရှိသူများအား ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမည့်နေရာများ စီစဉ်ပြင်ဆင်ခြင်း၊ ပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပိုမိုစုဆောင်းရရှိနိုင်ရေး စီမံခြင်းတို့ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လူငါးဦးထက်ပို၍ စုဝေးခြင်းမပြုရေး အသိပညာပေးခြင်းတို့ကိုလည်း နေ့စဉ်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရိုခေါဒါရ်မြို့၌ ပြည်ပနိုင်ငံမှ ပြန်လာသူ လူငယ်အမျိုးသား ခြောက်ဦးရှိရာ ၎င်းတို့အား အထက(ခွဲ)ကျောင်း၌ သီးသန့်ထားရှိပြီး ကျန်းမာရေးဌာနက ၎င်းတို့အား ကျန်းမာရေးအခြေအနေ စစ်ဆေးမှုများ နေ့စဉ် ပြုလုပ်ပေးလျက်ရှိကာ လက်ရှိအချိန်အထိ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

**ဟားခါး မေ ၂၀**

ချင်းပြည်နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း အသုံးပြုနိုင်ရန် Dr.SaSa ဦးဆောင်သော Health and Hope(မြန်မာ)မှ ချင်းပြည်နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ ဆေးနှင့် ဆေးပစ္စည်းများ၊ ပညာပေးလက်ကမ်းစာစောင်နှင့် ပိုစတာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ချင်းပြည်နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေး ပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် လက်ခံရယူသည်။



ရှေးဦးစွာ Dr.SaSa ဦးဆောင်သော Health and Hope(မြန်မာ)ကိုယ်စား Dr.Sakie,DCEO, HHM က ချင်းပြည်နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ချင်းပြည်နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများ အပါအဝင် ဆေးရုံများအတွက် ဆေးနှင့် ဆေးပစ္စည်းအမျိုးပေါင်း ၁၈ မျိုးနှင့် ကျေးရွာပေါင်း ၁၄၀ အတွက် ဆေးနှင့် ဆေးပစ္စည်းအမျိုးပေါင်း ၂၈ မျိုး၊ ချင်းတိုင်းရင်းသားဘာသာ၊ မြန်မာဘာသာတို့ဖြင့်ပုံနှိပ်ထားသည့် ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကာလအတွင်း အသုံးပြုနိုင်ရန် ငွေကျပ်သိန်းပေါင်း နှစ်ထောင့်တစ်ရာခြောက်ဆယ်ကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ်သိန်းတစ်ရာတန်ဖိုးရှိ ချင်းတိုင်းရင်းသားဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပုံနှိပ်ထားသည့် ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ် ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်စကား ပြောကြားသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

# ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူများထားရှိသည့် ရခိုင်ပြည်နယ်ရှိ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်ခြင်းနေရာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ IDP စခန်းများဖြစ်ကြသော မြို့မနှစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ လော်ဝေါ်အေဂျီနှင့် မူရင်းနှစ်ခြင်း IDP စခန်းသို့သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာနှစ်ခဲနှင့် နှာခေါင်းစည်းနှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၂၄၉ စုအတွက် ဆပ်ပြာခဲ ၄၉၈ ခဲနှင့် နှာခေါင်းစည်း ၄၉၈ခု ထောက်ပံ့ပေးခဲ့ပြီး ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရှိ ဂျော်(၂) IDP စခန်းရှိ အိမ်ထောင်စု ၂၀ အတွက် ဆပ်ပြာတောင့် ၂၀ နှင့် နှာခေါင်းစည်း ၄၀ တို့ကို ထောက်ပံ့ခဲ့သည်။


အလားတူ ယနေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် (၃)ရပ်ကွက်ရှိ ကာသိုလိပ် ဘုရားကျောင်း IDP စခန်းနှင့် ပန်ကူ IDP စခန်းတို့ရှိ အိမ်ထောင်စု ၁၃၅ စုအတွက် ဆပ်ပြာတောင့် ၁၃၅ တောင့်နှင့် နှာခေါင်းစည်း ၂၇၀ ခု တို့ကို ထောက်ပံ့ခဲ့သည်။

ထို့အပြင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူများကို ထားရှိသည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်ထားသည့် နေရာများဖြစ်ကြသော မှန်စီ Cyclone Shelter ၊ အုန်းတောကြီး(တောင်) Cyclone Shelter ၊ သဲချောင်း Cyclone Shelter များသို့ သွားရောက်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူ စုစုပေါင်း ၂၂၈ ဦး အတွက် ဆပ်ပြာတောင့် ၂၂၈ တောင့်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ပင်းတယမြို့၌ ယာယီဈေးဖွင့်လှစ်ထားမှုအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ သွားရောက်ကြည့်ရှု နှာခေါင်းစည်း၊ လက်အိတ်နှင့် လက်သန့်စင်ဆေးရည်များ လှူဒါန်း



**ပင်းတယ မေ ၂၀**

ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ထိန်းချုပ်ရေးကာလတွင် ဈေးသည်များနှင့် ဈေးဝယ်သူများ နီးကပ်စွာ ဝယ်ယူမှုမရှိစေရန်နှင့် လူစုလူဝေး မဖြစ်စေရန်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်ဘုရားတောင်ခြေ၌ ယာယီဈေးအဖြစ် ဖွင့်လှစ်ထားမှုအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့တွင် သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီဈေးအား လှည့်လည်ကြည့်ရှု၍ ဈေးဝယ်လာသူများ စိတ်လက်သက်သာစွာ ဝယ်ယူနိုင်ရေးအတွက် လုံခြုံရေးအထူးဂရုပြုပေးနိုင်ရေး၊ ဈေးပတ်ဝန်းကျင်အနီး မြင်သာသည့်နေရာများတွင် ကျန်းမာရေး အသိပညာပေးပိုစတာများ ချိတ်ဆွဲထားရန် စသည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး အဆိုပါဈေးသို့ လာရောက်ရောင်းချဝယ်ယူသူများကို ဈေးအတွင်းသို့ မဝင်ရောက်မီ ကိုယ်ပူချိန်တိုင်းခြင်းများကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များ အသုံးပြုရန်အတွက် လက်သန့်စင်ဆေးရည်များ၊ နှာခေါင်းစည်းနှင့် လက်အိတ်များအပြင် ဈေးသည်များနှင့် ဈေးဝယ်လာသူများအတွက်လည်း နှာခေါင်းစည်းနှင့် လက်အိတ်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခင်မျိုးနွယ်(ပင်းတယ)

# ရေစွာမြို့နှင့် ကျေးရွာများအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရေစွာ မေ ၂၀**

ချင်းပြည်နယ် မတူပီမြို့နယ် ရေစွာမြို့နှင့် ပတ်ဝန်းကျင်မှ ကျေးရွာများ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးတွင် အသုံးပြုရန်အတွက် အထောက်အကူပြုပစ္စည်းများဖြစ်သော လက်ဆေးစင် ခုနစ်ခု၊ နှာခေါင်းစည်း ၈၈ ထုပ်၊ ဆပ်ပြာဆီဘူး ၉၀၊ အပူချိန်တိုင်းကိရိယာ သုံးခု၊ လက်သန့်ဆေးရည် ဘူး ၃၀၊ ဆပ်ပြာခွက် ၅၀ နှင့် ဆပ်ပြာခဲများကို ဟားခါးမြို့ ကရုဏာလူမှုဖွံ့ဖြိုးရေးအသင်းက မေ ၂၀ ရက်တွင် လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ရေစွာမြို့ ကက်သလစ်ဘုရားရှိခိုးကျောင်းခန်းမ၌ လာရောက်လှူဒါန်းရာတွင် ရေစွာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရုံးအုပ် ဦးနိန်ထန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူငယ်အသင်းအဖွဲ့များက လက်ခံပြီး ယင်းပစ္စည်းများကို လူထုထပ်သည့် ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်ရုံးများ၊ မြို့အဝင်/အထွက်ဂိတ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုလှူဒါန်းမှုအပြင် လိုအပ်သော ကျေးရွာများသို့လည်း အလားတူပစ္စည်းများကို ဆက်လက်ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ဟားခါးမြို့ ကရုဏာလူမှုဖွံ့ဖြိုးရေးအသင်းမှ သိရသည်။

**ဟုန်းအွမ်(ပြန်/ဆက်)**



**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# ဒေးဒရဲမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဒေသခံပြည်သူများ အဆင်ပြေစေရေးအတွက် ယာယီဈေးဖွင့်လှစ်

**ဒေးဒရဲ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေးနှင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စည်ပင်သာယာမြို့မဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းရောင်းချသော ပျံ့ကျဈေးသည်များ ရောင်းချရန် ဒေးဒရဲမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယာယီဈေးကို ယနေ့နံနက်မှစ၍ စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါ ယာယီဈေးတွင် ဆိုင်ခန်းတစ်ခန်းလျှင် ခြောက်ပေပတ်လည်အကျယ်ဖြင့် ဆိုင်ခန်းတစ်ခန်းနှင့်တစ်ခန်း ၁၀ ပေ ကြား သတ်မှတ်ပေးထားကြောင်း၊ ဈေးဝယ်သူများအတွက်လည်း သတ်မှတ်နေရာများ ထားရှိပေးထားပြီး ကိုဗစ်-၁၉ ရောဂါ အရေးပေါ်ကာလအတွင်း ဈေးကို နေ့စဉ် နံနက် ၅ နာရီမှ နံနက် ၁၀ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းဈေးဝယ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကို စနစ်တကျ လိုက်နာရောင်းချဝယ်ယူရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများအား နှာခေါင်းစည်းများတပ်ဆင်သွားလာရေး နှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ လက်ဆေးရန် လက်ဆေးဘေစင်များ တပ်ဆင်ပေးထားပြီး စနစ်တကျ လက်ဆေးစေခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လှည့်လည်နှိုးဆော်ခြင်း၊ ညွှန်ကြားချက်များနှင့်အညီ ရောင်းဝယ်နိုင်ကြစေရေး လှည့်လည်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝဏ္ဏထွန်း; ပြောကြားချက်အရ သိရသည်။

မြင့်မြင့်ခိုင်(ပြန်/ဆက်)



# ပြည်ကြီးတံခွန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း တစ်အိမ်တက်၊ ဆင်း ပိုးသတ်ဆေးဖျန်းပေးလျက်ရှိ

**ပြည်ကြီးတံခွန် မေ ၂၀**

ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း တစ်အိမ်တက်၊ ဆင်း ပိုးသတ်ဆေး ဖျန်းပေးခြင်းကို မေ ၂၀ ရက်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် လှည့်လည်ဆောင်ရွက်ခဲ့သည်။

"တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုနဲ့ ဆောင်ရွက်တာပါ။ ပြည်ကြီးတံခွန်မြို့နယ်မှာ ရပ်ကွက် ၁၈ ရပ်ကွက် ရှိပါတယ်၊ ရပ်ကွက်တိုင်းမှာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပိုးသတ်ဆေး ဖျန်းပေးနိုင်အောင် ဆောင်ရွက်နေပါတယ်၊ လူနေများတဲ့ ရပ်ကွက်တွေကို ဦးစားပေး ပက်ဖျန်းပါတယ်၊ တစ်အိမ်တက်ဆင်း ပက်ဖျန်းတာပါ၊ နောက်ရက်တွေမှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ၊ ပိုးသတ်ဆေးဖျန်းချင်လို့ ဆက်သွယ်လာတဲ့ ရပ်ကွက်/ နေအိမ်များကိုလည်း လိုက်လံဆောင်ရွက်ပေးပါတယ်" ဟု ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်ကြီးတံခွန် မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မြို့နယ်အတွင်းရှိ ဈေးများ၊ လူစည်ကားရာနေရာများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များတွင်လည်း လှည့်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




# လှိုင်းဘွဲ့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**လှိုင်းဘွဲ့ မေ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်း၍ မဲလောင်းလေးကျေးရွာ၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် ပြည်သူများ ကိုဗစ် -၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် လှိုင်းဘွဲ့မြို့ အဝင်မှစတင်၍ မဲလောင်းလေးကျေးရွာအတွင်းရှိ လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများ၊ အသွားအလာကန့်သတ်ထားသည့်နေရာ၊ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများတွင် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဟားခါးမြို့အတွင်း ပိုးသတ်ဆေးဖျန်း

**ဟားခါး မေ ၂၀**

ချင်းပြည်နယ် ဟားခါးမြို့ ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်မှုနှင့် အရေးပေါ်ကာလအတွင်း ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေး ချင်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုနှင့်အတူ ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသျှန်နွမ်မောင်၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၂၀ ရက် နံနက် ၇ နာရီခွဲက ဟားခါးမြို့ ဝန်ကြီးအိမ်ရာများအတွင်းသို့ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ပခုက္ကူမြို့ ဘူတာမှ ပြေးဆွဲနေသည့် ရထားများ မေ ၃၀ ရက်အထိ ရပ်နားမည်



ပခုက္ကူမြို့မှ အခြားမြို့များသို့ ဆက်သွယ်ပြေးဆွဲပေးသော ခရီးစဉ်တစ်ခုကို တွေ့ရစဉ်။

**ပခုက္ကူ မေ ၂၀**

ပခုက္ကူမြို့ မြန်မာ့မီးရထား ပခုက္ကူ ဘူတာမှ အခြေစိုက်ပြေးဆွဲနေသည့် လမ်းကြောင်း လေးခုကို မေ ၃၀ ရက်အထိ ပြေးဆွဲခြင်း ရပ်နားထားမည်ဖြစ်သည်။

ပခုက္ကူမြို့မှ မုံရွာ၊ ဆိပ်ဖြူ၊ ကျော၊ တန့်ကြည့်တောင် ဘူတာများသို့ ပြေးဆွဲနေသည့် ရထားခရီးစဉ်များကို မေ ၁၀ ရက်မှ ၁၉ ရက်အထိ ရပ်နားကြောင်း တရားဝင်ကြေညာထားခဲ့ပြီး ယခုအခါ ခရီးသွားပြည်သူများအား ကိုဗစ် – ၁၉ ကြိုတင်ကာကွယ် နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးတို့အတွက် မေ ၃၀ ရက်အထိ ရပ်နားရက် တိုးမြှင့်သတ်မှတ်ခြင်း ဖြစ်ကြောင်း ပခုက္ကူဘူတာရုံပိုင်ကြီး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပခုက္ကူ–နေပြည်တော် ပြေးဆွဲနေသောရထားကို မတ် ၃၁ ရက်မှစ၍ ပြေးဆွဲမှု ရပ်ထားကြောင်း သိရသည်။

ကိုဇော်(ခတု)

# အသိပေးကြေညာခြင်း

COVID–19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Corona–virus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇–၃၁၂၇၁၂ နှင့် ၀၆၇–၃၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄) နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

# လယ်ယာမြေ ဧက၈၀၀ အကျိုးပြုမည့် ကုန်ထုတ်လမ်းနှင့် တံတားနှစ်စင်း တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး



ဖောက်လုပ်နေဆဲ ကုန်ထုတ်လမ်းပိုင်းတစ်နေရာ

**စလင်း မေ ၂၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြက်သကိုင်ကျေးရွာတွင် ကျေးလက်နေတောင်သူများ၏ လယ်ယာမြေ ဧက ၈၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီ ရောက်ရှိစေရေး ရည်ရွယ်ဖောက်လုပ်ခဲ့သည့် ကြက်သကိုင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် ယင်းကုန်ထုတ်လမ်းပေါ်ရှိ တံတားနှစ်စင်းတည်ဆောက်မှုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ လမ်းအရှည်ပေ ၃၉၆၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် ယင်းကုန်ထုတ် လမ်းပေါ်ရှိ အရှည် ၁၈ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၆ ပေရှိ Box Culvert တံတားတစ်စင်း၊ အရှည် ၁၄ ပေ၊ အကျယ် ၉ ပေ၊ အမြင့် ၆ပေရှိ Box Culvert တံတားတစ်စင်းတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၆၂၄ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောသည်။

**ငြိမ်းသူ(စလင်း)**

# မိုင်းခတ်မြို့နယ် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မိုင်းခတ် မေ ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်တွင် မေ ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စုလေးစုမှ မိသားစုဝင်များအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ကျိုင်းတုံခရိုင်ရုံး) နှင့် ပြည်နယ်ကြက်ခြေနီအသင်းက ပြန်လည်ထူထောင်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါထောက်ပံ့ပစ္စည်းများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်လေးသိန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြည်နယ်ကြက်ခြေနီအသင်းမှ နေအိမ်ပြန်လည်မွမ်းမံနိုင်ရန်အမိုးအကာများ၊ အသုံးအဆောင်ပစ္စည်းများကို လေဘေးသင့်မိသားစုများအား ထောက်ပံပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးဒေ(ပြန်/ဆက်)

# မင်းတပ်ခရိုင်အတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ လှူဒါန်း

**မင်းတပ် မေ ၂၀**

မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံနှင့် မင်းတပ်မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံများအတွက် နယ်မြေခံတပ်ရင်းမှ လှူဒါန်းသည့် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ ကို ဗိုလ်မှူးအောင်ကိုကိုက မင်းတပ်ခရိုင် ကိုဗစ်–၁၉ ထိန်းချုပ် ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်ထံ ယမန်နေ့က ပေးအပ်လှူဒါန်းခဲ့သည်။

ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်က “မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၇၀၊ မင်းတပ်မြို့နယ် အတွင်းမှာရှိတဲ့ တိုက်နယ်ဆေးရုံနှစ်ရုံအတွက် ၃၀၊ ကန်ပက်လက်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ၇၀ နှင့် ကျင်ဒွေးတိုက်နယ်ဆေးရုံအတွက် ၃၀ စီ ခွဲဝေပေးသွားမှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဆလိုင်းအောင် (ပြန်/ဆက်)

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀– ၄ – ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၄၅/၅၁၀ | ကျပ် | ၄၇၀/၅၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၅၅/၅၃၀ | ကျပ် | ၄၈၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀/၃၉၀ | ကျပ် | ၃၇၀/၄၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၄၄၀/၅၅၀ | ကျပ် | ၅၂၀/၆၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၁ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၃ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၆ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၄ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၀၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၉၃၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၅၀ | ၄၇၂၅၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၂၄၅၀ | ၈၉၄၂၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၅ | ၂၀၅၀၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၂၀၂ | ၄၃၄၃၀၀၀ |
| TMH | ၂၈၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | – | ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မန္တလေးနန်းတွင်းကျောက်စာရုံ နှစ်ရုံ

မောင်သာ(ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုအထောက်အထားများကို ဖော်ထုတ်ရာတွင် ကျောက်စာများနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုရလဒ်များကို အများဆုံး အားကိုးအားထားပြုကြရပေသည်။ ထို့ကြောင့် ကျောက်စာပါမှတ်တမ်းများ၊ တူးဖော်မှုများမှတွေ့ရှိသည့် အထောက်အထားများဖြင့် အတိတ်သမိုင်းကို ပုံဖော်နိုင်ခဲ့ကြသည်။ ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှု အယူဝါဒများ၊ ယဉ်ကျေးမှု အနုပညာများနှင့်လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံ့သမိုင်းကို များစွာအထောက်အကူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။**

ထို့ကြောင့် ၁၈၈၅ ခုနှစ်မတိုင်မီက တည်ရှိခဲ့သည့် ရွှေ့ပြောင်းနိုင်သော ယဉ်ကျေးမှုဝတ္ထုပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် သုတေသနပြုဖော်ထုတ်ရန် ၁၉၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာနကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဌာနကို ဝန်ထမ်းအင်အား ၉၆ ဦးဖြင့် ရှေးဟောင်းသုတေသနဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ယခုအခါတွင် ကမ္ဘည်းကျောက်စာလုပ်ငန်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ဘည်းကျောက်စာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိကာ စုဆောင်းရရှိထားသည့် ကျောက်စာများကို မူလနေရာများ၊ ပြတိုက်များ၊ ကျောက်စာရုံများတွင် ထိန်းသိမ်းထားရှိသည်။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကြောင်း၊ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က ရေးသားခဲ့သည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းကျောက်စာများအနက် မန္တလေးကုသိုလ်တော်ဘုရားဝင်းအတွင်း၌ စိုက်ထူထားသည့် ပိဋကတ်သုံးပုံကျောက်စာ ၇၂၉ ချပ်နှင့် ပုဂံမြစေတီရင်ပြင်တွင် စိုက်ထူထားသည့် ရာဇကုမာရ်ကျောက်စာတို့ကို ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) များအဖြစ် အသိအမှတ်ပြုခဲ့သည်။

**မူလထိုး ၊ ဆင့်ထိုး ၊ စပ်ထိုးကျောက်စာ**

မူလထိုးကျောက်စာသည် ပထမဆုံးရေးထိုးခဲ့သည့် မူရင်းအတိုင်း မပျက်မစီးဘဲရှိနေသော ကျောက်စာများဖြစ်သည်။ မူလထိုးကျောက်စာပါ အကြောင်းအရာများကို အသစ်ပြန်လည်ရေးထိုးသည့် ကျောက်စာများသည် ဆင့်ထိုးဖြစ်၍ မူလထိုးကျောက်စာပါ အကြောင်းအရာများကို တစ်ခု၊ နှစ်ခု ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပေါင်းစပ်ရေးထိုးထားလျှင် စပ်ထိုးဖြစ်သည်။

ကျောက်စာများတွင် ကျောက်စာအမည်များ မပါရှိသော်လည်း ရေးထိုးသူအမည်ကိုအစွဲပြု၍ ရာဇကုမာရ်ကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ၊ မနူဟာကျောက်စာ၊ ဓမ္မစေတီကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာရေးထိုးခဲ့သည့် နေရာဒေသကို အစွဲပြုလျက် သထုံမြသပိတ်စေတီကျောက်စာ၊ ပဲခူးကလျာဏီသိမ်ကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာတည်ရှိသည့် နေရာကိုအစွဲပြု၍ ရွှေစည်းခုံစေတီကျောက်စာ၊ ထီးလိုမင်းလိုကျောက်စာ၊ ကုသိုလ်တော်ဘုရားကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာပါ အကြောင်းအရာကိုမှုတည်၍ ကျစွာမင်း အမိန့်ပြန်တမ်းကျောက်စာ၊ စောရဟန်းသိမ် ကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာများစုစည်းထားရှိသည့်နေရာကို မှုတည်၍ နန်းတွင်းကျောက်စာ၊ ထူပါရုံ ကျောက်စာ၊ ဟန်လင်းကျောက်စာရုံကျောက်စာ စသည်ဖြင့်လည်းကောင်း ခေါ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ တွေ့ရှိရ



သည့် ရှေးဟောင်းကျောက်စာများကို ပါဠိ၊ သက္ကတ၊ မြန်မာ၊ မွန်၊ ပျူ၊ ရခိုင် စသည့် ဘာသာစကားများဖြင့် ရေးထိုးခဲ့သဖြင့် ခေတ်ကာလဆိုင်ရာ ဘာသာစကား၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် သမိုင်းနောက်ခံများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ကမ္ဘည်းကျောက်စာအများစုသည် ကုသိုလ်ကောင်းမှုဆိုင်ရာ မှတ်တမ်းများ ဖြစ်ကြသော်လည်း ထူးခြားသော ကျောက်စာများကိုလည်း တွေ့ရှိကြရပေသည်။

မင်ဝိုင်းကျောက်စာတွင် မြေရှင်၊မြေငှား၊မြေရောင်းဝယ်ပုံ၊ လေးမျက်နှာကျောက်စာတွင် ကျွန်အရောင်းအဝယ်ပြုပုံ၊ ဓမ္မရာဇိက ဘုရားကျောက်စာတွင် ပုဂံခေတ်နိုင်ငံရေးနှင့် ခရိုင်အမည်၊ ခေမာရ်ဘုရားကျောက်စာတွင် ငရဲကြီးရှစ်ထပ်၊ မင်းမတ်ဉာဏဝိစည်ကျောက်စာတွင် အနုပညာသည်များ၊ မြောက်ဂူကြီးဘုရားကျောက်စာတွင် ဂီတတူရိယာ ၊ စောရဟန်းသိမ်ကျောက်စာတွင် ဗိသုကာပညာ၊ ဒိသာပါမောက်ကျောက်စာတွင် တရုတ်ပြည်သံတမန်မှတ်တမ်း၊ ရှင်ပင်ဗောဓိကျောက်စာတွင် သတ္တုများသုံးစွဲပုံ၊ ဖုန်သည်မင်း အနန္တသူကျောက်စာတွင် ပေပြုလုပ်ပုံများကို ရေးထိုးခဲ့သည်။

**မြန်မာကျောက်စာဝန် နှစ်ဦး**

မြန်မာစာပေသမိုင်းတွင် ၁၈ ရာစုနောက်ပိုင်းမှ ၁၉ ရာစုနှစ်ဦးပိုင်းအထိ ရာဇဝင်ကျမ်းများ ပေါ်ထွက်ခဲ့ရာ ညောင်ရမ်းခေတ် တနင်္ဂနွေမင်း (ခရစ်နှစ် ၁၇၁၄–၁၇၃၃) လက်ထက်တွင် ဦးကုလားရာဇဝင်၊ ကုန်းဘောင်ခေတ် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂–၁၈၁၉) လက်ထက်တွင် တွင်းသင်းမဟာရာဇဝင်သစ်နှင့် စစ်ကိုင်းမင်း(ခရစ်နှစ် ၁၈၁၉–၁၈၃၇) လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြသည်။ ယင်းတို့ကို ပေရွက်များပေါ်တွင် ရေးသားခဲ့ပြီး ပုံနှိပ်နည်းပညာများ တိုးတက်လာချိန်တွင် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည်။

ကုန်းဘောင်ခေတ်ဘုရင် ဗဒုံမင်းသည် ကျောက်စာများကို အထောက်အထားပြု၍ သာသနာ့မြေနှင့် ဘုရင့်မြေကို ခွဲခြားသိရှိနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောက်စာများကိုစုဆောင်း၍ ဖတ်ရှုစေခဲ့သည်။ ယင်းကျောက်စာများကို ကြီးကြပ်ရသည့် တွင်းသင်းတိုက်ဝန်မဟာစည်သူနှင့် သက်ပန်းအတွင်းဝန် ဗလရာဇာကျော်ထင်တို့သည် မြန်မာနိုင်ငံ၏ပထမဆုံး ကျောက်စာဝန်များဖြစ်ခဲ့ကြပေသည်။

ဗဒုံမင်းက ရှေးရာဇဝင်ကျမ်းများတွင် ကျောက်စာများနှင့် မကိုက်ညီမှုများကို တွေ့ရှိခဲ့သဖြင့် တွင်းသင်းတိုက်ဝန် မဟာစည်သူအား ကျောက်စာများနှင့် ညီညွတ်သည့် ရာဇဝင်သစ်တစ်စောင်ပြုစုရန် တိုက်တွန်းခဲ့ရာမှ ကျောက်စာများကို အကိုးအကားပြုသည့် ပထမဆုံးရာဇဝင်ကျမ်းဖြစ်သည့် တွင်းသင်းမဟာရာဇဝင်သစ် ထွက်ပေါ်ခဲ့သည်။ မဟာရာဇဝင်ကြီး ဋီကာနိဿယတွင် "ရာဇဝင်စကားနှင့် ကျောက်စာစသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာ စသည်တို့သာ ယုံကြည်အပ်" ဟု ရေးသားထားပေသည်။

**ကျောက်စာ စာအုပ်များ**


ခေတ်အဆက်ဆက်ပညာရှင်များ စုဆောင်းပြုစုခဲ့သည့် ကျောက်စာလေ့လာမှုဆိုင်ရာ စာအုပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က ထုတ်ဝေခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ပါဠိဘာသာပါမောက္ခမှ ကမ္ဘည်းကျောက်စာဌာန၊ ကျောက်စာဝန်ဖြစ်လာခဲ့သူ ဒေါက်တာ အီးဖောချမ်းမား (Dr.E Forchhammer)သည် ၁၈၈၀ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ ကျောက်စာများကို မင်ဖြင့် မိတ္တူများကူးယူခဲ့သည်။ ဖောချမ်းမားကွယ်လွန်ပြီးနောက် ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ(၁၈၉၂) (Inscription of Pagan,Pinya, Ava, 1892)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော ကျောက်စာများမှကူးသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားရှိ ကျောက်စာများ အတွဲနှစ်တွဲ (၁၈၉၇) (The Inscriptions copied from the stones collected by King Bodawpaya and placed near the Arakan Pagoda Vol.I,II,1897)၊ အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ အတွဲနှစ်တွဲ (၁၉၀၀ နှင့် ၁၉၀၃) (The Inscriptions collected in upper Burma, 1900 and 1903)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော အမရပူရမြို့၊ ပုထိုးတော်ကြီးဘုရားအရံအတွင်းရှိ မူလထိုးကျောက်စာများ (၁၉၁၃)(The Original Inscriptions collected King Bodawpaya and now palaced near the Patodawgyi Pagoda, Amarapura, 1913) စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

ကမ္ဘည်းကျောက်စာဌာနသည် ၁၉၁၉ ခုနှစ်မှစ၍ နှစ် ၂၀ အတွင်း မြန်မာပြည်ကမ္ဘည်းကျောက်စာများ (Epigraphia Birmanica) စာစဉ်ခုနှစ်အုပ်နှင့် ၁၉၂၁ ခုနှစ်အထိ တွေ့ရှိထားသော ကျောက်စာများကို အမှတ်စဉ်၊ သက္ကရာဇ်၊ တွေ့ရှိသည့်နေရာ၊ ယခုရှိနေသည့်နေရာ၊ ကျောက်စာထိုးဘာသာစကား၊ အကြောင်းအရာ စသည်တို့ကို စုစည်း၍ မြန်မာပြည်တွင် တွေ့ရှိရသည့် ကျောက် စာများစာရင်း(A List of Inscriptions found in Burma) စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

ထို့အတူ ပါမောက္ခဦးဖေမောင်တင်နှင့် ဂျီအိပ်ချ်လုစ်တို့က ၁၉၂၈ ခုနှစ်တွင် ပုဂံကျောက်စာညွန့်ပေါင်း၊ ၁၉၃၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း တိုင်းရင်းမြန်မာကျောက်စာများ ငါးတွဲ၊ ပါမောက္ခဦးဇေမောင်က ၁၉၅၈ ခုနှစ်တွင် ပုဂံကျောက်စာလက်ရွေးစင်စာအုပ်ကို ထုတ်ဝေခဲ့ကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနလက်ထောက် ဦးငြိမ်းမောင် စုစည်းခဲ့သည့် မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်မှ ၉၉၈ ခုနှစ်အတွင်း ရေးထိုးခဲ့သော ရှေးဟောင်းမြန်မာကျောက်စာများ အတွဲ ငါးတွဲနှင့် မြန်မာ့ရှေးဟောင်းကျောက်စာ စာအုပ်များကိုလည်း ဆက်လက်ထုတ်ဝေခဲ့သည်။

**မန္တလေး နန်းတွင်းကျောက်စာရုံ နှစ်ရုံ**

ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ကျောက်စာများကို မင်းနေပြည်တော်သို့ သယ်ယူခဲ့သည်။ ကာလရှည်ကြာလာချိန်တွင် ယင်းတို့သည် အမရပူရမြို့ ဆင်ကြိုဘုရားအနီး ယာကွင်းထဲတွင် ဖရိုဖရဲပြန့်ကျဲတည်ရှိနေခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာနက ၁၉၀၆ ခုနှစ်တွင် အမရပူရမြို့ မဟာဝိဇယရံသီ ပုထိုးတော်ကြီး ဘုရားတံတိုင်းအနီးတွင် ယာယီကျောက်စာရုံတစ်ခု တည်ဆောက်၍ ကျောက်စာတိုင်များကို ထောင်စီလျက် ထိန်းသိမ်းထားရှိခဲ့သည်။ *စာမျက်နှာ ၂၁ သို့*



**"မြန်မာနိုင်ငံအတွင်း နေရာအနှံ့၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကြောင်း၊ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က ရေးသားခဲ့သည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းကျောက်စာများအနက် မန္တလေးကုသိုလ်တော်ဘုရားဝင်းအတွင်း၌ စိုက်ထူထားသည့် ပိဋကတ်သုံးပုံကျောက်စာ ၇၂၉ ချပ်နှင့် ပုဂံမြစေတီရင်ပြင်တွင် စိုက်ထူထားသည့် ရာဇကုမာရ်ကျောက်စာတို့ကို ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World)များအဖြစ် အသိအမှတ်ပြုခဲ့သည်"**

## ညောင်ရွှေမြို့ ယာယီဈေး၌ စနစ်တကျဈေးရောင်းချနိုင်ရန် စီစဉ်ထားရှိ

ညောင်ရွှေ မေ ၂၀

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း ဈေးဝယ်သူများနှင့် ဈေးရောင်းသူများ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာဝယ်ယူမှုမရှိစေရန်အတွက် ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ယာယီဈေးအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် နေ့စဉ် နံနက် ၆ နာရီခွဲမှ ၁၀ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိသည်။

ယာယီဈေးသို့ လာရောက် ရောင်းချဝယ်ယူသူများကို ကွင်းအတွင်းသို့ မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ကာ ရောင်းချဝယ်ယူခွင့်ပြုထားကြောင်း၊ ယာယီဈေးတွင် ကုန်စိမ်းနှင့် သားငါးတို့ကို သီးခြားစီနေရာခွဲခြား၍ ရောင်းချရန် စီစဉ်ထားကြောင်း၊ ကုန်စိမ်းရောင်းချသူများကို တစ်ဦးနှင့်တစ်ဦး ၁၀ ပေ အကွာအဝေး ထားရှိ၍ ရောင်းချနိုင်ရန် စီစဉ်ပေးထားကြောင်း၊ သားငါးရောင်းချသူများကိုလည်း မော်တော်ယာဉ်နှင့် တွန်းလှည်းများပေါ်တွင်တင်၍ ပေ ၂၀ အကွာအဝေးခန်းကျင်း၍ ရောင်းချခွင့်ပြုထားကြောင်း သိရသည်။



ညောင်ရွှေမြို့ရှိ ယာယီဈေးဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။

နေမျိုးသူရိန်

## စေတုတ္တရာမြို့တွင် ယာယီဈေးပြောင်းလဲဖွင့်လှစ်ရန် ပြင်ဆင်

စေတုတ္တရာ မေ ၂၀

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကိုဗစ်-၁၉ ကာလအတွင်း မြို့နယ်အားကစားကွင်း၌ ယာယီဈေးပြောင်းလဲဖွင့်လှစ်နိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




စေတုတ္တရာမြို့၌ ယာယီဈေးဖွင့်လှစ်ပေးရန် အကွက်ချသတ်မှတ်ပေးနေစဉ်။

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီက ဒေသခံပြည်သူများ စားသောက်ကုန်ပစ္စည်းများဝယ်ယူစားသောက်ရေး အဆင်ပြေစေရန်အတွက် မြို့နယ်အားကစားကွင်းအတွင်း၌ ယာယီဈေးကို မေ ၂၁ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယာယီဈေးဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရာတွင် ဈေးရောင်းဈေးဝယ်ပြည်သူများအား ယာယီဈေးသို့ ဝင်ရောက်လျှင် လက်ဆေးနိုင်ရန်စီစဉ်ခြင်း၊ ဈေးရောင်းဈေးဝယ်ပြုလုပ်မည့်နေရာများကို ခြောက်ပေအကွာ ဝယ်ယူနိုင်ရန်စီစဉ်ပေးခြင်း၊ ဈေးရောင်းဈေးဝယ်ပြည်သူများ အားလုံး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုနိုင်ရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိ ဦးသက်နိုင်ထံမှ သိရသည်။

ခင်သန်းလှိုင်(ပြန်/ဆက်)

## နမ့်စန်၌ ယာယီပျံကျဈေးကို အထက(နမ့်စန်) ဘောလုံးကွင်းတွင် ဖွင့်လှစ်ထားရှိ

နမ့်စန်(တ) မေ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ပြည်သူများအနေဖြင့် လူစုလူဝေး မဖြစ်ဘဲ စားသောက်ကုန်များကို အဆင်ပြေစွာ ဝယ်ယူရောင်းချနိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် အမှတ် (၂)ရပ်ကွက် အထက(နမ့်စန်)ဘောလုံးကွင်းအတွင်း၌ ယာယီပျံကျဈေးကို ယမန်နေ့မှစတင်၍ ဖွင့်လှစ်ထားရှိသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နမ့်စန်မြို့မဈေးကြီးကို မေ ၁၃ ရက်မှ ၁၈ ရက်အထိ ပိတ်သိမ်းထားခဲ့ပြီး ဈေးပြန်ဖွင့်သည့်အချိန်တွင် လူစုလူဝေးမဖြစ်ပေါ်စေဘဲ ပြည်သူများ ရောင်းဝယ်မှု အဆင်ပြေစေရန်အတွက် မြို့မဈေးပတ်ဝန်းကျင်တွင် ရောင်းချနေသည့် ပျံကျဈေးသည်များကို အထက(နမ့်စန်)ဘောလုံး ကွင်းအတွင်းသို့ ရွှေ့ပြောင်း၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အစီအမံများ စနစ်တကျ ပြုလုပ်၍ တစ်ဆိုင်နှင့်တစ်ဆိုင် ရှစ်ပေ ၊ တစ်တန်းလျှင် ၁၆ ပေစီခြား၍ ရောင်းချစေပြီး မြို့မဈေးနှင့် ပျံကျဈေး နှစ်ခုလုံးကို နေ့စဉ် နံနက် ၆နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှသိရသည်။

သူရအောင်(ပြန်/ဆက်)

## ကသာမြို့တွင် သားငါး၊ ကုန်စိမ်း၊ ငါးခြောက်အရောင်းဆိုင်များ ခြောက်ပေအကွာရောင်းချနိုင်ရေး အကွက်သတ်မှတ်

စစ်ကိုင်း မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ မီတာ ၂၀၀ အားကစားကွင်း၌ ခြောက်ပေအကွာ ရောင်းဝယ်နိုင်ရေး သားငါး၊ ငါးခြောက်၊ ကုန်စိမ်းတန်းများ မဲနှိုက်စနစ်ဖြင့် သတ်မှတ်၍ ရောင်းချနိုင်ရေး ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီမှ အရာရှိများနှင့် ဝန်ထမ်းများ မျဉ်းကွက်ဆွဲထားပြီး ဈေးရောင်းချမည့် ဈေးသည်များကို မဲနှိုက်စနစ်ဖြင့် နေရာရယူရေး ယမန်နေ့တွင် ယာယီဈေးရောင်းနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

ကြက်ခြေအမှတ်အကွက်ဆွဲထားသည့် နေရာ၊ ဈေးမရောင်းရန် သတ်မှတ်ထားပြီး ကွက်လပ်အကွက်ထဲတွင်သာ ဈေးရောင်းရန်နှင့် နေပူဒဏ်ကာကွယ်နိုင်ရေး ထီးအသုံးပြုခွင့်ပေးသွားမည့် ကျင်းတူးတိုင်စိုက်ခွင့်မပြုဘဲ၊ အာဟာရစားသုံးအရောင်းဆိုင်များကိုလည်း ရောင်းသူတစ်ဦးတည်းသာလျှင် ထိုင်နိုင်သော ခုံတစ်လုံးသာခွင့်ပြုပြီး ထိုင်စားခုံများပါလာပါက ခွင့်မပြုဘဲ ခုံများကို သိမ်းဆည်းကာ ပါဆယ်စနစ်ဖြင့်သာလျှင် ခွင့်ပြု၍ စည်ပင်သာယာရေးကော်မတီမှ နေ့စဉ်ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် ဈေးဝယ်လာသူများ ကိုဗစ်-၁၉ ကင်းစင်ရေး ဝင်ထွက်ပေါက်များတွင် လက်ဆေးရန်နေရာ ထားရှိခြင်းနှင့် ဈေးဝယ်မိဘပြည်သူများ နှာခေါင်းစည်း တပ်ထားပြီးမှ ဈေးဝယ်ရန်နှင့် နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိပါက ဈေးဝင်းအတွင်း လုံးဝဝင်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည် ။ဈေးရောင်းချနိုင်ရေး သားငါး ၁၀၅ ကွက်၊ ကုန်ခြောက် ၃၄ ကွက်၊ ကုန်စိမ်း၊ ဖက်ခူးပန်းရောင်း စားသောက်ဆိုင်အပါအဝင် ကွက် ၂၀၀ တို့ကို သတ်မှတ်ရေးဆွဲစီစဉ်ထားရှိကြောင်း၊ ဈေးရောင်းသူတိုးလာလျှင် ထပ်တိုးအကွက်ရိုက်သွားရန် စနစ်တကျရောင်းချနိုင်ရေး လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ငွေအိုး(ကသာ)

## တွံတေးမြို့နယ်တွင် ပြည်သူများအဆင်ပြေစေရေး ယာယီဈေးဖွင့်လှစ်

တွံတေး မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူများအဆင်ပြေစေရေးအတွက် စည်ပင်သာယာ မြို့မဈေးမှ ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းရောင်းချသော ဈေးသည်များအား မြို့နယ်အားကစားကွင်းရှေ့၌ ယနေ့ နံနက်ပိုင်းမှစ၍ ပျံကျယာယီဈေးအဖြစ် ဖွင့်လှစ်ပေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းထူးထံမှ သိရသည်။

ဆိုင်ခန်းတစ်ခန်းနှင့် တစ်ခန်း ခြောက်ပေစီ ခြားထားပေး၍ ဈေးရောင်းသူနှင့် ဈေးဝယ်သူများအကြား လေးပေခြားထားပေးကာ ဈေးဝယ်သူများအတွက် သတ်မှတ်နေရာများထားရှိပေးပြီး နေ့စဉ် နံနက် ၅ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ဈေးရောင်းဈေးဝယ်သူများအနေဖြင့် လက်ဆေးပြီး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုပြီးမှသာ ဈေးရောင်းဈေးဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

လူစုလူဝေးမဖြစ်ပေါ်စေရန်နှင့် ပြည်သူများ ရောဂါနှင့် ပတ်သက်ပြီး အထိတ်တလန့်မဖြစ်စေရန်၊ အလွယ်တကူ အဆင်ပြေစွာဝယ်ယူနိုင်ရန်နှင့် မြို့မဈေးထဲတွင် လူစုလူဝေးဖြစ်ပေါ်မှုကို ရှောင်ရှားရန်အတွက် ယာယီဈေးပြုလုပ်ကာ ပျံကျဈေးထုတ်ပေးလိုက်ခြင်းဖြစ်ကြောင်း အမှုဆောင်အရာရှိက ပြောသည်။

အဝတ်အထည်ဆိုင်ခန်းများသည် ယခင်ပုံမှန်အတိုင်း တွံတေးမြို့မဈေးထဲတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယာယီပျံကျဈေးဖွင့်သည့် ပထမရက်တွင် သတ်မှတ်နေရာ မလုံလောက်သည့်အတွက် နေရာများစနစ်တကျဖြစ်စေရန် တာဝန်ရှိသူများက ထပ်မံပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

---

*စာမျက်နှာ ၂၀ မှ*

သို့သော် ယင်းနေရာသို့ ကျွဲနွားများဝင်ရောက်သည့်အပြင် လူအချို့က အညစ်အကြေးများစွန့်ကြသဖြင့် မန္တလေးနန်းတွင်း၌ ကျောက်စာရုံတစ်ခုကို ဒုတိယကမ္ဘာစစ်မဖြစ်မီ တစ်နှစ်အလိုတွင် တည်ဆောက်ကာ ပျက်စီးမှု နည်းပါးသည့်ကျောက်စာများကို ရွှေ့ပြောင်း စိုက်ထူခဲ့သည်။ ယင်းကျောက်စာများကို ၁၉၁၃ ခုနှစ်တွင် ဘိုးတော်ဘုရားစုရုံးခဲ့သော အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအရံအတွင်းရှိ မူလထိုးကျောက်စာများ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ရာ ကျောက်စာ ၄၈၉ ချပ်ပါရှိခဲ့သည်။

ထို့အတူ ပျက်စီးမှုအနည်းငယ်ရှိသည့် မူလထိုးကျောက်စာများကို ပြန်လည်ဆက်စပ်၍ စစ်ကိုင်းမြို့၊ ထူပါရုံစေတီဝင်းအတွင်းနှင့် ပုဂံပြတိုက်တွင် စိုက်ထူခဲ့သည်။ ပျက်စီးမှုများပြားကာ မူလကျောက်စာအတိုင်း ဆက်စပ်၍ မစိုက်ထူနိုင်တော့သဖြင့် အသစ်ရေးထိုးထားသော ကျောက်စာများကို မန္တလေးမြို့ မဟာမုနိဘုရားဝင်းအတွင်း၊ အနောက်တောင်ထောင့်တွင် စိုက်ထူခဲ့သည်။ အချို့ကျောက်စာများသည် မူလစာသားများအပြင် နောက်ပိုင်းလှူဒါန်းသည့် အလှူရှင်များ၏ အမည်များကိုပါ ပေါင်းစပ်၍ အသစ်ရေးထိုးထားသည်။ ယင်းတို့အနက် မဟာမုနိအရှေ့ဘက်ကျောက်စာရုံတွင် သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်စာ ၁၈၇ ချပ်နှင့် အနောက်ဘက် ကျောက်စာရုံတွင် စကျင်ကျောက်ဖြင့် ပြုလုပ်ထားသည့် ကျောက်စာ ၅၂၃ ချပ်ကို ထိန်းသိမ်းထားရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ မန္တလေးနန်းတွင်းရှိ ကျောက်စာရုံသည် အမိုးအကာများပျက်စီးခဲ့သည့်အပြင် အချို့သော ကျောက်စာတိုင်များသည် ဗုံးဒဏ်ကြောင့် အစိတ်စိတ် အမြွာမြွာပျက်စီးခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် ပျက်စီးနေသည့် ကျောက်စာရုံကိုပြုပြင်၍ ကျောက်စာတိုင် ၂၀၀ ထားရှိနိုင်သည့် ကျောက်စာရုံ အသစ်တစ်ခုကို တည်ဆောက်ခဲ့ကာ ပုထိုးတော်ကြီး ကျောက်စာရုံမှ ကျန်ရှိသည့်ကျောက်စာများနှင့် ဆင်ကြိုဘုရားအနီးမှ ထပ်မံရရှိခဲ့သည့်ကျောက်စာများကို ရွှေ့ပြောင်းခဲ့ကာ ကျောက်စာရုံအကြီးတွင် ကျောက်စာတိုင်များကို အမှတ်စဉ်(၁)မှ (၄၃၃) အထိ လည်းကောင်း၊ ကျောက်စာရုံအသေးတွင် အမှတ်စဉ် (၄၃၄) မှ (၅၅၂) အထိ လည်းကောင်း နံပါတ်များရေးထိုးခဲ့သည်။

၁၉၆၂ ခုနှစ် ဒီဇင်ဘာလတွင် မန္တလေး အမရပူရ မော်တော်ကားလမ်း ဝါးတရာကွေ့အနီး ရေကျော် တံတားအောက်မှ ကျောက်စာ ၃၆ ချပ်ကို ရရှိခဲ့သဖြင့် ယင်းတို့ကို မန္တလေးနန်းတွင်းကျောက်စာရုံသို့ ပြောင်းရွှေ့ ထိန်းသိမ်းခဲ့သည်။

မူလစာရင်းအရ နန်းတွင်းကျောက်စာရုံအကြီးတွင် ကျောက်စာ ၄၇၅ ချပ်နှင့် ရုံအသေးတွင် ၁၆၁ ချပ်ရှိခဲ့သော်လည်း ကျောက်စာရုံ နှစ်ခုတွင် အမှန်ရှိသော အရေအတွက်သည် ရုံအကြီးတွင် ၄၅၁ ချပ်နှင့် ရုံအသေးတွင် ၁၁၄ ချပ်ဖြစ်သည်။ ယင်းကျောက်စာများကို အလွယ်တကူ ဖတ်ရှုကူးယူနိုင်ရန် လူသွားလမ်းခြားထားပြီး တစ်ပေခွဲမြင့်သည့် အုတ်အင်္ဂတေတန်းများပေါ်တွင် စိုက်ထူခဲ့သည်။

မန္တလေးကျောက်စာရုံအကြီးကို ကျောက်စာရုံ အမှတ်(၁)၊ ရုံအသေးကို အမှတ်(၂) ဟု သတ်မှတ်ထားခဲ့ရာ ကျောက်စာရုံ အမှတ်(၁) သည် သက်တမ်း ၁၁၄ နှစ် ရှိပြီဖြစ်ပေသည်။ ဘာသာမျိုးစုံဖြင့် ရေးထိုးထားသည့် ကျောက်စာများကို မြန်မာနိုင်ငံအရပ်ရပ်မှ ခေတ်အဆက်ဆက် စုဆောင်းခဲ့ကြရာ မန္တလေးနန်းတွင်း ကျောက်စာရုံနှစ်ရုံမှ ကျောက်စာများသည်လည်း တန်ဖိုးသမိုင်းမြင့်မားသည့် ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ထင်ရှားစွာ တည်ရှိနေကြပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၂) (၉)**

**ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာများ**

**မန္တလေးနန်းတွင်း ကျောက်စာစုဖြစ်စဉ်မှတ်တမ်း (ဦးမြင့်စိုးအောင်)**

**မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန (ဦးမြင့်အောင်)**

# မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးနိုင်ရန် ဒရုန်းအသုံးပြု ကြိုးမဲ့စကားပြောစက် ပြုလုပ်ဆောင်ရွက်

မိတ္ထီလာ မေ ၂၀

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသိပညာပေးနိုင်ရန်ရည်ရွယ်ပြီး MAEU Speaker Drone ကို ပြုလုပ်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။



"ကမ္ဘာ့နိုင်ငံတွေနဲ့ မြန်မာနိုင်ငံမှာပါ ဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ ပြည်သူတွေ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ငံဖို့ ဒီ MAEU Speaker Drone ကို ပြုလုပ်ဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း အခုလို ဒရုန်းတွေ အသုံးပြုပြီး အသိပညာပေးလုပ်ငန်းတွေနဲ့ စောင့်ကြည့်ကွပ်ကဲခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတာမို့ အလားတူဆောင်ရွက်နိုင်စေချင်တာကြောင့်လည်း ပြုလုပ်တာဖြစ်ပါတယ်။ ဒီဒရုန်းနဲ့ ဒေသခံတွေကို ဝိုင်ယာလက် ကြိုးမဲ့စကားပြောစက် အသုံးပြုပြီး အသိပညာ ပေးနှိုးဆော်တာတွေ၊ ကြေညာတာ၊ အသံသွင်းပြီး အသိပေးနှိုးဆော်တာ၊ တိုက်ရိုက်ကြည့်ကင်မရာနဲ့ မြေပြင်အနေအထားကို ရှာဖွေစောင့်ကြည့် ကွပ်ကဲတာတွေ ပြုလုပ်နိုင်ပါတယ်။ MAEU Speaker Drone ကို ပြုလုပ်ဆောင်ရွက်ပြီးဖြစ်တာမို့ အသုံးပြုဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မန္တလေးမြို့သက်ဆိုင်ရာတာဝန်ရှိသူတွေက မန္တလေးမှာ အသုံးပြုဆောင်ရွက်နိုင်ဖို့ ဖိတ်ခေါ်ထားတာရှိတယ်။ မန္တလေးမြို့ကို မသွားမီ မိတ္ထီလာမှာလည်း ဒီဒရုန်းကိုအသုံးချဆောင်ရွက်သွားချင်သေးပါတယ်" ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ ပါမောက္ခ ( ဌာနမှူး ) ဒေါက်တာသဲမောင်မောင်က ပြောသည်။

မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနမှ ပြုလုပ်ထားသည့် အဆိုပါ MAEU Speaker Drone မှာ ပန်ကာ ခြောက်ခုတပ်ဒရုန်းဖြစ်ပြီး ၃ ကီလိုဂရမ်မှ ၄ ကီလိုဂရမ်အလေးချိန်အထိ သယ်ဆောင်နိုင်ကာ ပျံသန်းချိန် ၁၅ မိနစ်အထိ ကြာမြင့်စွာပျံသန်းနိုင်သည်။ လေတိုက်ခတ်မှုဒဏ်ကို ခံနိုင်ရည်ရှိရန် ပြုလုပ်ထားပြီး အမြင့်ပေ မီတာ ၈၀ အထိ ပျံသန်း၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ချမ်းသာ ( မိတ္ထီလာ)



## ပဲခူးမြို့နယ်အတွင်းရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်း၊ ဆွမ်းဟင်းအဆင်ပြေစေရန် လိုက်လံလှူဒါန်း

ပဲခူး မေ ၂၀

ပဲခူးမြို့ ပရဟိတညီအစ်ကိုများနှင့် အလှူရှင်များ၏သဒ္ဓါတရားတို့ စုပေါင်းကာ ပဲခူးမြို့နယ် သံဃာတော်များနှင့် သီလရှင်ဆရာလေးများ ကူညီထောက်ပံ့ရေးအဖွဲ့မှ ယမန်နေ့က ကိုဗစ်-၁၉ ကာလအတွင်း ပဲခူးမြို့နယ်အတွင်းရှိ သီလရှင်ကျောင်းများရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်း၊ ဆွမ်းဟင်း အဆင်ပြေစေရန် လိုက်လံလှူဒါန်းမှုများ ပြုလုပ်ကြသည်။

ပဲခူးမြို့နယ်အတွင်း၌ သီလရှင်ကျောင်းတိုက်ပေါင်း ၁၀၆ ကျောင်း၊ သီလရှင်ဆရာကြီး ဆရာလေး ၁၈၂၈ ပါးရှိပြီး ယနေ့တွင် ကသစ်ဝိုင်ရိပ်သာ၊ ဓမ္မမေသကကျောင်း၊ ရတနာဆင်ဖြူကျောင်း၊ အောင်ဇေယျာသိဒ္ဓိကျောင်း၊ ဓမ္မသိဒ္ဓိကျောင်းစသည့် သီလရှင်ကျောင်းတိုက်များရှိ B Planအတွင်းပါရှိသည့် သီလရှင်ဆရာကြီး ဆရာလေးများအား တစ်ပါးချင်းအလိုက် လှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းပေးသည်။

ပဲခူးမြို့နယ်အတွင်းရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်း၊ ဆွမ်းဟင်း၊ ဆေး အဆင်ပြေစွာ သုံးဆောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းပေးမှုအပေါ် မူတည်ပြီး A Plan, B Plan, C Plan ဆိုပြီး လုပ်ငန်းစဉ်သုံးမျိုး ချမှတ်ကာ ဆွမ်း၊ ဆွမ်းဟင်း အဆင်ပြေနိုင်စေရေး မီးဖိုချောင်ပစ္စည်းများကို အဓိကထားလှူဒါန်းပေးခြင်းဖြစ်ကြောင်း ပဲခူးမြို့ ပရဟိတညီအစ်ကိုများအဖွဲ့မှ ဦးသိန်းထိုက်လင်းက ပြောသည်။

တင်စိုး(ပဲခူး)

# မိုင်းပန်မြို့တွင် ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်စုံပြည့် စနစ်တကျဝတ်ဆင်မှု သရုပ်ပြလေ့ကျင့်

မိုင်းပန် မေ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်တွင် ကိုဗစ်-၁၉နှင့် ပတ်သက်၍ ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်စုံပြည့် စနစ်တကျဝတ်ဆင်မှု သရုပ်ပြလေ့ကျင့်မှု ကို ယမန်နေ့က မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် ရည်ရွယ်၍ ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်စုံပြည့် ဝတ်နည်း၊ ချွတ်နည်း ဗီဒီယိုဖိုင်များကို ပရိုဂျက် တာဖြင့် ပြသပေးခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူများအား ကြုံတွေ့လာခဲ့ပါက ကိုင်တွယ်ကုသရာတွင် ရောဂါကူးစက်မှု မရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများမှ ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်ဆင်မှုကို လက်တွေ့ သရုပ်ပြခဲ့ကြပြီးနောက် စေတနာ့ဝန်ထမ်းနှစ်ဦးအား လက်တွေ့ဝတ်ဆင်စေခဲ့ကာ ဝတ်ဆင်ရာတွင် သတိထားရမည့် အချက်များကို တာဝန်ရှိသူများက သေချာစွာ ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ရောဂါကာကွယ်ရေးဝတ်စုံပြည့် ဝတ်ဆင်မှုသရုပ်ပြပေးစဉ်။

သရုပ်ပြလေ့ကျင့်မှုကို မိုင်းပန်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းခွဲမှ အဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ လူငယ်များက လက်တွေ့ဝတ်ဆင်မှုကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုခဲ့သည်။

ကိုဆန်း(မိုင်းပန်)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်၊ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၆၆ ဦးတို့အတွက် အခြေခံစားကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို တစ်ဦးလျှင် ဆန် ခုနစ်ပြည်၊ ဆီ ၄၀ ကျပ်သား၊ ကုလားပဲ ၆၀ ကျပ်သားနှင့် ဆား ၂၀ ကျပ်သားစီတို့ကို မေ ၁၇ ရက်က ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနိုင် (ဗိုလ်မှူးကြီး-ငြိမ်း)နှင့် အမှုဆောင်များက စနစ်တကျထောက်ပံ့ပေးစဉ်။ အေးသန်း(စိန်တုံးကြီး)

## ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကိုဗစ် - ၁၉ ကာကွယ်ရေး စနစ်တကျစီမံဆောင်ရွက်ထား

ပွင့်ဖြူ မေ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရုံးဝန်ထမ်းများနှင့် လျှပ်စစ်မီတာခ လာရောက်ပေးဆောင်ကြသည့် ပြည်သူများ ကိုဗစ် - ၁၉ ကာကွယ်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း ပွင့်ဖြူ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်က ပြောသည်။

ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်မီတာခ လာရောက်ပေးဆောင်ရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ရုံးခြံဝင်းအဝင်ဝ၌ ဝင်ပေါက်နှင့် ထွက်ပေါက် သီးခြားထားရှိပေးထားသည့်အပြင် ဆိုင်ကယ် ၊ စက်ဘီးများ စနစ်တကျရပ်တန့်နိုင်ရေးအတွက်လည်း နေရာများစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့အပြင် ရုံးအတွင်း လျှပ်စစ်မီတာခပေးဆောင်ခြင်းစနစ်အား တစ်ကြိမ်လျှင် လူရှစ်ဦးသာ ဝင်စေပြီး မီတာခပေးဆောင်ခွင့်ပြုကြောင်း၊ မီတာခမပေးသွင်းမီ အရင်ဆုံး ရုံးဝန်ထမ်းများက အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ လက်ဆေးကန်တွင် စနစ်တကျလက်ဆေးစေခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ပြုလုပ်ထားရှိသောနေရာတွင် အလှည့်ကျစောင့်ဆိုင်း၍ မီတာခ ပေးဆောင်စေကြောင်း သိရသည်။ ရဲဝင်းနိုင် ( ညောင်ဦး )

## ပန်းတနော်မြို့၌ ယာယီဈေးဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်

ပန်းတနော် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ရှိ ပြည်သူများ နေ့စဉ်စားသုံးရန်အတွက် ဈေးဝယ်ရာတွင် အဆင်ပြေစေရေး၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးတို့အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက ပန်းတနော်မြို့ မင်းရဲကျော်စွာလမ်းရှိ ပုံကျဈေးကို အနောက်ပိုင်းရပ်ကွက် မြို့နယ်ဘောလုံးအားကစားကွင်း၌ ယာယီပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။

မြို့နယ်ဘောလုံးအားကစားကွင်း၌ ဆိုင်တစ်ဆိုင်လျှင် ခြောက်ပေပတ်လည်ကျယ်ဝန်းပြီး တစ်ဆိုင်နှင့်တစ်ဆိုင် အကွာအဝေးမှာလည်း ခြောက်ပေထားရှိကာ၊ ဈေးဝယ်သူများကလည်း ဈေးသည်နှင့် သုံးပေအကွာမှဝယ်ယူရန် ကြိုတင်ဆောင်ရွက်သတ်မှတ်ထားကြောင်း သိရသည်။ အဆိုပါယာယီဈေးကို နံနက် ၆ နာရီမှ ၁၀ နာရီအထိ ရောင်းချပေးနိုင်ရန် လျာထားလျက်ရှိပြီး ဈေးအဝင်ပေါက်နေရာများတွင်လည်း ရေ၊ ဆပ်ပြာနှင့် လက်သန့်ဆေးရည်များ ထားရှိပေးကာ နှာခေါင်းစည်းများတပ်ဆင်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပန်းတနော်)

## ပညာပေးနှိုးဆော်ချက်

- ❊ မိုးဦးကျကာလဖြစ်သော မေပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။
- ❊ အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော( သို့မဟုတ်) ဥနှင့် ပြည့်ဝနေသောမျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်ကြီးများကို မေပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဟားခါးမြို့ပေါ်ရှိ ရုံးများ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဟားခါး မေ ၂၀**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားချက်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဟားခါးမြို့နယ်မီးသတ်ဦးစီးဌာနက ဟားခါးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသျှန်နွှန်းမောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၏ ရုံးခန်းများ၊ အစည်းအဝေးခန်းမနှင့် ဧည့်ခန်းများ၊ ဝန်ထမ်းများ၏ ရုံးခန်းများ၊ ရေအိမ်၊ သန့်စင်ခန်းများနှင့် လှေကားလက်ရန်းများကို ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဟိုပုံးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအား ပိုးသတ်ဆေးဖျန်းပေးနေစဉ်။

# ဟိုပုံးမြို့၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**ဟိုပုံး မေ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ကျေးရွာအုပ်စုနှင့် ရပ်ကွက်များတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးသည့် အများပြည်သူ သွားလာမှုများပြားသော ဘုန်းတော်ကြီးကျောင်း၊ လမ်းများ၊ ကျေးရွာများနှင့် နေအိမ်များ၊ ဈေးဆိုင်များတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြို့ပေါ်အလှူရှင်များ၊ ကျေးရွာအလှူရှင်များနှင့် ရပ်ဝေးမှအလှူရှင်များက လိုအပ်ပစ္စည်းများ လာရောက်လှူဒါန်းကြပြီး ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်မှုဖြင့် ရပ်ကွက် /ကျေးရွာလူငယ်အဖွဲ့မှ ဘုန်းတော်ကြီးကျောင်းများ၊ ဈေးဆိုင်များ၊ အိမ်များ၊ လမ်းမကြီးများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**



ဟားခါးမြို့နယ် ပြည်နယ်အဆင့် ရုံးခန်းမများသို့ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပေးနေစဉ်။

# ရေစကြိုမြို့နယ်၌ ကိုဗစ် - ၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းကား အခမဲ့ဖြင့် ဝန်ဆောင်မှုပေး

**ရေစကြို မေ ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောက်ဆီဂျင်အခမဲ့ ကူညီရေးအသင်းမှ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရန် ဆေးဖျန်းကား ဝန်ဆောင်မှု အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။



အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းမှ ရေစကြိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများကို ပိုးသတ်ဆေးဖျန်းကား ဝန်ဆောင်မှုအခမဲ့ဖြင့် ဆောင်ရွက်ပေးခြင်းကို မေ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(ဓာတ်ပုံ)**

''ရွာတွေက ခေါ်ရင်လည်း ပိုက်ဆံသတ်မှတ်ချက်မရှိဘူး။ ဖျန်းမယ့်ဆပ်ပြာမှုန့်နဲ့ ကလိုရင်းကိုတော့ ဖျန်းချင်တဲ့သူကရှာပေး။ ကျွန်တော်တို့က ဝန်ဆောင်မှုပေးမယ်။ စေတနာသဒ္ဓါပေါက်လို့ လှူချင်ရင်လည်းလှူ မလှူရင်လည်း ဘာမှမဖြစ်ဘူး'' ဟု အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းမှ တာဝန်ခံ ကိုဝဏ္ဏအောင်က ပြောသည်။

ရေစကြိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းမှ ဝန်ဆောင်မှု အခမဲ့ဖြင့် ပိုးသတ်ဆေးဖျန်းပေးခြင်းကို မီးသတ်၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်း မည်သည့်အဖွဲ့အစည်းနှင့် မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယခင်ရက်များက ပိုးသတ်ဆေးဖျန်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီအဖွဲ့တို့က မြို့ပေါ်လမ်းမများပေါ်တွင် ခြေကျင်လမ်းလျှောက်ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**အိမ္ဗနှဆွေ(ရေစကြို)**

# ဂန့်ဂေါမြို့ အလှူရှင်များ အကူအညီဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် ပိုးသတ်ဆေးဖျန်း

**ဂန့်ဂေါ မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဂန့်ဂေါမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဂန့်ဂေါခရိုင် မီးသတ်တပ်ဖွဲ့မှ ဦးဆောင်ကာ ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းကို ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်းကာ မြို့မအနောက်ကျောင်းတိုက်၊ မြို့ခင်သာကျောင်းတိုက်၊ မြို့မစာသင်တိုက်၊ ဒက္ခိဏာရာမကျောင်းတိုက်၊ မြို့မတောရကျောင်းတိုက်နှင့် မြို့ဦးမင်းပန်းကျောင်းတို့တွင် ဘုရားခန်းများ၊ ဆွမ်းစားဆောင်များ၊ သံဃာဆောင်များ၊ ကုဋီများနှင့် လူသွားလူလာများသောနေရာများကို ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ကြသည်။ **(အောက်ပုံ)**

**ထင်အောင်နိုင်(ပြန်ဆက်)**



# မြဝတီမြို့၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကာကွယ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**မြဝတီ မေ ၂၀**

ကရင်ပြည်နယ် မြဝတီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှထွန်းက ပြောသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးရွာများအထိပါ ဆောင်ရွက်လျက်ရှိပြီး နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးဖျန်းခြင်းကို တစ်လမ်းဝင် တစ်လမ်းထွက်စနစ်ဖြင့် ဆောင်ရွက်နေကြောင်း ၎င်းက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



မြဝတီမြို့၌ ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမှုကာကွယ်ရေး ပိုးသတ်ဆေးဖျန်းဆောင်ရွက်နေစဉ်။

# ရွှေဘိုမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ရွှေဘို မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုဗစ် – ၁၉ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆာမူအဲလ် ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့သည် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုခရိုင်လမ်းဦးစီးဌာန၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးနှင့် ဥသျှစ်ကန်ကျေးရွာအုပ်စု ရန်ကြီးအောင်ကွက်သစ်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာတွင်လည်း ဆိပ်ခွန်နယ်မြေ မီးသတ်စခန်းမှ တာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ထက် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ နေအိမ်များ၊ ဘုန်းကြီးကျောင်းများကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကရသူရီမြို့၌ ဒေသဖွံ့ဖြိုးရေးများဆောင်ရွက်

**ကရသူရီ မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ မြို့ပေါ်ရပ်ကွက်သုံးနေရာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၀၆၉ သိန်းဖြင့် ဒုတိယသုံးလပတ် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ကရသူရီမြို့အမှတ်(၁)ရပ်ကွက် မေတ္တာလမ်း အလျား ၂၀ ပေ၊ အကျယ် ၆ ပေ၊ အမြင့် ၅ ပေရှိ ကွန်ကရစ်တံတားကို ငွေကျပ် ၃၂ သိန်းဖြင့် တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်သော အမှတ် (၁) ရပ်ကွက် ဆိပ်ကမ်းသာလမ်း အလျားပေ ၁၆၀၀၊ အကျယ်၂ ပေ၊ အမြင့် ၅ ပေရှိ ဒီရေထိန်းနံရံပြုလုပ်ခြင်းကို ငွေကျပ် ၆၂၂ သိန်း ဖြင့်လည်းကောင်း၊ အမှတ် (၂)ရပ်ကွက် အဏ္ဏဝါလမ်း အလျားပေ ၃၀၀၊ အကျယ် ၂ ပေ၊ အမြင့် ၅ ပေရှိ ကျောက်စီမြေထိန်းနံရံ ပြုလုပ်ခြင်းကို ငွေကျပ် ၁၁၂ သိန်းဖြင့် လည်းကောင်း၊ အမှတ် (၃) ရပ်ကွက် သစ္စာလမ်းအပိုင်း (၂)အလျားပေ ၈၀၀၊ အကျယ်၁၂ပေ၊ ထုထည် ၆ လက်မ ရှိ ကွန်ကရစ်ခင်းခြင်းကို ငွေကျပ် ၃၀၃ သိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို မြို့စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကရသူရီမြို့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းတစ်နေရာ

**စိုးဝင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် စိန်ပန်းကျေးရွာအဝင်လမ်း အဆင့်မြှင့်တင်နေမှု ၇၅ ရာခိုင်နှုန်းပြီးစီး

**ပွင့်ဖြူ မေ ၂၀**

မကွေးတိုင်းဒေသကြီး စိန်ပန်းကျေးရွာတွင် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်း လမ်းအရှည်ပေ ၃၅၀၀ အား မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။ **(အောက်ပုံ)**

ရာသီမရွေး သွားလာနိုင်ရေး မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးခဲ့ပြီး ကျေးရွာပြည်သူလူထုမှ ငွေကျပ် ၆ သိန်း ထည့်ဝင်၍ လမ်းအကျယ် ၁၂ ပေ၊ ထု ၉ လက်မ မြေနီကျောက်စရစ်လမ်းအဖြစ် ယခုလဆန်းပိုင်းက စတင်၍ အဆင့်မြှင့်တင်ဖောက်လုပ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာပေါင်း ၁၆ ရွာ စိစစ်ရွေးချယ်၍ ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ၁၆ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဋ္ဌေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ကျောက်မဲမြို့နယ် ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်

**ကျောက်မဲ မေ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်မဲမြို့နယ် အတွင်း ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို ပန်ပေါင်း၊ ကန့်ကန်၊ ညောင်မောင်း၊ ကလောင်းဝိုင်း၊ မန်ပေါက်၊ မန်ဝိန်း၊ ပန်သပြေ၊ အက်ကြီး၊ မန်ဝိန်း (ရွာဟောင်း)၊ နမ့်ဆော့၊ ကောင်းမုလိန်၊ ပန်းမ(တောင်)၊ နမ့်ဟူးဟန်လီ၊ နောင်သျှင်၊ ကောင်းဟုန်းကျေးရွာ ၁၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။




အဆိုပါ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအနေဖြင့် ကွန်ကရစ်လမ်း လေးလမ်း၊ ကျောက်ချောလမ်းလေးလမ်း၊ ရေပေးရေးလုပ်ငန်း လေးခု၊ ဘက်စုံသုံးခန်းမ နှစ်ခု၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၁၅ ခု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေနှင့်ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၆၁ ဒသမ ၃ သန်းဖြင့် ယခုနှစ်မတ်လမှ စတင်ကာ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင် (ပျော်ဘွယ်)**

# ထီးလင်း၌ မြို့တွင်း ရပ်ကွက်လမ်းများ ကွန်ကရစ်လမ်းခင်း

**ထီးလင်း မေ ၂၀**

ဂန့်ဂေါခရိုင် ထီးလင်းမြို့တွင် မြို့ပေါ်ရပ်ကွက်လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ခင်းကျင်းဆောင်ရွက်နေမှုများကို ယမန်နေ့က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘွေကီးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်တို့က ထီးလင်းမြို့ အမှတ်(၁)ရပ်ကွက် ခတ္တာလမ်း အရှည် ၅၅၄ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မ ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အမှတ် (၂) စည်ပင်သာယာရပ်ကွက်ရှိ ငုရွှေဝါလမ်းအရှည်ပေ ၆၇၀၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မ ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီး နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး အဆိုပါကွန်ကရစ်လမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ကျပ် ၁၀ သန်းနှင့်အထက် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စည်(ပြန်/ဆက်)**

# နွေစပါးဖြိုင်ဖြိုင်ပေါ်ချိန် စပါးအစိုတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်ကျဆင်း

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဆည်တမံရေသောက် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းလျက်ရှိပြီး ယခုလက်ရှိ စပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင် ရောင်းလိုအားနှင့် ဝယ်လိုအားကို ချိန်တွက်ကာ ကုန်သည်များက ဈေးနှုန်းကို ထိန်းချုပ်လျက်ရှိ၍ စပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

"တောင်သူတွေ စပါးပေါ်ရင် ထုံးစံလိုပါပဲ။ ဈေးနှုန်းဖွင့်တာက ကုန်သည်တွေဆိုတော့ အခုသူတို့ဆန်စက်တွေမှာ စပါးတွေပုံနေတယ်။ ရောင်းလိုအားကများတော့ ဈေးနှုန်းက ဖမ်းထိန်းလိုက်တဲ့သဘောပါပဲ" ဟု အင်းပက်လက်ကျေးရွာနေ စပါးအရောင်းအဝယ် လုပ်သူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် လက်ရှိစပါးများ ရိတ်သိမ်းလျက်ရှိရာတွင် ရိတ်ခြွေခစက်ဖိုးနှင့် သွင်းအားစုဓာတ်မြေသြဇာအကြွေးများကို အမြန်ဆုံးပေးဆပ်နိုင်ရန် စက်ကျအစိုကိုသာ စပါးအရောင်းအဝယ်လုပ်သူနှင့် ချိတ်ဆက်ကာ ရောင်းချကြခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့တောင်သူတွေက စပါးကို ခြောက်အောင်အထိ မထားနိုင်ကြဘူးလေ။ စပါးသယ်ယူရတာ၊ အခြောက်လှန်းဖို့အတွက် လူငှားရတာတွေက ငွေကြေးထပ်ကုန်မယ့်အပြင် စပါးကလည်းလျော့သွားဦးမှာ။ နောက်ဓာတ်မြေအကြွေးတွေကလည်း အတိုးကတက်နေတာရယ်၊ ရိတ်ခြွေခက စပါးရောင်းပြီးတာနဲ့ တန်းပေးရတာဆိုတော့ အစိုဈေးနှုန်းအတိုင်းပဲရောင်းရတာပဲ" ဟု ဆွာမင်းလမ်း ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။



ရေတာရှည်မြို့နယ်၌ နွေစပါးရိတ်သိမ်းခြွေလှေ့ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကို တွေ့ရစဉ်။

စပါးစိုက်ပျိုးရာတွင် နှစ်စဉ်လိုလို အရှုံးပေါ်နေကြရသည့် တောင်သူများအနေဖြင့် လက်ရှိစပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းဈေးဖြင့် ရောင်းချရသည့်အခါ အဆင်ပြေကြသော်လည်း ဈေးနှုန်းများ ထပ်မံကျဆင်းလျှင် အခက်အခဲများကြုံတွေ့နိုင်သည်ဖြစ်ရာ လက်ရှိကာလ နွေစပါးများပေါ်ခြင်းကြောင့် မိုးစပါးမတိုင်မီ ဆန်ရိက္ခာလိုအပ်မှုများ ဖြည့်တင်းနိုင်မည်ဖြစ်သည်။ **သန်းလွင်**

# မိုးကောင်းစည်ပင်သာယာဈေး ယာယီပြောင်းရွှေ့ဖွင့်

**မိုးကောင်း မေ ၂၀**

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူစုလူဝေးများ မဖြစ်ပေါ်စေရန် ယမန်နေ့မှစ၍ မိုးကောင်းမြို့မစည်ပင်သာယာဈေးရှိ စားသောက်ကုန်နှင့် အသားငါးရောင်းချသူများကို နေရာပြောင်းရွှေ့ ဖွင့်လှစ်ပေးသည်။

ဈေးရောင်းချသူများက လတ်တလောစည်ပင်သာယာမှထုတ်ပြန်ထားသည့် စည်းကမ်းချက်များဖြစ်သည့်နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ဈေးဝယ်သူနှင့် သုံးပေအကွာမှ ရောင်းချပေးခြင်း၊ ခေါက်ဆွဲ၊ လက်ဖက်ရည်နှင့် စားသောက်စရာများကို ပါဆယ်စနစ်ဖြင့်သာ ရောင်းချခြင်းတို့ကို တိကျစွာ လိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ထားသည်။

ဈေးရောင်းဈေးဝယ်များ လွယ်ကူမှုရှိစေရန်နှင့် စုဝေးမှုမရှိစေရန် ဆိုင်ခန်းတစ်ခန်းလျှင် ခြောက်ပေပတ်လည်နှင့် တစ်ခန်းနှင့်တစ်ခန်း ခြောက်ပေစီခြားကာ လူသွားလမ်းအကျယ်မှာ ပေ ၂၀ ဖြစ်ပြီး ဈေးရောင်းချချိန်မှာ နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေသော်လည်း ပီတီတီအီးပီအနေဖြင့် ကြိုတင်လျာထားချက်များအတိုင်း ဆက်လက်လည်ပတ်မည်

ရန်ကုန် ဧပြီ ၂၀

လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့ရေနံဈေးကွက်မှာအကျပ်အတည်းနှင့် ရင်ဆိုင်နေရလျက်ရှိရာ ပီတီတီအီးပီမြန်မာ့စီမံကိန်းအနေဖြင့် ယခင်ကြိုတင်လျာထားချက်အတိုင်းသာ လုပ်ငန်းများကို ဆက်လက်လည်ပတ် လုပ်ဆောင်မည်ဖြစ်ကြောင်း ပီတီတီအီးပီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်တို့ထံမှ သိရသည်။

မကြာသေးမီက မြန်မာနိုင်ငံရှိ ဇောတိကကမ်းလွန်စီမံကိန်း၏ 1A ၊ 1B နှင့် 1C တို့၏ လုပ်ဆောင်ဆဲအဆင့်များကို ပြန်လည်သုံးသပ်ခြင်းဆောင်ရွက်မှုတွင် စာချုပ်ပါကတိကဝတ်များအတိုင်း ခွင့်ပြုထားသော တိုးချဲ့ကာလအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကို လုံလောက်စွာထုတ်လုပ်နိုင်မည့် ရေနံသိုက်များ တည်ရှိနေကြောင်း ဖော်ပြထားရာ ထိုစီမံကိန်း၏ စီးပွားရေးကဏ္ဍအလုံးစုံကို ထိခိုက်မှုမရှိနိုင်သောကြောင့် ID ၏လုပ်ဆောင်မှုအဆင့်အတွက် လိုအပ်သော ဝယ်ယူမှုလုပ်ငန်းများကို ခေတ္တရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်တို့ကို စာချုပ်ပါ ကတိကဝတ်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးကျဆင်းခြင်းကြောင့် ရေရှည်တွင် ရောင်းအားပမာဏ အကျိုးသက်ရောက်နှင့် စပ်လျဉ်း၍ ပီတီတီအီးပီ၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သော Mr. Phongsthorn Thavisin က "ကိုဗစ်-၁၉ကြောင့် မတ်လကတည်းကဖြစ်ပေါ်ခဲ့တဲ့ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှု ၆၀ ရာခိုင်နှုန်းဟာ အခုနှစ်အတွက် လျာထားတဲ့ ပီတီတီအီးပီရဲ့ ရောင်းအားပမာဏအပေါ် သိသိသာသာရိုက်ခတ်မှုရှိမှာမဟုတ်ပါဘူး။ အခုနှစ်အတွက် ကြိုတင်ရည်မှန်းထားတဲ့ တစ်ရက်ကို ရေနံစည်ပေါင်း ၃၈၈၀၀၀ ပျမ်းမျှရောင်းအားမှာ ငါးရာခိုင်နှုန်းအောက်သာ လျော့နည်းနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ကုန်ထုတ်လုပ်မှုအများစုကို ကိုယ်စားပြုတဲ့ သဘာဝဓာတ်ငွေ့ရောင်းချမှုပမာဏကိုလည်း အရောင်းသဘောတူညီချက်စာချုပ်တွေအတိုင်း လုံလောက်စွာထုတ်လုပ်ပြီး ဖြစ်ပါတယ်။ စုစုပေါင်း ရောင်းအားရဲ့ ၃၀ ရာခိုင်နှုန်းကို နေရာယူထားတဲ့ ရေနံဈေးရောင်းဈေးကတော့ ပြင်ပမှာ ဈေးနှုန်းမကျရေးအတွက် စီမံထားပေမယ့် ရေနံဈေးကွက် မတည်ငြိမ်မှုကြောင့် တိုက်ရိုက်သက်ရောက်မှု ရှိနေပါတယ်။ စီမံကိန်းအများစုအတွက် သဘာဝဓာတ်ငွေ့ဈေးနှုန်းကို ရောင်းဝယ်ရေးသဘောတူညီချက်တွေအတိုင်းချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒီလိုရေနံဈေးနှုန်း ကျဆင်းမှုဟာ ဆက်လက်ကြာရှည်နေမယ်ဆိုရင် အနာဂတ်မှာ ပီတီတီအီးပီအတွက် အကျိုးသက်ရောက်မှုကတော့ အတိုင်းအတာတစ်ခုအထိ ရှိလာမှာပါ"ဟု ပြောကြားသည်။

PTTEP Myanmar Asset သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသောကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံများအတွက် ရေနံဓာတုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် အဓိကဦးတည်ဆောင်ရွက်နေသောထိုင်းနိုင်ငံရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော PTT Exploration and produ-ction public Company Limited(P TTEP) ၏လုပ်ငန်းခွဲကုမ္ပဏီတစ်ခုဖြစ်ရာ ထိုင်းနိုင်ငံ၏ Stock Exchange တွင် ထိပ်တန်းကုမ္ပဏီ ၁၀ ခုစာရင်းဝင်အများပိုင် ကုမ္ပဏီတစ်ခုဖြစ်၍ ကမ္ဘာတစ်ဝန်း၌ ရေနံရှာဖွေထုတ်လုပ်ရေးစီမံချက်များ ဆောင်ရွက်နေကြောင်း သိရသည်။ သန်းထိုက်

ဓာတ်ပုံ - ပီတီတီအီးပီ



မုတ္တမပင်လယ်ကွေ့ရှိ ဇောတိကစီမံကိန်းတစ်ခုကို တွေ့ရစဉ်။

## မိုင်းယောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ပိုးသတ်ဆေးဖျန်း

မိုင်းယောင်း ဧပြီ ၂၀

ပင်စင်စားများ ပင်စင်လစာငွေလာရောက် ထုတ်ယူသည့်အခါ ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကင်းရှင်းစေရန်အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ကျန်းမာရေး ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

မိုင်းယောင်းမြို့နယ် မိဘပင်စင်စားများ ကိုဗစ်- ၁၉ ကူးစက်ရောဂါကာကွယ်နိုင်ရေးအတွက် မိမိတို့၏ ပင်စင်လစာငွေများကို လစဉ် ၂၁ ရက်နှင့် ၂၁ ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင်လည်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

(ပြန်/ဆက်)



## စေတုတ္တရာမြို့၌ လျှပ်စစ်မီတာခများ ကောက်ခံရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးများဆောင်ရွက်ထား



စေတုတ္တရာ ဧပြီ ၂၀

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့နယ်လျှပ်စစ်ရုံးတွင် လျှပ်စစ်မီတာခများအား စနစ်တကျကောက်ခံပေးသွင်းလျက်ရှိကြောင်း သိရသည်။

မြို့နယ် လျှပ်စစ်ရုံးမှ ပြည်သူများလျှပ်စစ်မီတာခများ ပေးချေရာ၌ ကိုဗစ်-၁၉ ကူးစက်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ရုံးရှေ့တွင် ပြည်သူများစနစ်တကျလက်ဆေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ မီတာခပေးသွင်းသည့် နေရာများအား သုံးပေကွာသတ်မှတ်ပေးထားပြီး ပြည်သူများအနေဖြင့် သတ်မှတ်နေရာများတွင်သာ အလှည့်ကျ ပေးဆောင်စေခြင်းများဖြင့် စည်းကမ်းများသတ်မှတ်၍ ကောက်ခံပေးလျက်ရှိရာ ပြည်သူများက မြို့နယ်လျှပ်စစ်ရုံး၏ သတ်မှတ်ပေးထားသော စည်းကမ်းများကိုလိုက်နာပြီး လျှပ်စစ်မီတာခများအား စနစ်တကျ ပေးဆောင်လျက်ရှိကြောင်း သိရသည်။

ခင်သန်းလှိုင် (ပြန်/ဆက်)

## သောက်သုံးရေအခက်ကြုံနေသော ကျေးရွာသို့ ရေများလှူဒါန်း

ပုဗ္ဗသီရိ ဧပြီ ၂၀

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် သောက်သုံးရေအခက်ကြုံနေသော ကျေးရွာများအား သောက်သုံးရေရရှိစေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေများ လှူဒါန်းပေးခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ဆောင်ရွက်သည်။

ထိုသို့လှူဒါန်းရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်ဦးနှင့်တာဝန်ရှိသူတို့က ရေဂါလန် ၄၀၀၀ ကို စက်ကုန်းကျေးရွာရှိ သောက်သုံးရေအခက်ကြုံနေသော ပြည်သူများအား အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သောက်သုံးရေအခက်အခဲရှိသည့် သံဖြူဇရပ်မြို့နှင့် မြို့နယ်များသို့ ပရဟိတအဖွဲ့များက နေ့စဉ်ရေလှူဒါန်းနေ

သံဖြူဇရပ် ဧပြီ ၂၀

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်သည် နွေရာသီကာလတွင် ရပ်ကွက်/ကျေးရွာအများစု၌ သောက်သုံးရေပြတ်လပ်မှုနှင့် နှစ်စဉ်ကြုံတွေ့လျက်ရှိရာ အိမ်ခြေအများစုမှာ ရေရောင်းချသူများထံမှ ၁၀၀၀ လီတာတစ်စည်လျှင် ငွေကျပ် ၇၀၀၀ အထိ ဝယ်ယူသုံးစွဲနေရသည်။

ပြည်သူများ၏ သောက်သုံးရေလိုအပ်မှုကို အကူအညီပေးနိုင်ရန်အတွက် နှစ်စဉ်ရေလှူဒါန်းပေးနေသည့် ဖြူစင်မေတ္တာလူမှုကူညီရေးအဖွဲ့ အပါအဝင်၊ ရပ်ကွက်/ ကျေးရွာများအချို့တွင် စုပေါင်းဖွဲ့စည်းထားသည့် ရေအလှူယာဉ်များဖြင့် လူငယ်အဖွဲ့များက ပို့ဆောင်လှူဒါန်းသည်။

ရေလှူဒါန်းရေးတွင်ဆောင်ရွက်နေသည့်သံဖြူဇရပ်မြို့ အောင်ချမ်းသာရပ်ကွက်မှ ရေယာဉ်မောင်းသူတစ်ဦးက " ကျွန်တော်တို့ သံဖြူဇရပ်မြို့မှာလွန်ခဲ့တဲ့ ငါးနှစ်လောက်ကစပြီး နွေရာသီမှာ တစ်နှစ်ထက်တစ်နှစ်ရေခန်းခြောက်မှု ပိုများလာခဲ့ပါတယ်။ မြို့ရဲ့ရေအရင်းအမြစ်ကိုထိန်းပေးတဲ့ ကြာကန်အင်းနဲ့ ခေါပင်ချောင်းကြီးကလည်း ကောနေတာနှစ်များစွာကြာခဲ့တော့ အခုမြို့ပေါ်ရပ်ကွက် အားလုံးနီးပါးက ရေတွင်းတွေခန်းခြောက်နေတာဖြစ်ပါတယ်" ဟု ပြောသည်။

သံဖြူဇရပ်မြို့ပေါ်တွင် နွေရာသီ၌ သောက်သုံးရေများ ပို့ဆောင်ရောင်းချသည့်ယာဉ်အစီးအရေ ၃၀ ခန့်နှင့် ရေပေးဝေလှူဒါန်းပေးနေသည့် ယာဉ် ၁၀ စီးခန့်မှာ နေ့စဉ်ရေဂါလန် ၃၀၀၀၀ ကျော်ခန့်ကို ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများသို့ ပို့ဆောင်ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

အေးအေးသီ (သံဖြူဇရပ်)



## ကသာမြို့နယ်တွင် မိုးမလိုက်၍ ဆီထွက်မြေပဲ ဥအထွက်နှုန်းကျဆင်း

ကသာ ဧပြီ ၂၀

ကသာမြို့နယ်တွင် ဧရာဝတီမြစ်ကျွန်းပေါ် နုန်းတင်မြေနုကျွန်းတွင် ဆီထွက်မြေပဲစိုက်ပျိုးသူအများစုမှာ မြေပဲဥချိန် မိုးလယ်ရွာသွန်းခြင်း မရှိသဖြင့် မြေပဲဥနှုန်းကျဆင်းလျက်ရှိကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဧရာဝတီမြစ်ရေနှစ်စဉ် တိုးနေကြအချိန် မြစ်ရေမတိုး၍ နုန်းတင်မြေနုကျွန်းတွင် မြေပဲစိုက်ပျိုးသူများ စိတ်သက်သာရာရကြသော်လည်း မြေပဲဥဖြစ်ထွန်းချိန် မိုးရွာသွန်းခြင်းမရှိသဖြင့် မြေပဲဥထွက်ရှိနှုန်းနည်းပါးလျက် ထွက်ရှိမြေပဲဥများမှာလည်း မြေပဲဆန်ကောင်းခြင်း မရှိကြောင်း၊ အချို့ မြေပဲခင်းများဆိုလျှင် မြေကျပ်ခြင်း၊ မြေမာသွားခြင်းနှင့် အင်းစပ်၊ မြစ်ကျိုးအင်းစပ်နှင့် မြစ်ရေတင်းရေပက်ဖျန်းပေးနိုင်သောနေရာများရှိ မြေပဲစိုက်ခင်းများသာလျှင် ဆီထွက်မြေပဲဥများ အဆန်ကောင်းများ ရရှိနိုင်ကြကြောင်း၊ သို့သော်ယခုနှစ် မြေပဲဈေးအဝယ်မလိုက်လာသေးသည့်အတွက် ပွဲရုံများမှ ဈေးနှုန်းဘယ်လိုပေးမည်ဆိုသည်မှာ ပြောမရကြောင်း၊ ယခုပုံစံအတိုင်းဆိုလျှင် မြေပဲရောင်းပွဲရုံများမှ ငွေကြိုမယူထားသူများ ဈေးပိုပေးသူများကို ရောင်းပေးနိုင်မည် ဖြစ်သဖြင့် မြေပဲမျိုးစေ့ဖိုးလောက်တော့ရနိုင်သဖြင့် အရှုံးမပေါ်လောက်ကြောင်း၊ ကြိုတင်ငွေချေးထားသည့် လုပ်ငန်းရှင်များအတွက် အခက်အခဲများစွာကြုံရနိုင်ကြောင်း မြေပဲစိုက်တောင်သူ ဦးလှရွှေက ပြောသည်။

ဧရာဝတီမြစ်အတွင်း နုန်းတင်မြေနိမ့်ပိုင်းတွင် မြေပဲ၊ ဖရဲ၊ တိုင်ထောင်ခရမ်းချဉ်၊ ပန်းအမျိုးမျိုးနှင့်ရောင်းတန်းဝင် သီးနှံမျိုးစုံပင်များ စိုက်ပျိုးကြရာ သီးနှံရိတ်သိမ်းကာလ ကျွမ်းကျင်လုပ်သား ငှားရမ်းရမှုအခက်အခဲရှိပြီး နေ့စဉ်လုပ်သားများငွေပေးချေရေး အရင်းအနှီးလိုအပ်သူများလည်း ရှိနေကြောင်း သိရသည်။

ငွေအိုး (ကသာ)

# လွိုင်ကော်မြို့၌ ဒေသခံလမ်းသွားလမ်းလာများအား နှာခေါင်းစည်းများ ဖြန့်ဝေ

**လွိုင်ကော် ဧပြီ ၂၀**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အထောက်အကူဖြစ်စေရန်အတွက် လွိုင်ကော်မြို့ နာရီစင်၊ သီရိမင်္ဂလာဈေး(တောင်ဈေး)၊ မိုင်းလုံးမီးပွိုင့်နှင့် မြို့ဦးကျောင်းမီးပွိုင့် တို့တွင် ယမန်နေ့က လွိုင်ကော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ဝင်း ဦးဆောင်၍ ယာဉ်ထိန်းရဲများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက လမ်းသွားလမ်းလာများနှင့် ယာဉ်မောင်းနှင်သူများအား ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှထုတ်ပြန်သည့် ဒေသန္တရ အမိန့်စာများနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။ **(အပေါ်ပုံ)**



လွိုင်ကော်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် လူစုလူဝေးမဖြစ်ပေါ်စေရန် အပန်းဖြေနေရာများနှင့် လူစုလူဝေးဖြစ်စေနိုင်သောနေရာများ ယာယီပိတ်ထားခဲ့ပြီး ယခုအချိန်၌ အဓိကလမ်းများပေါ်တွင် သွားလာမှု နည်းပါးနေသေးကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ကော့သောင်းမြို့၌ မဖြစ်မနေလမ်းထွက်သွားလာနေကြရသည့် ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ရန်စည်းရုံးပညာပေး

**ကော့သောင်း ဧပြီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မဖြစ်မနေလမ်းထွက်သွားလာနေကြသည့် နှာခေါင်းစည်းမတပ်ဆင်သူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသိပညာပေးလှုပ်ရှားမှုကို ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ ကော့သောင်းမြို့ အသွားအလာများပြားရာ ဗိုလ်ချုပ်လမ်းတစ်လျှောက်သွားလာလျက်ရှိသည့် ပြည်သူများအား ဧပြီ ၂၀ ရက်က ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ကော့သောင်းမြို့အနေဖြင့် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးလုပ်ငန်းများကို ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ မဖြစ်မနေလမ်းထွက်ပါက နှာခေါင်းစည်းများတပ်ဆင်ကြရေး ဒေသန္တရအမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီးကျယ်ကျယ်ပြန့်ပြန့်အသိပေးထားရာ ပြည်သူအများစု နှာခေါင်းစည်းတပ်ဆင်ကြသော်လည်း စည်းကမ်းမလိုက်နာသူ ပြည်သူတချို့ကြောင့် ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး ယခုကဲ့သို့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပလောက်မြို့နေပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးဆောင်ရွက်

**ပလောက် ဧပြီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် အပြင်အသွားအလာပြုလုပ်နေသောပြည်သူများအားနှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ပလောက်မြို့စည်ပင်သာယာဈေးကြီးအရှေ့၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်ရာတွင် ပလောက်မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ပလောက်မြို့အတွင်းရှိ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်အတွင်း၌ လမ်းသွားလမ်းလာပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်သူများအားလုံး နှာခေါင်းစည်းတပ်ဆင်ရန် စည်းရုံးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့နယ် ဒဂုံရိပ်သာဈေး၌ ပြည်သူများအား လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ပေးဝေ

ဒဂုံ ဧပြီ ၂၀ – ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဒဂုံရိပ်သာဈေး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူများအား သိရှိလိုက်နာကြစေရန်အတွက် ဈေးအတွင်းလူစုလူဝေးဖြင့် ဈေးဝယ်ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်းနှင့် လက်သန့်ဆေးရည်၊ နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဒဂုံရိပ်သာ ဈေးတာဝန်ခံ ဦးအောင်ကိုလတ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမင်းသန်းတို့က ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ကူးစက်ပြန့်ပွားမှုမရှိစေရန် ပြည်သူများအနေဖြင့် မဖြစ်မနေ အပြင်သို့သွားရောက်ရမည့်ကိစ္စရပ်များတွင် နှာခေါင်းစည်းများတပ်ဆင်ကြရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ပေးသော ကျန်းမာရေးအသိပညာပေးခြင်းတို့ကို တိကျစွာလိုက်နာကြစေခြင်းဖြင့် ပူးပေါင်းကူညီကြစေရန် အသိပညာပေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID-19 ကူးစက်မြန်ရောဂါကို ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့-

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကို မထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့်အုပ်၍ ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျ ပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေး ပြုလုပ်နေစဉ် လေဝင်/ လေထွက် ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ဆတ်သွားကျေးရွာ ရိုးမလမ်းဆုံတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**တောင်တွင်းကြီး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ ရန်ကုန်-ပြည်လမ်းမကြီးရှိ ရိုးမလမ်းဆုံတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှု ဖြင့် ဖြတ်သန်းသွားလာသည့် ပြည်သူများအား နှာခေါင်းစည်း ၃၅၀ ကို ယမန်နေ့က ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆတ်သွားရဲစခန်းမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ခဲ့သည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မဖြစ်မနေဖြတ်သန်းသွားလာရသူများအားစိစစ်ကာ ကျေးရွာအတွင်းသို့မဝင်မီ လက်ဆေးစေခြင်းနှင့် နှာခေါင်းစည်း တပ်ဆင်ထားမှုသာ ဖြတ်သန်းသွားလာနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# နောင်တရားပရဟိတအဖွဲ့မှ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်း

**နောင်တရား ဧပြီ ၂၀**

စားသုံးသူများအဆင်ပြေစေရေးအတွက် နောင်တရားမြို့ စည်ပင်သာယာရေးဌာနမှ ဈေးရောင်း ဈေးဝယ်သူများအတွက် နောင်တရားမြို့မဈေးသစ်ကြီး၌ ယမန်နေ့မှ စတင်၍ နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ယာယီဈေး ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အဆိုပါယာယီဈေး၌ လာရောက်ဈေးရောင်းဈေးဝယ်သူများကို နောင်တရားမြို့ ပရဟိတလူငယ်အဖွဲ့မှ ယနေ့နံနက်ပိုင်းက နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ လှူဒါန်းခဲ့သည့်အပြင် စနစ်တကျသုံးစွဲနည်းများကို လက်တွေ့ ရှင်းလင်းပြသခဲ့သည်။ နောင်တရားမြို့ ကျန်းမာရေးဝန်ထမ်းများက ဈေးဝယ်လာသူများကို အပူချိန်တိုင်းတာခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်သည်။ ယာယီဈေးသစ်၌ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



# ရေတာရှည်မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များသို့ နှာခေါင်းစည်းများ အခမဲ့ဝေငှပေး

**ရေတာရှည် ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက် ဓာတ်တော်ဘုရားကြီးဓမ္မာရုံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နေရသည့်ကာလအတွင်း ဒေသခံပြည်သူများအတွက် အခမဲ့ကူညီပို့ဆောင်ပေးနေသည့် အဖွဲ့မှ မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များကို ယမန်နေ့မှစတင်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ **(အောက်ပုံ)**

"နှာခေါင်းစည်းတွေကို ဘယ်လိုစနစ်တကျ သုံးစွဲရမယ်၊ ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာလေးတွေ ပြောရပါတယ်။ နောက်ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်ခြင်းနဲ့ ပတ်သက်လို့ ပညာပေးလက်ကမ်းစာရွက်လေးတွေ ပေးဝေပါတယ်။ ဒီနေ့လည်း ကျန်တဲ့နေရာတွေကို သွားရောက်မှာ ဖြစ်ပါတယ်" ဟု ၎င်းအဖွဲ့မှ ဦးဆောင်သူ ဦးဖြိုးစည်သူက ပြောသည်။

**သန်းလွင်**



## သတင်းတိုများ

### ကော့မှူး၌ ရွေ့လျားစာကြည့်တိုက်ယာဉ်နှစ်စီးကို ပိုးသတ်ဆေးဖျန်း

**ကော့မှူး ဧပြီ ၂၀**
ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နယ်လှည့်စာငှားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရွေ့လျားစာကြည့်တိုက် ယာဉ်နှစ်စီးကို ဧပြီ ၂၀ ရက်က ပိုးသတ်ဆေးများဖျန်းခဲ့သည်။

ကော့မှူးမြို့နယ်အတွင်း၌ အဆိုပါ ရွေ့လျားစာကြည့်တိုက်ယာဉ် နှစ်စီးဖြင့် ကျေးရွာများ၊ ရပ်ကွက်များနှင့် ကျောင်းများအရောက် လှည့်လည်သွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိရာ နေ့စဉ် လူအများအပြားနှင့် ထိတွေ့နေရသောကြောင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကော့မှူးမြို့နယ် မေတ္တာရှင်လူမှုကူညီရေးအသင်းက ပိုးသတ်ဆေးဖျန်းပေးခြင်းဖြစ်ကြောင်းနှင့် စာကြည့်တိုက်ယာဉ်များတွင် လာရောက်၍ စာငှားသူ စာဖတ်သူများ ရောဂါကူးစက်နိုင်မှုမှ ကင်းဝေးစေရန် ယာဉ်များပေါ်တွင်လည်း လက်သန့်ဆေးရည်များ ထားရှိပေးထားကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရဲနောင်ချစ်က ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)



### ဂန့်ဂေါခရိုင် မီးသတ်ဦးစီးဌာနသို့ ပိုးသတ်ဆေးဖျန်းဘူး လှူဒါန်း

**ဂန့်ဂေါ ဧပြီ ၂၀**
ဂန့်ဂေါခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ မြို့တွင်းလမ်းများ၊ ဌာနဆိုင်ရာရုံးများနှင့် လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဂန့်ဂေါခရိုင် မီးသတ်ဌာနဦးစီးဌာနမှူး ဦးသန်းထက်အောင်နှင့် ဝန်ထမ်းများက ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိရာ လုပ်ငန်းများ ပိုမိုတွင်ကျယ်စေရေးအတွက် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုက တစ်ဘူးလျှင် ကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ ပိုးသတ်ဆေးဖျန်းဘူး နှစ်ဘူးကို ခရိုင်မီးသတ်ဦးစီးဌာနမှူးထံသို့ ဧပြီ ၂၀ ရက်က လှူဒါန်းခဲ့သည်။

ဂန့်ဂေါမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင် - ဖုန်း - ၀၉၄၂၀၄၂၀၁၀၉၁ နှင့် ပရဟိတ လုပ်ကိုင်ဆောင်ရွက်နေသူ ဦးအောင်စိုးမင်း - ဖုန်း - ၀၉၄၅၅၅၅၁၈၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထင်အောင်နိုင်(ပြန်ဆက်)



### ဆားလင်းကြီးမြို့နယ်မှ အခြေခံလူတန်းစား အိမ်ထောင်စုများအား စားသောက်ကုန်ငါးမျိုးဖြန့်ဝေမှု ပြီးစီး

**ဆားလင်းကြီး ဧပြီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သင်္ကြန်ကာလ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စု ၉၁၅၉ စုအား နိုင်ငံတော်မှထောက်ပံ့သည့် စားသောက်ကုန် ငါးမျိုးကို ရက်အလိုက် ဖြန့်ဝေပေးခဲ့ရာ ဧပြီ ၁၉ ရက်တွင် အိမ်ထောင်စုအားလုံးထံသို့ ထောက်ပံ့ပြီးစီးခဲ့ကြောင်း သိရသည်။ အဆိုပါ စားသောက်ကုန်ငါးမျိုးကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီနှင့် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ထောက်ပံ့မှုရယူရန် စာရင်းပေးထားသည့် အိမ်ထောင်စုများထံ အိမ်အရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်လင်း (ဆားလင်းကြီး)

## ဆီဆိုင်မြို့အဝင်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ဆီဆိုင် ဧပြီ ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသနိုင်ရေးအတွက် မြို့အဝင်၌ မြို့တွင်းသို့ ဝင်ထွက်သွားလာမည့် ပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဌေး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ် လဝကဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပါဝင်ကြသည့် ပူးပေါင်းအဖွဲ့က မြို့အဝင်ပေါက်တွင် စောင့်ဆိုင်း၍ မြို့တွင်းသို့ဝင်ရောက်မည့် မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ရပ်တန့်စေပြီး အပူချိန်တိုင်း ကိရိယာဖြင့် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကို သန့်စင်အောင် ဆေးကြောစေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ တပ်ဆင်ပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့်ရောဂါကာကွယ်ရေးလုပ်ငန်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)



ဆီဆိုင်မြို့အဝင်ဂိတ်၌ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးနေစဉ်

## ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှပြန်လာသူ ၅၇ ဦးအား သတ်မှတ်နေရာ၌ သီးသန့်ထား စောင့်ကြည့်လျက်ရှိ

**ချင်းရွှေဟော် ဧပြီ ၂၀**
ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၅၇ ဦးအား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသည့် ယာယီ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ထားရှိကာ ဧပြီ ၁၉ ရက်မှစ၍ ၂၁ ရက်ကြာ စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ အတွင်းရေးမှူး ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာသီဟနှင့် ကော်မတီအဖွဲ့ဝင်များက နေရပ်ပြန်ပြည်သူများအား စင်တာ၌ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကျန်းမာရေး အခြေအနေ တစ်ခုခုဖြစ်ပါက တာဝန်ရှိသူများအား အကြောင်းကြားပေးရန် မှာကြားပြီး စားသောက်ရေးအတွက် အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ရောဂါလက္ခဏာရှိ/မရှိ ကျန်းမာရေးစစ်ဆေးခြင်းများနှင့် စင်တာ၌ ပိုးသတ်ဆေး ဖျန်းပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



တရုတ်နိုင်ငံမှ ပြန်ဝင်လာသူများအား သတ်မှတ်စည်းကမ်းများကို လိုက်နာရန် မှာကြားနေစဉ်

ချင်းရွှေဟော်မြို့၌ တရုတ်နိုင်ငံမှ ပြန်လည် ဝင်ရောက်လာသူများအား ယာယီ အသွားအလာ ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမှု ပြုလုပ်ရန် စင်တာသုံးခု ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေး စောင့်ကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်အထိ မြို့တော်ခန်းမတွင် ၅၇ ဦး၊ အထကကျောင်းတွင် ၉၅ ဦးနှင့် အမှတ်(၂)ရပ်ကွက် မြို့ဂုဏ်ရောင် ဘုန်းတော်ကြီးကျောင်းတိုက်တွင် ၄၂ ဦး၊ စုစုပေါင်း ၁၉၄ ဦး ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး

**ကွမ်းခြံကုန်း ဧပြီ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ဧပြီ ၁၉ ရက်ကလည်း မြို့နယ် ပြည်သူ့ဆေးရုံကြီးရှေ့ လမ်းမကြီးပေါ်၌ နှာခေါင်းစည်းတပ်ရန် အသိပညာပေးသည့် လှုပ်ရှားမှုတစ်ခုကို ဆောင်ရွက်ခဲ့ကြသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးမန်းအောင်ကိုမင်းနှင့် ဦးအောင်မင်းမင်းတို့က မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်သူ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လမ်းသွားလမ်းလာ ပြည်သူများနှင့် ကုန်တင်ယာဉ်များအား ရပ်တန့်စေပြီး အိမ်အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန် အသိပညာပေး လှုံ့ဆော်ကာ နှာခေါင်းစည်း မပါရှိသူများ ချက်ချင်းတပ်ဆင်ရန် အခမဲ့ဝေငှပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး သီချင်းများဖွင့်၍ လှုံ့ဆော်အသိပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ရမည် ဆိုသည့် အသိရရှိစေရန်နှင့် လိုက်နာဆောင်ရွက်ကြစေရန် ယခုလှုပ်ရှားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ထောက်ပံ့သော နှာခေါင်းစည်း အခု ၄၀၀ ကျော်ကို ပြည်သူများအား အခမဲ့ ပေးဝေခဲ့ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်သူထံမှ သိရသည်။

ထွန်းထွန်းစိုး(ပြန်/ဆက်)



လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေတပ်ဆင်ပေးနေစဉ်။

# လောက်ကိုင်မြို့နယ်တွင် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသား ၃၂၁ ဦး ပြန်လည်ဝင်ရောက်လာ

**လောက်ကိုင် မေ ၂၀**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်ရှိ မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ် ဝင်ပေါက်ဂိတ်များမှ မေ ၁၉ ရက်က မြန်မာနိုင်ငံသား ၃၂၁ ဦး ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့အား သီးသန့်ထား စောင့်ကြည့်ရေးစခန်းများ၌ ထားရှိပြီး ကျန်းမာရေးအခြေအနေ စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

လောက်ကိုင်မြို့နယ် အတွင်းရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်များဖြစ်သော ရန်လုံကျိုင်းဂိတ်နှင့် ချင်းရွှေဟော်မြို့ နမ့်ဖာဟော်ဂိတ်တို့မှ ဝင်ရောက်လာသည့် အဆိုပါ နေရပ်ပြန် မြန်မာနိုင်ငံသား ၃၂၁ ဦးအား စောင့်ကြည့်ရေးစခန်းများတွင် သတ်မှတ်လူဦးရေအလိုက် ထားရှိလျက်ရှိရာ ခရိုင် မိုးလုံလေလုံ အားကစားရုံတွင် ၁၄၀၊ အထက(၁) ကျောင်းတွင် ၈၃ ဦး၊ နတလ(လူငယ်)သင်တန်းကျောင်းတွင် ၆၇ ဦး၊ နတလ(စက်မှု) ကျောင်းတွင် ၂၇ ဦးနှင့် ဟိုတယ်တွင် လေးဦးတို့ ဖြစ်ကြပြီး ၎င်းတို့အား ၂၁ ရက်ကြာ သီးသန့်ထား၍ စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။


တရုတ်နိုင်ငံမှ ပြန်ဝင်လာသူများအား ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးမှုများ ပြုလုပ်စဉ်။

ပြန်လည် ဝင်ရောက်လာသူများအား ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသလို အစားအသောက်၊ နေရာထိုင်ခင်းများ အဆင်ပြေစေရန်အတွက် လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်အောင် (ပြန်/ဆက်)**

# မန္တလေးခရိုင် ပြန် / ဆက်ဦးစီးဌာနက ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေး ဆောင်ရွက်

**မန္တလေး မေ ၂၀**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးသည့် လုပ်ငန်းများကို ခရိုင်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို သင်္ကြန်မတိုင်မီနှင့် သင်္ကြန်အပြီး ကာလတွေမှာ ကျွန်မတို့ဌာနအနေနဲ့ အချိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါတယ်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးလည်း ဆောင်ရွက်ပါတယ်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း မိုဘိုင်းယာဉ် သွားရောက်တဲ့ နေရာများမှာ စာအုပ်ငှားပေးခြင်းနဲ့အတူ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးတာတွေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု မန္တလေးခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးရှေ့နှင့် ခရိုင်အတွင်း မြို့နယ်ရုံးအသီးသီးရှေ့ရှိ မြေစိုက်နံရံကပ်ဘုတ်များတွင် အသိပညာပေးဆိုင်းဘုတ်နှင့် ပိုစတာများ ချိတ်ဆွဲခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ မိုဘိုင်းစာအုပ်အငှားယာဉ် သွားရောက်သောနေရာများတွင် စာအုပ်ငှားခြင်းနှင့်အတူ ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



# ညောင်လေးပင်မြို့နယ်၌ ပင်စင်လစာများကို အထက(၁)ကျောင်းတွင် ပြောင်းလဲထုတ်ပေးမည်

**ညောင်လေးပင် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း နေထိုင်ကြသော ပင်စင်စားပြည်သူများအနေဖြင့် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကူးစက်မှုဘေးမှ ကင်းဝေးစေရန်အတွက် မေလ ပင်စင်လစာထုတ်ပေးရာတွင် ယခင်က မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးသည့်အစား ယခု မေလ ၂၁ ရက်နေ့မှစ၍ ၂၉ ရက်အထိ မြို့မ(၂)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း အုပ်စုခွဲ၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း ပင်စင်စား ၃၀၀၀ နီးပါးရှိပြီး ပင်စင်စာအုပ်ဖြင့် ထုတ်ယူသူများအနေဖြင့် မေ ၂၈ ရက်တွင်သာ လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်း၊ ယခု မေလတွင် ပင်စင်လစာကို လာရောက်မထုတ်ယူနိုင်သူများအနေဖြင့် နောက်ပိုင်းတွင် ဘဏ်ဖွင့်ရက် မည်သည့်နေ့ရက်မဆို ဘဏ်ခွဲတွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မဖြစ်စေရန်အတွက် ပင်စင်စားများအနေဖြင့် နှာခေါင်းစည်းများတပ်လာခြင်း၊ လက်ဆေးခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်ပြီး ပင်စင်စားများ ပင်စင်လစာကို အဆင်ပြေစွာ ထုတ်ယူနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် လက်ဆေးဘေစင်နှင့် ဆပ်ပြာများ ထားရှိပေးပြီး လက်ဆေးနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ သောက်ရေသန့်များ ထားရှိပေးခြင်း၊ စနစ်တကျ တန်းစီစေခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်၍ ပင်စင်လစာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တစ်နိုင်တစ်ပိုင် ထောက်ပံ့ကူညီရေးအဖွဲ့က မကွေးမြို့၌ စားသောက်ကုန်များ လိုက်လံထောက်ပံ့နေ

**မကွေး မေ ၂၀**

ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း၌ မကွေးမြို့နေ ဝင်ငွေနည်းမိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများကို တစ်နိုင်တစ်ပိုင် ထောက်ပံ့ကူညီရေးအဖွဲ့က အိမ်အရောက် လိုက်လံထောက်ပံ့လျက်ရှိကြောင်း သိရသည်။



လတ်တလောတွင် ဝင်ငွေနည်း အိမ်ထောင်စုပေါင်း ၅၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ဆန် နှစ်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ကြက်ဥ သုံးလုံး၊ မုန့်တစ်ထုပ်၊ ကာဘော်လစ်ဆပ်ပြာ နှစ်ခဲ(တစ်တောင့်)နှင့် ကြက်သွန်နီ ၅၀ကျပ်သားတို့ကို တစ်နိုင်တစ်ပိုင် ထောက်ပံ့ကူညီရေးအဖွဲ့က လှူဒါန်းပေးလျက်ရှိသည်။

"အခြေခံ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းတွေ သွားရောက်ကုသိုလ်ပြုလှူဒါန်းရာမှာ လုပ်အားနဲ့ ပါဝင်ကူညီခဲ့ပါတယ်။ ဦးဆောင်သူတွေက နောက်ရက်တွေမှာလည်း ဝင်ငွေနည်းမိသားစုတွေကို ဆက်လက်လှူဒါန်းသွားဖို့ စီစဉ်နေပါတယ်''ဟု လုပ်အားဒါနပြု၍ လိုက်လံပို့ဆောင်ပေးသူ မဆွေမွန်မွန်ထက်က ပြောသည်။

အလှူရှင် ဦးဇော်မိုး၊ ဦးတင်မောင်အေး၊ ဦးသန်းထိုက်နှင့် သူငယ်ချင်းများ ဦးဆောင်သည့် အဆိုပါ တစ်နိုင်တစ်ပိုင် ထောက်ပံ့ကူညီရေးအဖွဲ့သည် မေ ၁၇ ရက်က ပထမအကြိမ်အဖြစ် အိမ်ထောင်စု ၁၇၅ စု၊ ၁၈ ရက်တွင် ဒုတိယအကြိမ်အဖြစ် အိမ်ထောင်စု ၁၃၅ စုနှင့် မေ ၁၉ ရက်တွင် တတိယအကြိမ်မြောက်အဖြစ် အိမ်ထောင်စု ၂၀၀ ထံသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကျေးရွာအုပ်စုများသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရွှေသောင်ယံ မေ ၂၀**

ရောဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ပတ်ဝန်းကျင်မှ ကျေးရွာအုပ်စုများဖြစ်သည့် ဘောမိကျေးရွာအုပ်စုနှင့် မကျီးဇင်ကျေးရွာအုပ်စုများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများနှင့် ဆန်များကို ရွှေသောင်ယံမြို့အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီက မေ ၂၀ ရက်တွင် ပေးအပ်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၅၀၀၊ လက်သန့်ဆေးရည်ဘူး ၁၅၀ နှင့် ကိုဗစ်-၁၉ ရောဂါ အကြောင်း ပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များနှင့်အတူ ဆန် ၂၅ အိတ်ကို ရွှေသောင်ယံမြို့ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက အဆိုပါကျေးရွာအုပ်စုများရှိ တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန့်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ တပ်မတော်က PPE ဝတ်စုံများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ကန့်ကြီးထောင့် မေ ၂၀**

ရောဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် PPE ဝတ်စုံများနှင့်အတူ ဆက်စပ် အထောက်အကူပြုပစ္စည်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများအဖွဲ့က မေ ၂၀ ရက်တွင် လာရောက်လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် PPE ဝတ်စုံ အစုံ ၂၀၊ N-95 အမျိုးအစား နှာခေါင်းစည်းများ၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများနှင့် အခြားရောဂါကာကွယ်ရေး ပစ္စည်းများကို တိုင်းမှူး ဗိုလ်မှူးချုပ် ညွန့်ဝင်းဆွေက မြို့နယ် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာရီရီခင်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကန့်ကြီးထောင့်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်မည့် အထောက်အကူပြုပစ္စည်းများ၊ အလှူငွေများကို မြို့နယ်အတွင်းမှ စေတနာရှင် ပြည်သူများကလည်း ကန့်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီမှ သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခဒေါက်တာမြင့်မောင်မောင်၊ ဗိုလ်မှူးကြီး(ငြိမ်း)

ရန်ကုန်မြို့၊ ဟုမ်းလမ်း၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ 203/R4နေ ဒေါက်တာခင်ဆွေတင်၏ ခင်ပွန်း၊ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၏ အတိုင်ပင်ခံပါရဂူပါမောက္ခ ဒေါက်တာမြင့်မောင်မောင်သည် ၁၂-၄-၂၀၂၀ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လူကြီးများ
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း
ရန်ကုန်၊ မန္တလေး

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးလှမောင်

### အသက်(၁၀၁)နှစ်

ဦးအိုင်ထွန်း( Fu Xing Brothers Group of Companies – ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း- ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်နန်းခင်ညွန့် [Director– Myanmar Educare Co.,Ltd.(ISM)]၊ ဦးအိုက်စန်း( Fu Xing Brothers Group of Companies – ဒု-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ခင်သန်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင်သည် ၁၅-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအင်စိုး-ဒေါ်နိုင်နိုင်မွန် မိသားစု
Minn Tun Trading Co.,Ltd.

**အများသိစေရန်ကြေညာချက်**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System (Automation System)ဖြင့်ပြောင်းလဲဆောင်ရွက်ရန်အတွက် Yangon Building Permit System အား ၁၅-၃-၂၀၂၀ ရက်နေ့မှစ၍ Low & Medium Risk အဆောက်အဦများသာမက High Risk အပါအဝင် ဆောက်လုပ်ခွင့် အမျိုးအစား အားလုံး၏ ဆောက်လုပ်ခွင့်များအား Online System ဖြင့် စတင်လျှောက်ထားနိုင်ပြီဖြစ်ပါကြောင်းနှင့် ၂၇-၄-၂၀၂၀ ရက်နေ့မှစ၍အဆောက်အဦဆောက်လုပ်ခွင့်များအား Online Submission System ဖြင့်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၅-၃-၂၀၂၀ ရက်နေ့နှင့် ၁၉-၃-၂၀၂၀ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ၆-၃-၂၀၂၀ရက်နေ့နှင့်၁၉-၃-၂၀၂၀ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၆-၃-၂၀၂၀ရက်နေ့နှင့် ၂၀-၃-၂၀၂၀ရက်နေ့ထုတ် The Global New Light of Myanmar အင်္ဂလိပ်သတင်းစာနှင့် ycdc.gov.mm၊ ybps.ycdc.gov.mm Websiteတို့တွင် ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၂။ လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်သည့် သတင်းများ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၃။ သို့ပါ၍ အဆောက်အဦဆောက်လုပ်ခွင့်များအားလုံးကို Online Submission System ဖြင့် ybps.ycdc.gov.mm တွင် လျှောက်ထားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမောင်

### အသက်(၁၀၁)နှစ်

ဦးအိုင်ထွန်း( Fu Xing Brothers Group of Companies – ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း- ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်နန်းခင်ညွန့် [ Director– Myanmar Educare Co.,Ltd.(ISM)]၊ ဦးအိုက်စန်း( Fu Xing Brothers Group of Companies – ဒု-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ခင်သန်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင်သည် ၁၅-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Board of Directors နှင့် ဝန်ထမ်းမိသားစုများ
Myanmar Educare Co.,Ltd.

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးတင့်ဆွေဦး ၅/ရဥန(နိုင်)၀၀၀၀၈၆-ဒေါ်လဲ့လဲ့မွန် ၉/လဝန(နိုင်)၀၃၂၈၉၇ တို့၏သား မောင်ရဲမွန် ၉/လဝန(နိုင်)၂၇၃၉၂၃ သည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်ပြုမူဆောင်ရွက်သည့်အတွက် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ-
ဦးတင့်ဆွေဦး ဒေါ်လဲ့လဲ့မွန်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချောစုအေးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၈၁၁ (၂၉-၆-၂၀၁၇)
အမှတ်(၃)ရပ်ကွက်၊ လယ်ဝေးမြို့
ဖုန်း-၀၉-၇၉၀၁၄၄၇၅၂

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဈေးကြီးတောင်ပေါ်တန်း၊ ပဲဆီရုံလမ်း၊ အမှတ်(၄)နေ ဦးသက်စိုး ၁၀/မလမ(နိုင်)၁၈၇၄၈၁၊ ဒေါ်သက်သက်မော် ၁၀/မလမ(နိုင်)၀၇၀၀၄၂ တို့၏သား မောင်မင်းတင့်စိုး(ခ)ဖြိုးတင့် ၁၀/မလမ(နိုင်)၂၇၉၉၅၀ သည် မိဘနှစ်ပါးအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မောင်နှမများအပေါ် မိသားစုသဘောဆန္ဒနှင့် ဆန့်ကျင်ကာ နေ့စဉ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သား မောင်မင်းတင့်စိုး(ခ)ဖြိုးတင့်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးသက်စိုး-ဒေါ်သက်သက်မော်

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**လပွတ္တာမြို့နယ်တရားရုံးတော်၌**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၉၃**

ဦးစိုးသိန်း — နှင့် — ဒေါ်ငွေသိန်း
တရားလို — တရားပြိုင်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း (ယခုနေရပ်လိပ်စာမသိသူ)ဒေါ်ငွေသိန်း သိစေရမည်။

သင့်အပေါ်၌ ဦးစိုးသိန်းက ရောင်းချထားသောအိမ်နှင့်မြေကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ပတ်သက်၍ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၈ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ ဒေါ်ငွေသိန်းသည် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဇင်ထွန်း)
မြို့နယ်တရားသူကြီး
လပွတ္တာမြို့နယ်တရားရုံး

## သွေးသည် အသက်

### အများသိစေရန်ကြေညာခြင်း

ရေးမြို့နယ်၊ သီရိဇေယျာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/သီရိဇေယျာရပ်)၊ ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ မြေသည် ၁၉၇၀-၇၁ခုနှစ် မူလမြို့အိမ်ရာမြေကွက်များ ပြန်လည်နေရာချထားစဉ်က မော်လမြိုင်ခရိုင်ဝန်မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့် လက်မှတ် ဦးမောင်ပေါက်အမည်ဖြင့် ရရှိထားပြီး ဦးမောင်ပေါက်ထံမှ ဦးစိုးညွန့်သည် အိမ်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၀/၇၉)ဖြင့် ဝယ်ယူထားပြီး ဦးစိုးညွန့်ထံမှ လျှောက်ထားသူ ဦးမြဇော်သည် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်(၄၅/၂၀၁၉)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာ၍ ဦးမြဇော်အမည်ဖြင့် မြေငှားဂရန် ပထမအကြိမ်ချထားပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော် ဦးချစ်တင်(ဘ)ဦးအီစွက် ၁၂/ပဇတ(နိုင်)၀၁၅၄၆၄ ပုဇွန်တောင်မြို့နယ်မှ ယခင်ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၇ဘီ)၊ အနော်ရထာလမ်း၊ (၂)ရပ်ကွက်နေ ဒေါ်လှလှရီ(ဘ)ဦးလှရွှေ ၁၂/သကတ(နိုင်)၁၀၇၅၀၆အား ၁၆-၈-၂၀၁၈ရက်စွဲဖြင့် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၆၆၇/၂၀၁၈ အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။

ဦးချစ်တင် ၁၂/ပဇတ(နိုင်)၀၁၅၄၆၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၆)၊ မြေကွက်အမှတ် (၂က+ ၂ခ)၊ နှစ် (၆၀) ဂရန်မြေ အမျိုးအစား၊ မြေအကျယ်(၇၃၇၄၇) စတုရန်းပေ၊ မြေဧရိယာ ၁ဒသမ ၆၉၃ဧက ၊ ရွှေပင်လုံအိမ်ရာနှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၇) ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၂က+၂ခ)ရွှေပင်လုံ အထူးစီးပွားဇုန်၊(၃)ထပ်ခွဲ အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်များအားလုံးတို့ကို တရားဝင်အမည်ပေါက်ပြီး လက်ရှိဖြစ်သူ ပိုင်ရှင်ဦးမျိုးသီဟ ၁၂/ ရကန(နိုင်)၀၅၉၄၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါက်တာဦးထူးမောင်အုန်း ၁၂/ ဥကတ(နိုင်)၁၉၅၇၃၄၊ ဒေါက်တာဒေါ်ရေဘက်ကာတင် ၁၂/အစန(နိုင်)၀၂၉၇၉၆နှင့် ဒေါက်တာဒေါ်စန်းစန်းရီ ၁၂/ကမရ(နိုင်)၀၂၄၁၅၆ (Eduwiscare Co.,Ltd)တို့က တရားဝင် အပြီးအပိုင် ဝယ်ယူကြရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ (ကိုယ်တိုင်) လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါက်တာ ဦးထူးမောင်အုန်း၊ ဒေါက်တာ ဒေါ်ရေဘက်ကာတင်နှင့် ဒေါက်တာ ဒေါ်စန်းစန်းရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဦးတင်မင်း
တရားလွှတ်တော်ရှေ့နေ-စဉ် ၃၃၇၆/၁၉၈၅
အမှတ် ၅၆၃၊ (ပ)ထပ်၊ အခန်း (၅/၁၀၄)၊ ကုန်သည်လမ်း၊
(MAC Tower ) မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အကွက်အမှတ် (၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင် အမှတ်(၄၀)၊ မြေချိန်ဧရိယာ(၀ဒသမ၂၁၄)ကေအား ပိုင်ဆိုင်သူ ဦးအိုက်အောင်(ခ)လိုင်းဆိုင်အောင် ၁၃/လရန(နိုင်)၀၃၈၈၀၂ မှ အစ်မဖြစ်သူ ဒေါ်အောက်လွယ်နန်း ၁၃/လရန(နိုင်)၀၃၆၅၆၀ အား ၂၇-၆-၂၀၀၂ ရက်တွင် လားရှိုးမြို့နယ် စာချုပ်စာတမ်း အမှတ် ၃၇၆၁/၂၀၀၂ ဖြင့် မြေချိန်ဧရိယာ ၀ဒသမ၀၈၀ကေအား မေတ္တာဖြင့် ပေးကမ်းစာချုပ်ဖြင့် လွှဲအပ်ပြီးဖြစ်ပါသဖြင့် ဒေါ်အောက်လွယ်နန်း အမည်ပေါက် ဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ကြေညာသည့်ရက်မှ ရက်ပေါင်း(၂၀)အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၅)၊ အကွက်အမှတ် (၃၁/လုံလော့ရပ်)၊ ဦးပိုင်(၁၉/စ)၊ မြေချိန်(၀ဒသမ၁၄၈)ကေရှိ မြေဂရန်အမှုတွဲအမှတ် ၅၅၄-၅/၂၀၁၅-၁၆၊ ဦးဇော်ဘောက် ၁၃/လရန(နိုင်)၀၂၃၈၂၅ ပိုင်ဆိုင်သော မြေကွက်၏ အရှေ့ဘက်ခြမ်း(၀ဒသမ၀၆၈)ကေအား ဦးဇော်ဘောက်မှ ဒေါ်ခင်မေလှ ၁၃/သနန(နိုင်)၀၁၉၈၇၃ သို့ ၂၃-၁၂-၂၀၁၉ ရက် လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် ၅၆၀၊/၂၀၁၉ ဖြင့် ခွဲစိတ်ရောင်းချပြီးဖြစ်၍ ဦးဇော်ဘောက်၏ မြေငှားဂရန်ခွဲစိတ်ခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း (၂၀)အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၇)၊ အကွက်အမှတ် (၄၃/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင် (၇၀)၊ မြေချိန်(၀ဒသမ၁၀၂)ကေရှိ မြေဂရန်အမှုတွဲအမှတ် ၆၉၁-၅/၂၀၀၃-၂၀၀၄(A)၊ ဦးစီရင် အမည်ပေါက် မြေကွက်အား ဦးစီရင်မှ ဒေါ်ကြူဇား ၁၃/လရန(နိုင်)၀၆၄၆၂၇ အား ၂၃-၁၂-၂၀၁၉ ရက်တွင် လားရှိုးမြို့နယ် စာချုပ်စာတမ်းအမှတ် ၅၆၁၊/၂၀၁၉ ဖြင့် ခွဲစိတ်ရောင်းချပြီး ဒေါ်ကြူဇားမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း (၂၀)အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးစိန်မောင်(ခ)ဦးဇောတိက
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၂၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ်(၁၄/စီ)နေ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ အမှတ်(၁၆/က)နေ ဦးကွန်းဇော်၊ ရိပ်သာကန်လမ်းနေ ဦးဇော်မင်းသိန်း-ဒေါ်အေးအေးငြိမ်း၊ အမှတ်(၁၄/စီ)၊ မေခလမ်းနေ(Dr.ဇော်ထွန်း)-Dr.ဌေးဌေးကြည်၊ စင်ကာပူနေ ဒေါ်ယဉ်ယဉ်ထွေး တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆:၁၅နာရီ တွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဓမ္မာစကြာရိပ်သာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂၀-၄-၂၀၂၀ရက်မှ ၂၆-၄-၂၀၂၀ရက်အထိ ဓမ္မစကြာရိပ်သာကျောင်းရှိ သံဃာနှင့်သီလရှင်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို ခုနစ်ရက်တိုင် ကပ်လှူပါမည်။ အခြေအနေအရပ်ရပ်ကြောင့် စိတ်အားဖြင့်သာ အာရုံပြုနိုင်ရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးရဲထွန်း(လေထီး Force 136 )
### လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
### (နာယက၊ ဇီဝိတဒါန သံဃာ့ဆေးရုံ)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာသီရိလမ်း၊ (၉)မိုင်၊ အမှတ် ၁၄၆N2 နေ ဦးအောင်ကျော်စိုး-ဒေါ်ဝါဝါ ၊ ဦးနေဝင်း-ဒေါ်သီရိအောင်၊ ဦးမင်းဇော်-ဒေါ်ခင်အေးလွင် တို့၏ဖခင်၊ မသက်ဇံဖြူမပြည့်ပြည့်မင်းဇော်၊ မောင်သီဟမင်းဇော်တို့၏ အဘိုး၊ ဒေါ်ခင်မာမာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၄-၂၀၂၀ရက်ထုတ်ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဒေါ်ကြည်ကြည်ရင် အသက်(၈၉)နှစ်ကြော်ငြာတွင် ကွယ်လွန်သည့်အချိန် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၀၄နာရီအစား ၁၀-၄-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၁၁:၀၄ နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖွားရွှေ
### အသက်(၇၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ကြံ့ခိုင်ရေးစံပြကွက်သစ်၊ ၃၅ x ၃၆လမ်းကြား၊ ၆၈ x ၆၉လမ်းကြား၊ အိမ်အမှတ် ၃၉/၂၃နေ (ဦးစံသောင်း)၏ဇနီး၊ ဦးသောင်းမြင့်-ဒေါ်ကောင်းကြည်၊ (ဦးဝင်းအေး-ဒေါ်ခင်မိမိ)၊ ဗိုလ်မှူးမြင့်အေး(တပ်မတော်-ရေ)(ငြိမ်း)၊ [ ဦးကျော်သီဟ(ခ)တရုတ်ကြီး]-ဒေါ်မြမြစန်းတို့၏မိခင်၊ မယုနန္ဒာဝင်း၊ မောင်ကျော်ဇေယျာမြင့်၊ မောင်သန့်ဇင်တို့၏ အဘွားသည် ၁၉-၄-၂၀၂၀ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဉာဏ်လင်းထိုက် အသက်(၃၄)နှစ်
### မိုင်းလားမြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး

ဒေါက်တာဖြိုးဖြိုးလွင်(လက်ထောက်ကထိက၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်တောင်ကြီး)၏အစ်ကို ဒေါက်တာဉာဏ်လင်းထိုက်(မိုင်းလားမြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး)သည် ၁၇-၄-၂၀၂၀ရက် ည ၁၀:၄၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်နာခံသွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်တောင်ကြီး**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဉာဏ်လင်းထိုက် အသက်(၃၄)နှစ်
### မိုင်းလားမြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး

ဒေါက်တာဖြိုးဖြိုးလွင်(လက်ထောက်ကထိက၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်တောင်ကြီး)၏အစ်ကို ဒေါက်တာဉာဏ်လင်းထိုက်(မိုင်းလားမြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး)သည် ၁၇-၄-၂၀၂၀ရက် ည ၁၀:၄၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်နာခံသွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ကုသဆောင်(၁)+(၂)**
**စဝ်စံထွန်းဆေးရုံကြီး**

### ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဦးမြင့်သောင်း အသက်(၇၃)နှစ်
### ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
### စီးပွားရေးတက္ကသိုလ် ၁၉၆၄-၆၈

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ဇော်ဂျီလမ်းနေ (ဦးသောင်း -ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဘသိန်း-ဒေါ်ကြင်အေး) တို့၏သားသမက်၊ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးရဲထွတ် -ဒေါ်ကြည်ပြာထွန်းတို့၏ဖခင်၊ မောင်ဉာဏ်လင်းထွတ်၊ မကေဇင်မိုးနွယ်၊ မကြယ်ဇင်မိုးနွယ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးမြင့်သောင်းသည် ၂၀-၄-၂၀၂၀ရက်(တနင်္လာနေ့) ည ၇:၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက်(၇၃)နှစ်
### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ ဦးမြင့်သောင်း(ဝန်ကြီး) ကောင်းရာသုဂတိလားပါစေ။

**ဦးဖြိုးမင်းသိန်း(တိုင်းဒေသကြီးဝန်ကြီးချုပ်)နှင့်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ**

## ဆရာမကြီး ဒေါ်အေးဘုံ
### ကျောင်းအုပ်ဆရာမကြီး(အငြိမ်းစား)
### အထက(၁)ပဲခူး
### အသက်(၉၇)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဦးပုညလမ်း၊ အမှတ် ၉/၂၂၆နေ (ဦးဘစံ-ဒေါ်ကျင်နု)တို့၏ သမီး၊ ဒေါ်ခင်စန်းလွင်(ပဲလှော်) အထက်တန်းပြ (ငြိမ်း)အထက(၃)ပဲခူး၊ ဒေါက်တာ ထူးမြင့်အောင်-ဒေါက်တာ သီသီနွယ်(ကွာစီ)တို့၏ မိခင်၊ မချောကေခိုင်ထူး၏ အဘွားသည် ၁၉-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၁:၃၀နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသောင်းရွှေ(လ/ထ ဘဏ္ဍာရေးမှူး-ငြိမ်း)
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အသက်(၈၁)နှစ်

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၁၆)နေ ဒေါ်ခင်စမ်းရီ(မြန်မာ့မီးရထား) ၏ခင်ပွန်း၊ ဦးနေသူရိန်စိုး(ကာကွယ်ရေး)-ဒေါ်စုစုမာ(ပို့/ဆက်)၊ ဦးတင်ကိုကိုလွင်-ဒေါ်အိအိခင်(ပြည်သူ့လွှတ်တော်)တို့၏ဖခင်၊ မောင်ဘုန်းမင်းခန့်၊ မထက်ဆုသဒ္ဒါ၊ မောင်ကောင်းနေခန့်တို့၏အဘိုးသည် ၂၀-၄-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ရက် နံနက် ၁၁နာရီတွင် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ပြီး မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀:၄၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖွားရွှေ
### အသက်(၇၉)နှစ်

သူငယ်ချင်း ဗိုလ်မှူးမြင့်အေး(တပ်မတော်-ရေ)(ငြိမ်း)၏မိခင် ဒေါ်ဖွားရွှေသည် ၁၉-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းမိသားစုများ**

## ဦးတင်လတ် (မော်လမြိုင်)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ(၁) လမ်း၊ အမှတ်(၃၂က)နေ (ဦးမောင်တီ-ဒေါ်စောတင်)တို့၏သား (ဦးပေါက်ဆီ(ခ) ဦးသာညွန့်+ ဒေါ်ခင်ဆွေ) တို့၏ သားသမက်၊ ဒေါ်ခင်ချိုအေး(လထ/ညွှန်မှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ ခင်ပွန်းသည် ၁၇-၄-၂၀၂၀ရက် ည ၈:၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၂၀ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာတော် ဦးဇောတိက(ခ)ဦးစိန်မောင်
### သက်တော်(၈၁)နှစ်၊ ဝါတော် (၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၄/C)၊ မေခလမ်းနေ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ (ဒေါက်တာဇော်ထွန်း)-ဒေါက်တာ ဒေါ်ဌေးဌေးကြည်တို့၏ဖခင်၊ ဦးကောင်းမြတ်၊ JEFFREY KARIM - မစိမ်းလဲ့ရည်တို့၏အဘိုး ဆရာတော် ဦးဇောတိက(ခ) ဦးစိန်မောင်သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပင်လုံဆေးရုံ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာတော် ဦးဇောတိက(ခ)ဦးစိန်မောင်
### သက်တော်(၈၁)နှစ်၊ ဝါတော် (၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၄/C)၊ မေခလမ်းနေ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ (ဒေါက်တာဇော်ထွန်း)-ဒေါက်တာ ဒေါ်ဌေးဌေးကြည်တို့၏ဖခင်၊ ဦးကောင်းမြတ်၊ JEFFREY KARIM - မစိမ်းလဲ့ရည်တို့၏အဘိုး ဆရာတော် ဦးဇောတိက(ခ) ဦးစိန်မောင်သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SSC ဆေးရုံမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာတော် ဦးဇောတိက(ခ)ဦးစိန်မောင်
### သက်တော်(၈၁)နှစ်၊ ဝါတော် (၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၄/C)၊ မေခလမ်းနေ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ (ဒေါက်တာဇော်ထွန်း)-ဒေါက်တာ ဒေါ်ဌေးဌေးကြည်တို့၏ဖခင်၊ ဦးကောင်းမြတ်၊ JEFFREY KARIM - မစိမ်းလဲ့ရည်တို့၏အဘိုး ဆရာတော် ဦးဇောတိက(ခ) ဦးစိန်မောင်သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Universal Construction Co., Ltd မိသားစု**

## ဒေါ်ကျင်နု
### ကြီးကြပ်ရေးမှူး(ငြိမ်း)
### မြန်မာ့စိုက်ပျိုးရေးဘဏ်
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဘိုးသိန်းလမ်း၊ အမှတ်(၁၂)နေ (ဦးကွမ်း-ဒေါ်မြ) တို့၏သမီး၊ (ဦးချိန်ဟိုက်-ဒေါ်ရှုတင်)၊ (ဦးချိန်ဖိုး-ဒေါ်သိန်းခင်)၊ (ဒေါ်ကျင်ပု)၊ (ဦးစောလှိုင်-ဒေါ်သန်းမြ)၊ (ဦးဉာဏ်ဝင်း)တို့၏ညီမ၊ ဒေါက်တာဒေါ်ကျင်ဦး(ဗဟိုဆေးသိုလှောင်ရေး)၊ (ဦးဝင်းဖေ)-ဒေါ်တင်တင်ဝင်း၊ (ဒေါ်ကျင်ယု)၊ (ဗိုလ်မှူးဝင်းမြင့်)-ဒေါ်ခင်ဆန်းမြင့်တို့၏ အစ်မ၊ အမှတ်(၄)၊ တိုက်(၁၉)နေ (ဦးကိုလေး)(ဒုဥက္ကဋ္ဌ၊ ဗဟိုဘဏ်)၏ဇနီး၊ ဒေါက်တာထင်အောင်ကျော်(California USA)-ဒေါ်တင်မိမိ မျိုးတို့၏မိခင်၊ မောင်ကျော်သီဟ၏အဘွား၊ တူ/တူမ ၁၅ ယောက်တို့၏အဒေါ်သည် ၁၉-၄-၂၀၂၀ရက် ည ၁၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၄-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍၂၅-၄-၂၀၂၀ရက်(စနေနေ့) နံနက်တွင်ရက်လည် ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းစန်းဝင်း(မြန်အောင်)
### အလပြ(ငြိမ်း)
### အသက်(၆၀)

မြန်အောင်မြို့၊ နေခြည်တာလေးလမ်းနေ ဦးချစ်လှိုင်-ဒေါ်အုန်းရီတို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃)၊ ဗဟိုလမ်းနေ ဦးနေဝင်း (အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ကိုနေအောင်ကို-မအိအိသိုက်၊ ကိုအေးချမ်းကို၊ ကိုဝင်းသက်ထွေး-မမေသကြီးန်တို့၏မိခင်၊ မောင်ဘုန်းနေမင်း(ခ)ဖောင်းဖောင်းတို့၏အဘွားသည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းစန်းဝင်း(မြန်အောင်)
### အလပြ(ငြိမ်း)
### အသက်(၆၀)

မြန်အောင်မြို့၊ နေခြည်တာလေးလမ်းနေ ဦးချစ်လှိုင်-ဒေါ်အုန်းရီတို့၏သမီး၊ ဦးမျိုးမြင့်(တံဆိပ်လုပ်ငန်း)-ဒေါ်အေးသန္တာ၊ ဦးလွင်လွင်ထွန်း (ပြည်တွင်းအခွန်၊ ရန်ကုန်)-ဒေါ်မော်မော်လှိုင်(လမင်းသာဖျော်ရည်)၊ ဒေါက်တာသန်းမင်းထွဋ်(ပုသိမ်ပြည်သူ့ဆေးရုံအုပ်ကြီး)-ဒေါ်မင်းမင်းလှိုင်တို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးနေဝင်း (အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီးသည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမောင်နှမတစ်စု**

# ပြည်သူသို့ အသိပေးပန်ကြားလွှာ

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူနှင့် စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားသုံးစွဲမှုများအတွက် လစဉ်ဓာတ်အားခများကို သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် ကောက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွက် ကျသင့်သည့် လျှပ်စစ်မီတာခများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် သတ်မှတ်မြို့နယ်ရုံးများ၌ မီတာခများအား (၂၀-၄-၂၀၂၀)၊ (၂၂-၄-၂၀၂၀)၊ (၂၄-၄-၂၀၂၀)၊ (၂၆-၄-၂၀၂၀) နှင့် (၂၈-၄-၂၀၂၀) တို့၌ နောက်ဆုံးထား၍ အသီးသီးပေးသွင်းကြရန် မီတာဘေလ်များတွင် ရေးသားသတ်မှတ်ခဲ့ပါသည်။

၃။ လက်ရှိတွင် Coronavirus Disease 2019 (COVID-19) အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိသဖြင့် ကူးစက်မှုအား ထိန်းချုပ်နိုင်ရန် ဌာနမှ လာရောက်ပေးသွင်းသူများအား အပူချိန်တိုင်းတာခြင်း၊ လက်ဆေးရည်၊ လက်ဆေးကန်များ၌ ဆေးကြောစေခြင်းတို့အား ပြုလုပ်ရသဖြင့် အချိန်နှောင့်နှေးမှုဖြစ်ကာ လူစုလူဝေး ဖြစ်ပေါ်ခဲ့ရပါသည်။

၄။ ထို လူစုလူဝေးဖြစ်ပေါ်မှုကို အထိုက်အလျောက် လျော့နည်းစေရန်အတွက် ကျသင့်သည့် မီတာခများအား စာပိုဒ်(၂)ပါ သတ်မှတ်ရက်များအပြင် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့အထိ နောက်ဆုံးထား ပေးသွင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။

၅။ ထိုသို့ အပိုဒ်(၂)ပါ သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိခဲ့မှုအတွက် နောက်ကျကြေး ကောက်ခံခြင်း၊ လျှပ်စစ်မီးဖြတ်တောက်ခြင်းများ ပြုလုပ်မည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၆။ ငွေလက်ခံကောင်တာများကို နေ့စဉ် (စနေ၊ တနင်္ဂနွေ) ပိတ်ရက်မရှိ ဖွင့်လှစ်လက်ခံသွားမည်ဖြစ်ပါသဖြင့် တတ်နိုင်သမျှ သတ်မှတ်ရက်များအတိုင်း လာရောက်ပေးသွင်းနိုင်ပါရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခ နောက်ဆုံးပေးသွင်းရမည့်ရက်ကိုလည်း ထပ်မံထုတ်ပြန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ ➤ ၈

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ

စာ ➤ ၁၅

---

## နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် နေပြည်တော် မီးသတ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်




**နေပြည်တော် ဧပြီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)၊ နေပြည်တော်ဘူတာကြီး(ရွာတော်)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက(၂၀)နှင့် တပင်ရွှေထီးရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဆေးဖျန်းယာဉ်နှစ်စီး၊

*စာမျက်နှာ ၇ ကော်လံ ၄* ❁

---

## ဒေါ့မွန်မှ ဆန်ချိုကို ခေါ်ယူရန် မန်ယူ သဘောတူညီမှုရရှိပြီ




မန်ယူအသင်းသည် အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချို၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းက အဆိုပါကစားသမားကို ခေါ်ယူလိုနေသော်လည်း ဆန်ချိုကိုယ်တိုင်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။

ဆန်ချိုသည် မန်စီးတီးအသင်းမှ ထွက်ခွာပြီး သုံးနှစ်အကြာတွင် အိုလေဂန်နာ ဆိုးလ်ရှား၏ မန်ယူအသင်းတွင် ကစားလိုနေခြင်းဖြစ်သည်။ မန်ယူအသင်းသည် အဆိုပါ ကစားသမားပြောင်းရွှေ့ကြေးနှင့်ပတ်သက်ပြီး ဒေါ့မွန်အသင်းနှင့် အပြီးသတ်ဆွေးနွေးရန်သာရှိတော့ကြောင်း ထွက်ပေါ်လာသောသတင်းများအရ သိရသည်။ ဆန်ချို၏ အပြောင်းအရွှေ့ ဖြစ်မြောက်လာပါက စံချိန်တင်ပြောင်းရွှေ့ကြေး ဖြစ်လာဖွယ်လည်းရှိနေသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❍

---

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစေရန်အတွက် ကျန်းမာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်များပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

---

DECOLAND COMPANY LIMITED
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မေ ၂၁၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစေရန်အတွက် ကျန်းမာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်များ ပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

### တွေ့ဆုံမေးမြန်း – နန္ဒာဝင်း၊ ဓာတ်ပုံ – တာရာ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောနှင့် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်လျက်ရှိသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖြစ်သည်။

သဘာဝသယံဇာတများမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် ခံစားနိုင်စေရန် ဥပဒေများ၊ မူဝါဒများနှင့် မဟာဗျူဟာများ ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို တိုးတက်မှုနှင့် အောင်မြင်မှုများစွာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖော်ဆောင်နိုင်ခဲ့ရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြောင်းလဲတိုးတက်မှုများကိုသိရှိရန် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည် –

**ဦးအုန်းဝင်း**
**(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**

**မေး။ ။စတုတ္ထ (၁) နှစ်တာကာလအတွင်း အားရကျေနပ်မှုရှိတဲ့ သစ်တောကဏ္ဍနဲ့ ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။သဘာဝ တောတောင် ရေမြေတွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းကာကွယ်ဖို့ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောတွေကို နိုင်ငံဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ကြိုးပြင်ကာကွယ်တော ၂၆ ခုနဲ့ ၃၀၄၅၉၃ ဧကကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လက်ရှိအချိန်အထိ နိုင်ငံဧရိယာရဲ့ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်း ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

အလားတူ အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေ ၂ ခုနဲ့ ၄၃၆၀၅ ဧက ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လက်ရှိကာလအထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၅ ခုနဲ့ နိုင်ငံဧရိယာရဲ့ ၅ ဒသမ ၈၅ ရာခိုင်နှုန်း ဧကအနေနဲ့ ၉ ဒသမ ၈ သန်း ဖွဲ့စည်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀) နှစ် စီမံကိန်း(MRRP)ကို ၂၀၁၇ ခုနှစ်မှစတင်ကာ သစ်တောများ တည်ထောင်ခြင်းနဲ့ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်း ၁၉ ရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နိုင်ငံတော်ပိုင် စီးပွားရေးစိုက်ခင်း ၁၇၂၁၅ ဧက၊ ရေဝေရေလဲစိုက်ခင်း ဧက ၂၃၃၀ ၊ ဒီရေတောစိုက်ခင်းဧက ၂၈၅၀၊ ကျေးရွာထင်းစိုက်ခင်း ၃၆၉၈ ဧက၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၈၅၀ နဲ့ ပုဂ္ဂလိကသစ်မာစိုက်ခင်းဧက ၁၁၉၄၀ တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒေသခံပြည်သူလူထုရဲ့ ဝါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် ပုဂ္ဂလိက ဝါးစိုက်ခင်းကို လုပ်ငန်းရှင် ၁၀၆ ဦးက ၂၂၇၆ ဧက တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံပြည်သူတွေ ကိုယ်တိုင်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ထင်း/တိုင်/မျောတွေ ဖြည့်ဆည်းပေးဖို့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်တွေကို ဖြည့်စွက်ပြင်ဆင်ပြီး ၂၀၁၉ ခုနှစ် မေလမှာ ထုတ်ပြန်ခဲ့သလို ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၈ – ၂၀၂၀)ကို ရေးဆွဲ ထုတ်ဝေနိုင်ခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အသုံးပြုသူများအဖွဲ့ ၆၄၈ ဖွဲ့၊ အသုံးပြုသူအဖွဲ့ဝင် ၁၄၇၄၄ ဦး၊ ဧကအနေနဲ့ ၈၇၃၀၂ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဇီဝမျိုးစုံမျိုးကွဲတွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ တောရိုင်းတိရစ္ဆာန်တွေ နေရင်းဒေသ ပြန်လည်တည်ထောင်ရေးလုပ်ငန်း အစီအစဉ် ၂၀၁၉–၂၀၂၀ မှ ၂၀၂၈–၂၀၂၉ အထိ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းတွေကို ၂၅ ဒသမ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒါဟာ ဂုဏ်ယူစရာကောင်းပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

**❑ ကျောက်မျက်ရတနာပြပွဲတွေကို ကျင်းပလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလမှာ နိုင်ငံခြားငွေ ယူရိုနဲ့ ရောင်းချပွဲတစ်ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲနှစ်ပွဲ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး တန်ဖိုးယူရို ၅၀၆ ဒသမ ၉၁၄ သန်းနဲ့ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၂ ဘီလီယံ (၁၂၀၃၈၈ ဒသမ ၆၉၉) ရောင်းချခဲ့ရပါတယ်။ ပုလဲရောင်းချရမှုအနေနဲ့ ပုလဲအတွဲပေါင်း ၄၆၈ တွဲ၊ ပုလဲလုံးရေ ၁၁၁၂၈၇ လုံး၊ အလေးချိန် ၇၂၆၉၀ ဒသမ ၇၀ မိုမီ ရောင်းချခဲ့ပြီး ယူရိုငွေ ၂၆၈၀၈၉၂ ယူရို ရရှိခဲ့ပါတယ်။**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ကျွန်းတောကြိုးပြင်ကာကွယ်တောရှိ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၅၀ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

အပူပိုင်းဒေသတွေမှာ သစ်ပင်ပေါက်ရောက်မှုခက်ခဲလို့ သဘာဝတောထိန်းသိမ်းဖို့နဲ့ သဘာဝတောတွေကနေ ထင်းထုတ်ယူမှုလျှော့ချနိုင်ဖို့ ဌာနအစီအစဉ်အပြင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး စွမ်းအားမြှင့်မီးဖိုတွေကို ဖြန့်ဖြူးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၃၈၁၈၂ လုံး ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် အပူပိုင်းဒေသမှာ ရေရရှိဖို့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ မြေအောက်ရေ(အဝီစိတွင်း) ၃ တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန် ၁၂ ကန်နဲ့ ဂါလန် ၁၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် ၁၃၀၀ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

*အချပ်ပို (ခ) သို့*

*အချပ်ပို (က) မှ*

ဌာနပိုင်ဆင်တွေကို အရှိန်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ ဆင်တွေရဲ့ အလေ့အထ၊ အမူအကျင့်၊ နေထိုင်မှု၊ သဘာဝတွေကို ပြည်သူတွေ နားလည်သိရှိပြီး ဆင်တွေအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားလာစေဖို့နဲ့ အများပြည်သူ အပန်းဖြေလည်ပတ်နိုင်ပြီး ဌာနအတွက် ဝင်ငွေတစ်ဖက်တစ်လမ်းကရရှိစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုတဲ့ ဆင်စခန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၅–၂၀၁၆ ခုနှစ်မှ ၂၀၁၈–၂၀၁၉ ခုနှစ်အထိ စုစုပေါင်းဆင်စခန်း ၂၀ ဖွင့်လှစ်ခဲ့ပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း ဇောခိတထောင်ဆင်စခန်းနဲ့ ဇလုံတောင်ဆင်စခန်းတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့တဲ့အတွက် လက်ရှိအချိန်အထိ ဆင်စခန်း ၂၂ ခု ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**မေး။ ။သတ္တုသယံဇာတနဲ့ ပတ်သက်ပြီး သိသာထင်ရှားတဲ့ ဆောင်ရွက်ချက်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ။၂၀၁၆ ခုနှစ် မေလကစတင်ပြီး သတ္တုလုပ်ကွက်အသစ် လျှောက်ထားမှုကို ရပ်ဆိုင်းခဲ့ပြီး သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်းမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြန်လည်စိစစ်ခွင့်ပြုပေးလျက်ရှိရာ လက်ရှိအချိန်အထိ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေရဲ့ သဘောထား ပြန်ကြားချက်ရရှိထားတဲ့ လုပ်ကွက်အသစ် စောင်ရေ ၁၅၈ စောင်ကို ခွင့်ပြုမိန့်ချထားပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ခဲတတ်သတ္တု စမ်းသပ်တိုင်းတာဖို့ ခွင့်ပြုမိန့် ပြည်ပရင်းနှီးမြှုပ်နှံမှု ၅ ခုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၇ ခု စုစုပေါင်း ၁၂ ခု၊ ပြည်ပရင်းနှီးမြှုပ်နှံမှု သက်တမ်းတိုး ၄ ခုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု သက်တမ်းတိုး ၃ ခု စုစုပေါင်း ၇ ခု၊ ခဲတတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်သက်တမ်းတိုး ၃ ခု၊ အလတ်စား ခွင့်ပြုမိန့် ၄၁ ခု၊ အသေးစားခွင့်ပြုမိန့် ၄၂ ခုနဲ့ သက်တမ်းတိုး ၄၇ ခု စုစုပေါင်း ၁၅၂ ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။

ပြည်တွင်း/ပြည်ပ ကုမ္ပဏီတွေရဲ့ ပုလဲနဲ့ မုတ်ခွံထုတ်လုပ်မှုအချိုးတွေကို အရင်းမကျေမီ ကုမ္ပဏီတွေအတွက် မြန်မာ့ပုလဲလုပ်ငန်းက ၁၀ ရာခိုင်နှုန်း၊ ကုမ္ပဏီ မှ ၉၀ ရာခိုင်နှုန်း၊ အရင်းကျေပြီးကုမ္ပဏီတွေအတွက် မြန်မာ့ပုလဲလုပ်ငန်းက ၂၀ ရာခိုင်နှုန်း၊ ကုမ္ပဏီက ၈၀ ရာခိုင်နှုန်းနဲ့ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီအားလုံး အခွန်ပေးဆောင်မှု တန်းတူအခွင့်အရေးပေးပြီး ဖြေလျှော့ပေးခဲ့ပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်အရ ၂၀၁၈ ခုနှစ်ကစတင်ပြီး ပုလဲမွေးမြူရေးကျွန်းစခန်း ၅ ခုမှာ ခရီးသည်တွေကို ဝင်ရောက်လေ့လာခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ နိုင်ငံခြားခရီးသွား ၃၂ ဦးနဲ့ ပြည်တွင်းခရီးသွား ၄၃ ဦးတို့မှ အမေရိကန်ဒေါ်လာ ၄၈၀ နဲ့ ငွေကျပ် ၀ ဒသမ ၆၄၅ သန်း ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံကျောက်မီးသွေးကောင်စီ အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ၂၀၂၀ ပြည့်နှစ် ဇွန်လမှာ (၁၈) ကြိမ်မြောက် ASEAN Forum on Coal အစည်းအဝေး၊ ASEAN Coal Business Round Table and Conference နဲ့ (၁၀) ကြိမ်မြောက် အာဆီယံကျောက်မီးသွေးစွမ်းအင် ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ ဆွေးနွေးပွဲတို့ကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

သယံဇာတတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေ ပွင့်လင်းမြင်သာမှုရှိဖို့ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်အတွက် သတ္တုကဏ္ဍနဲ့ ကျောက်စိမ်းကျောက်မျက်ကဏ္ဍအပြင် ပုလဲကဏ္ဍပါဝင်တဲ့



၁၈–၈–၂၀၁၇ ရက်က နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာ့ပုလဲရောင်းချပွဲ၌ တင်ပြရောင်းချသည့် ပုလဲတွဲများကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေးစဉ်။

စတုတ္ထအကြိမ် အစီရင်ခံစာကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ၂၀၁၉ ခုနှစ်မှာ မြန်မာနိုင်ငံ EITI လုပ်ငန်းတွေ ပြီးစီးနိုင်ဖို့အတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) အစည်းအဝေး ၆ ကြိမ်၊ Sub–Committee အစည်းအဝေး ၁၄ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၁၀ ကြိမ်၊ Mining Cadastre နဲ့ ဆက်စပ်အစည်းအဝေး ၄ ကြိမ်၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု လုပ်ငန်းအဖွဲ့ Beneficiary Ownership Task Force ၄ ကြိမ်၊ ဦးဆောင်ကော်မတီ အစည်းအဝေး ၁ ကြိမ်နဲ့ လုပ်ငန်းကော်မတီအစည်းအဝေး ၃ ကြိမ် စုစုပေါင်း အစည်းအဝေး ၄၂ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။

ခွင့်ပြုလုပ်ကွက်တွေကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေတွေ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းတွေ၊ စာချုပ်ပါစည်းကမ်းတွေ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွေ၊ ဘေးအန္တရာယ်ကင်းရှင်းမှုတွေ ရှိ/မရှိကို စစ်ဆေးနိုင်ဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ကွင်းဆင်းအဖွဲ့တွေ ဖွဲ့စည်းခဲ့ပြီး လုပ်ကွက်ပေါင်း ၂၉၈ ကွက်နဲ့ ပြည်ပကိုတင်ပို့ရောင်းချမယ့် သတ္တုနမူနာ ကောက်ယူဖို့အတွက် ၂၀၁၉ ခုနှစ်မှာ အကြိမ် ၂၀ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

ကျောက်မျက်ရတနာပြပွဲတွေကို ကျင်းပလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလမှာ နိုင်ငံခြားငွေ ယူရိုနဲ့ ရောင်းချပွဲ တစ်ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ နှစ်ပွဲ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး တန်ဖိုးယူရို ၅၀၆ ဒသမ ၉၁၄ သန်းနဲ့ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ တန်ဖိုးငွေကျပ်သန်းပေါင်း ၁၂ ဘီလီယံ (၁၂၀၃၈၈ ဒသမ ၆၉၉) ရောင်းချခဲ့ရပါတယ်။ ပုလဲရောင်းချရမှုအနေနဲ့ ပုလဲအတွဲပေါင်း ၄၆၈ တွဲ၊ ပုလဲလုံးရေ ၁၁၁၂၈၇ လုံး၊ အလေးချိန် ၇၂၆၉၀ ဒသမ ၇၀ မိုမီ ရောင်းချခဲ့ပြီး ယူရိုငွေ ၂၆၈၀၈၉၂ ယူရို ရရှိခဲ့ပါတယ်။

**မေး။ ။ဝန်ကြီးဌာနအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးကို ဟန်ချက်ညီအောင် ပေါင်းစပ်ဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ။ ။ပြည်သူတွေရဲ့ လူမှုစီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေဖို့ ကျန်းမာပျော်ရွှင်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ ဂေဟစနစ်ပေးနိုင်ဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို ၂၀၁၉ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ထို့အတူ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ကာဗွန်(ထုတ်လွှတ်မှု) လျော့နည်းတဲ့ လူမှုအဖွဲ့အစည်းဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနဲ့ ပင်မလုပ်ငန်းအစီအစဉ်တွေကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် စွန့်ပစ်ပစ္စည်းတွေကို ပြန်လည်အသုံးပြုပြီး ညစ်ညမ်းမှုကင်းစင်တဲ့ ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနဲ့ ပင်မလုပ်ငန်းအစီအစဉ် ၂၀၁၈–၂၀၃၀ ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

အဲဒီ မူဝါဒ၊ မဟာဗျူဟာနဲ့ ပင်မလုပ်ငန်း အစီအစဉ်တွေကို အကောင်အထည်ဖော်ခြင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ရည်မှန်းချက်တွေ အောင်မြင်ရေးကို အထောက်အကူပြုမယ့်အပြင် ကုလသမဂ္ဂရဲ့ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်မှာ ပါဝင်တဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ သာတူညီမျှရေးနှင့် တရားမျှတမှုရှိရေး၊ ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရေးစတဲ့ ရည်မှန်းချက်တွေကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့ ဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ခရိုင်ရုံး ၁၈ ရုံးနဲ့ မြို့နယ်ရုံး တစ်ရုံး အသစ်ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ် သယံဇာတတွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ ထိထိရောက်ရောက်နဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် အလေးထားရမယ့်အချက်ကို ပြောပြပေးပါဦး။**

ဖြေ။ ။ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒ၊ မဟာဗျူဟာနဲ့ လမ်းညွှန်ချက်၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်မှုတွေနဲ့အညီ သစ်တောနဲ့ သတ္တုသယံဇာတတွေကို စီမံကိန်းတွေချမှတ်ပြီး စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်တွေမှာ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပြီးပြည့်စုံ စနစ်ကျတဲ့ ချဉ်းကပ်မှုနည်းလမ်းတွေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ ရေရှည်အကျိုးစီးပွားအတွက် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးခင်လတ်ကြီး**
**(ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန)**

**မေး။ ။စတုတ္ထ (၁) နှစ်တာကာလအတွင်း ဥပဒေ၊ နည်းဥပဒေတွေနဲ့ ပတ်သက်ပြီး ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တာတွေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနဲ့ ၂၀၁၈ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေတွေအရ ပြည်ထောင်စုက ခဲတတ်သတ္တု အကြီးစားနဲ့ အလတ်စား၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေက ခဲတတ်သတ္တု အသေးစားနဲ့ လက်လုပ်လက်စား ခွင့်ပြုမိန့်တွေကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့တွေအနေနဲ့ အသေးစားနဲ့ လက်လုပ်လက်စား ခွင့်ပြုမိန့်တွေကို လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်မှာ မြန်မာ့သတ္တုတွင်းနည်းဥပဒေတွေကို ပြင်ဆင်တဲ့ နည်းဥပဒေ ထုတ်ပြန်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာတင်ပြခြင်းနဲ့ ပတ်သက်ပြီး အချို့လုပ်ထုံး၊ လုပ်နည်းတွေကို ဖြေလျှော့ပေးတာ၊ ခဲတတ်သတ္တု အသေးစား၊ လက်လုပ်လက်စား ဇုန်တွေကို ဘူမိဗေဒပညာရှင်တွေနဲ့ မြေပြင်ကွင်းဆင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သယံဇာတဝန်ကြီးတွေနဲ့ ညှိနှိုင်းသတ်မှတ်ပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

အခုဆိုရင် တိုင်းဒေသကြီး/ ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့တွေက ခဲတတ်သတ္တု အသေးစား၊ လက်လုပ်လက်စား ခွင့်ပြုမိန့် ၁၁၁၁ ခုကို ခွင့်ပြုပေးနိုင်ခဲ့ပြီး အဲဒီလုပ်ငန်းတွေကရရှိတဲ့ အခွန်အခတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းစေလျက်ရှိပါတယ်။

ခဲတတ်သတ္တုသယံဇာတတွေ စီမံခန့်ခွဲရာမှာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရတွေအကြား ခဲတတ်သတ္တုခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ကောက်ခံရရှိတဲ့ အခွန်ဘဏ္ဍာ စီမံခြင်းတွေနဲ့ ပတ်သက်ပြီး ပူးပေါင်းညှိနှိုင်း အဖြေရှာနိုင်ဖို့အတွက် ဝန်ကြီးဌာနက ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူတွေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့က သယံဇာတနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးနဲ့ EITI သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ဝင်တွေ၊ ကမ္ဘာ့ဘဏ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ စုစုပေါင်း လူဦးရေ ၁၅၀ နဲ့ ခဲတတ်သတ္တုကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ ရက်နဲ့ ၂၄ ရက်က နေပြည်တော် Horizon Lake View ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ သတ္တုဖြစ်ထွန်းမှုရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ခွင့်ပြုပြီး ခဲတတ်သတ္တုလုပ်ကွက်တွေကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ လိုက်နာမှု ရှိ/မရှိ စိစစ်ဖို့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ဖို့အတွက် ပူးပေါင်းကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ကိုးဖွဲ့နဲ့ စတုတ္ထ(၁) နှစ်တာကာလ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ လုပ်ကွက်ပေါင်း ၂၉၈ ကွက်ကို စစ်ဆေးခဲ့ပြီး ခွင့်ပြုမိန့်အမျိုးအစားအလိုက် လိုအပ်ချက်/အားနည်းချက်တွေကို သက်ဆိုင်ရာ ဦးစီးဌာနနဲ့ လုပ်ငန်းတွေအလိုက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။



ဦးခင်လတ်ကြီး
ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန

**မေး။ ။စတုတ္ထ (၁) နှစ်တာကာလအတွင်း အမျိုးသားစီမံကိန်း ရည်မှန်းချက်တွေကို သတ္တုရေးရာအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတွေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။အမျိုးသားစီမံကိန်း ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေနဲ့ သတ္တုထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၅၂၄၃ ဒသမ ၁၁၇ သန်း လျာထားခဲ့ရာ ငွေကျပ် ၆၈၅၂၆၃ ဒသမ ၄၂ သန်း၊ ကျောက်စိမ်းထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၄၆၂၃ ဒသမ ၂၂၇ သန်း လျာထားခဲ့ရာ ငွေကျပ် ၉၇၁၆၉ ဒသမ ၇၁ သန်း၊ ကျောက်မျက်ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး ငွေကျပ်သန်း ၁၁၇၉၀ လျာထားခဲ့ရာ ငွေကျပ် ၆၆၀ ဒသမ ၃၈၄ သန်း ၊ ပုလဲထုတ်လုပ်မှုမှ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၁၂၂၉ ဒသမ ၁၉ သန်း လျာထားခဲ့ရာ ငွေကျပ် ၃၈၂၂၀ ဒသမ ၈၆၂ သန်း ရရှိအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲထုတ်လုပ်မှုတို့ကနေ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၉၂၈၈၅ ဒသမ ၅၃၄ သန်း လျာထားခဲ့ရာ စုစုပေါင်း ငွေကျပ် ၈၂၃၃၄ ဒသမ ၅၅၉ သန်းရရှိခဲ့တဲ့အတွက် ၁၃၈ ဒသမ ၅၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချုပ်ပို (ခ)မှ*

**ဒေါက်တာညီညီကျော်**
**(ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)**

မေး။ ။စတုတ္ထ (၁) နှစ်တာကာလအတွင်း ထူးခြားတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို သိရှိလိုပါတယ်ရှင့်။

ဖြေ။ ။သစ်တောဦးစီးဌာနရဲ့ အဓိကတာဝန်တွေက နိုင်ငံတော်ရဲ့ သစ်တောသယံဇာတတွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့နဲ့ စနစ်တကျ ထုတ်ယူသုံးစွဲဖို့ ဖြစ်ပါတယ်။ ဒီလိုစနစ်တကျ ထုတ်ယူသုံးစွဲဖို့နဲ့ ထိန်းသိမ်းဖို့ဆိုရင် နိုင်ငံတော်ရဲ့ သစ်တောဧရိယာတွေကို အမြဲတမ်း သစ်တောနယ်မြေတွေအဖြစ် ဖွဲ့စည်းသတ်မှတ်ဖို့ လိုပါတယ်။

အဲဒါကလည်း ၁၉၉၅ ခုနှစ် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့သစ်တောမူဝါဒနဲ့ နှစ် ၃၀ သစ်တောကဏ္ဍ ပင်မစီမံကိန်းရဲ့ လျာထားချက်အတိုင်း ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာကတိ ကဝတ်တစ်ခုဖြစ်တဲ့ Paris Agreement လို့ လူသိများသည့် ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်တဲ့ နိုင်ငံတကာ ကတိကဝတ်တစ်ခုကို ကျွန်တော်တို့ လိုက်နာရပါတယ်။ အဲဒါက နိုင်ငံ့ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းကို အမြဲတမ်း သစ်တောနယ်မြေလို့ခေါ်တဲ့ ဘေးမဲ့တောတွေ၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်တဲ့ နယ်မြေတွေကို နိုင်ငံရဲ့ ၁၀ ရာခိုင်နှုန်းအထိ ကျွန်တော်တို့ တိုးချဲ့ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံဧရိယာရဲ့ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်းကို အမြဲတမ်းသစ်တောနယ်မြေအဖြစ် ဖွဲ့စည်းပြီးဖြစ်ပါတယ်။ စတုတ္ထနှစ်အတွင်း ကြိုးဝိုင်းတော/ ကြိုးပြင်ကာကွယ်တော ၂၆ ခုနဲ့ ဧက သုံးသိန်းကျော် တိုးချဲ့ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေ နှစ်ခုကို စတုတ္ထနှစ်အတွင်းမှာ ဖွဲ့စည်းခဲ့ပါတယ်။

အဲဒါတွေက ဘားအံမြို့နယ်မှာရှိတဲ့ ဇွဲကပင် သယလိုဏ်ဂူ ဘူမိရုပ်သွင်ထူးခြားတဲ့ နယ်မြေတစ်ခုနဲ့ ချင်းပြည်နယ် ဟားခါးမြို့နယ်မှာရှိတဲ့ ဇွေပါးတောင် အမျိုးသားဥယျာဉ်တို့ကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ သစ်တောနယ်မြေတွေကို တိုးချဲ့ဖွဲ့စည်းတာက သစ်တောတွေ၊ သယံဇာတတွေ တည်မြဲဖို့နဲ့ စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

မေး။ ။သစ်တောပြုစုထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို ဒေသခံပြည်သူတွေကိုယ်တိုင် ပါဝင်အုပ်ချုပ်လုပ်ကိုင်စေနိုင်ဖို့ ဆောင်ရွက်နေမှုတွေကို သိရှိလိုပါတယ်။

ဖြေ။ ။သစ်တောကြိုးဝိုင်းတွေ၊ ကြိုးပြင်ကာကွယ်တောတွေ ဖွဲ့စည်းတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းစဉ်တွေ အဆင့်ဆင့်ရှိပါတယ်။ အဲဒီကြိုးဝိုင်းတွေ/ ကြိုးပြင်ကာကွယ်တောတွေ အနီးအနားမှာ ဒေသခံပြည်သူတွေ ရှိပါတယ်။ သူတို့ရဲ့ နိစ္စဓူဝ လုပ်ကိုင်စားသောက်တဲ့ လုပ်ငန်းတွေ၊ မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်မှုတွေ၊ ထိခိုက်နစ်နာမှု မရှိအောင် ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေမှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလို့ခေါ်တဲ့ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ သစ်တောတွေ ထိန်းသိမ်းတာ၊ သစ်တောတွေ စိုက်ပျိုးတာ၊ သစ်တောတွေက ထွက်တဲ့ ထုတ်ကုန်ပစ္စည်းတွေကို ထုတ်ယူသုံးစွဲနိုင်တဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေကို ဒေသခံပြည်သူတွေ နားလည်သဘောပေါက်အောင် သင်တန်းတွေပေးတာ၊ အသိပညာဖြန့်ဝေပေးတာတွေ လုပ်ပါတယ်။

စတုတ္ထနှစ်အတွင်းမှာ ဒေသခံပြည်သူ အစုအဖွဲ့ ၆၀၀ ကျော်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူတွေအနေနဲ့ အရင်က တရားဝင်လုပ်ကိုင်စားသောက်ခွင့်မရှိဘဲ ကြိုးဝိုင်းအတွင်း ရောက်ရှိနေတဲ့သူတွေအတွက် တရားဝင် နှစ် ၃၀ လုပ်ကိုင်စားသောက်ခွင့်တွေ ရရှိမှာဖြစ်ပါတယ်။

သူတို့အတွက် လူမှုစီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ထုတ်ကုန်တွေကို စနစ်တကျ ဈေးကွက်ထဲမှာ ရောင်းချနိုင်အောင်၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေရရှိအောင် ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ သစ်တောဦးစီးဌာနတွေမှာ လုပ်ငန်းဆောင်ရွက်ဖို့အတွက် လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းပြီး သူတို့ကို ပူးပေါင်းပါဝင်လာစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။သစ်တောသယံဇာတတွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ရေရှည်တည်တံ့ဖို့ ထိန်းသိမ်းကာကွယ် ဆောင်ရွက်မှုတွေကို သိပါရစေရှင့်။

ဖြေ။ ။သစ်တော သယံဇာတလို့ ပြောရင် ဒီထဲမှာ ဇီဝမျိုးစုံမျိုးကွဲတွေ ပါဝင်တယ်။ ဒီအတွက် ဇီဝမျိုးစုံမျိုးကွဲတွေ မပျောက်ပျက်သွားအောင်၊ မျိုးသုဉ်းပျောက်ကွယ်မှု မရှိအောင် ဆောင်ရွက်ရတာတွေ ရှိပါတယ်။ စတုတ္ထနှစ်ကာလအတွင်းမှာ နိုင်ငံတော်အစိုးရရဲ့ မဟာဗျူဟာမြောက် စီမံကိန်းတစ်ခုအနေနဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ မူရင်းဒေသတွေ ပြန်လည်တည်ထောင်ပေးခြင်း စီမံကိန်း ဖြစ်ပါတယ်။

ဒီစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကနေ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ အဓိက လုပ်ငန်းစဉ်တွေမှာ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားတဲ့ နေရာတွေကို မူရင်းဒေသတွေ မပျက်စီးစေဖို့ ကာကွယ်ထိန်းသိမ်းပေးတာ၊ တောရိုင်းတိရစ္ဆာန်တွေ ဖြတ်သန်းသွားတဲ့ နေရာတွေ၊ ဒီနေရာတွေကို စကြံသစ်တောတွေ တည်ထောင်ပေးတာ၊ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်းဖောက်လုပ်တာ၊ ဆည်တည်ဆောက်တာတွေကြောင့် တောရိုင်းတိရစ္ဆာန်တွေရဲ့ နေရင်းဒေသတွေ ပျောက်ကွယ်မှုမရှိအောင် ပြန်ပြီးထိန်းသိမ်းကာကွယ်ဖို့အတွက် နည်းပညာတွေ ဖြန့်ဖြူးတာ၊ ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဇီဝမျိုးစုံမျိုးကွဲတွေထဲမှာ အင်မတန်အရေးကြီးတဲ့ ဆောင်းခိုငှက်တွေ



ဒေါက်တာညီညီကျော်
(ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန)



ဦးလှမောင်သိန်း
(ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်
ထိန်းသိမ်းရေးဦးစီးဌာန)

ကို ထိန်းသိမ်းကာကွယ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဆောင်းခိုငှက်တွေ ပျံသန်းတဲ့လမ်းကြောင်း ကိုးခုထဲမှာ နှစ်ခုက ကျွန်တော်တို့နိုင်ငံအပေါ်မှာ ကျရောက်နေပါ တယ်။ အဲဒါတွေက အရှေ့-အာရှ၊ အာရှ- ဩစတြေးလျ လမ်းကြောင်းနဲ့ ဗဟိုအာရှ လမ်းကြောင်းတို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ ဆောင်းရာသီမှာ ဆောင်းခိုငှက်တွေ ပျံသန်းသွားတဲ့ နေရာတွေမှာ သူတို့ခေတ္တနားခို နေထိုင်ကျက်စားဖို့ နေရာတွေကို သတ်မှတ်ပေးရပါ တယ်။

ဒီအထဲမှာ ရေဝပ်ဒေသတွေက အင်မတန်အရေးကြီးတဲ့အတွက် ရေဝပ်ဒေသတွေကို ဆောင်းခိုငှက်တွေ ဖြတ်သန်းတဲ့အချိန်မှာ နားခိုနိုင်စေဖို့ သတ်မှတ်ပေးရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်မှာ အင်းလေးကန်ကို ဆောင်းခိုငှက်တွေ ဖြတ်သန်းသွားလာတဲ့ နေရာတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

ဒုတိယတစ်ခုက ရေဝပ်ဒေသတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ Ramsar Convension လို့ လူသိများတဲ့ ရေဝပ်ဒေသဆိုင်ရာ ကွန်ဗင်းရှင်းမှာ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အဲဒီအတွက် ကမ္ဘာ့အရေးကြီးတဲ့ ရေဝပ်ဒေသတွေအဖြစ် ရှာဖွေသတ်မှတ် ဖော်ထုတ်ရပါတယ်။ ယခုနှစ်အတွင်း မုတ္တမပင်လယ်ကွေ့ ပဲခူးတိုင်းဒေသကြီးအပိုင်းကို အရေးကြီးတဲ့ ရေဝပ်ဒေသအဖြစ် သတ်မှတ်ခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရေညှောင့်နှုတ်ဝိုင်းဆိုတဲ့ ငှက်တစ်မျိုးရှိပါတယ်။ ကမ္ဘာပေါ်မှာ ခန့်မှန်းကောင်ရေ ၂၅၀ ကနေ ၅၀၀ ကြားမှာ ရှိပါတယ်။ ဒီငှက်တွေ ပျံသန်းတဲ့လမ်းကြောင်းဖြစ်တဲ့ မုတ္တမပင်လယ်ကွေ့မှာ အကောင်ရေ ၂၀၀ လောက် တွေ့ရှိထားတဲ့အတွက် အဲဒီနေရာကို အင်မတန်အရေးကြီးတဲ့ ရေဝပ်ဒေသအဖြစ် ရှာဖွေသတ်မှတ် ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

နောက်အာဆီယံနိုင်ငံတွေမှာ အာဆီယံအမွေအနှစ် ဥယျာဉ်ဆိုပြီး သတ်မှတ်ကြတာရှိတဲ့အတွက် နိုင်ငံမှာရှိတဲ့ အမျိုးသားဥယျာဉ်တွေ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွေမှာ အရေးကြီးတဲ့ နေရာဒေသတွေကို အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံဒေသရဲ့ အမွေအနှစ်ဥယျာဉ်တစ်ခုအဖြစ် မှတ်တမ်းတင်သတ်မှတ်ခြင်း ခံခဲ့ရပါတယ်။

မေး။ ။သစ်တောဦးစီးဌာနအနေနဲ့ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။

ဖြေ။ ။မြန်မာနိုင်ငံဟာ သစ်တောပြုန်းတီးမှုနှုန်းလည်း မြင့်မားနေတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး



မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် မြေမျက်နှာသွင်ပြင်ပြ မြေပုံထုတ်လုပ်ရန် RTK (Real Time Kinematic) နည်းဖြင့် GPS တိုင်းတာခြင်းဆောင်ရွက်စဉ်။

စီမံကိန်းကို (၁၀)နှစ်တာ ကာလသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်မှာ စိုက်ခင်းဧက ၂၆၀၀၀ ကျော် တည်ထောင်စိုက်ပျိုးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သစ်တောတွေ ပြန်လည်တည်ထောင်ဖို့အတွက် ပုဂ္ဂလိက တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်း ပါဝင်ပြီး လာမယ့်မိုးရာသီမှာ အပင်ပေါင်း ၆၈ သန်းကို စိုက်ပျိုးမှာ ဖြစ်ပါတယ်။

သစ်တော သယံဇာတတွေကလည်း အကြောင်းအမျိုးမျိုးနဲ့ ပျက်စီးပြုန်းတီးနေတာတွေရှိပါတယ်။ တရားမဝင် ခုတ်လှဲခြင်းခံခဲ့ရတာတွေ များပါတယ်။ ဒါကြောင့် သစ်တောဦးစီးဌာနအနေနဲ့ ဒေသခံပြည်သူအခြေပြု စောင့်ကြည့်သတင်းပို့စနစ်(Community Monitoring and Reporting System – CMRS)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီစနစ်အရ ဒေသခံပြည်သူတွေဟာ တယ်လီဖုန်းနဲ့ဖြစ်စေ၊ SMS Message ပေးပြီးဖြစ်စေ ကျွန်တော်တို့ဆီကို သတင်းတွေ ပေးပို့လျက်ရှိပါတယ်။ ဒီစနစ်ကလည်း ဒေသခံပြည်သူတွေရဲ့ တာဝန်သိသိနှင့် သတင်းပေးမှုကြောင့် တော်တော်အောင်မြင်ပါတယ်။ စတုတ္ထ နှစ်ကာလအတွင်း တရားမဝင်သစ် ၄၉၇၈၂ ဒသမ ၃၅ တန်နဲ့ တရားခံ ၄၅၃၁ ဦး ဖမ်းဆီးရမိခဲ့တယ်။ ဒီအထဲမှာ နိုင်ငံခြားသား ၂၈ ဦး ပါဝင်ပါတယ်။ ယာဉ်ယန္တရား အစီးရေပေါင်း ၂၇၁၁ စီး ဖမ်းဆီးအရေး ယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် တရားမဝင်သစ်ဖမ်းဆီးရေးမှာ ပြည်သူလူထုပူးပေါင်းပါဝင်ဖို့ အင်မတန်အရေးကြီးပါတယ်။

နောက်တစ်ခုက နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနဲ့ အင်းလေးကန် ရေရှည်တည်တံ့ရေးနဲ့ သစ်တောတွေဖုံးလွှမ်းဖို့ စီမံကိန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ မိုးရာသီမှာ သစ်စေ့တွေကို မြေလုံးတွေပြုလုပ်ပြီး အင်းလေးကန်ပတ်ချာလည်မှာရှိတဲ့ တောင်ကတုံးတွေအပေါ်ကို ရဟတ်ယာဉ်နဲ့ သစ်စေ့မြေလုံးတွေ ကြဲချတဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ သစ်စေ့မြေလုံးပေါင်း ၁၄၆၂၉၇ လုံး ကြဲချပြီး သစ်ပင်ပြန်ပေါက်အောင်လုပ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလုပ်ငန်းတွေဟာ အဖွဲ့အစည်းတစ်ခုတည်းက ဆောင်ရွက်ရင် အောင်မြင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ပြည်သူတွေ ပူးပေါင်းပါဝင်မယ်ဆိုရင် ချောချောမွေ့မွေ့နဲ့ အောင်မြင်နိုင်ပါတယ်။ နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ ဆက်စပ်တဲ့ အစိုးရအဖွဲ့အစည်းတွေအပြင် အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေ ပူးပေါင်းပါဝင်မှသာ တရားဥပဒေစိုးမိုးဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ပူးပေါင်းပါဝင်ကြပါလို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**ဦးလှမောင်သိန်း**
**(ညွှန်ကြားရေးမှူးချုပ် ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

မေး။ ။စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရဲ့ ထင်ရှားတဲ့ တိုးတက်ပြောင်းလဲမှုတွေကို သိပါရစေရှင့်။

ဖြေ။ ။မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) မှာပါတဲ့ နိုင်ငံတော်ရဲ့ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို တည်ဆောက်ရာမှာ သဘာဝပတ်ဝန်းကျင်ဟာ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဒီဖော်ပြချက်နဲ့အညီ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သဘာဝပတ်ဝန်းကျင်

*အချုပ်ပို (ဃ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (၈)မှ*

တွေကို ဟန်ချက်ညီညီရှိစေဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကဏ္ဍအသီးသီးမှာ ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက အဓိက လုပ်ငန်းတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆက်စပ်ပတ်သက်သူတွေနဲ့ တိုင်ပင်ဆွေးနွေးရေးဆွဲခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတတွေနဲ့ ဂေဟစနစ်ရေရှည်ထိန်းသိမ်းရေးအတွက် ရေရှည်လမ်းညွှန်မူဝါဒအနေနဲ့ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ဖို့နဲ့ လိုက်လျောညီထွေရှိစေဖို့အတွက် လမ်းပြမြေပုံအဖြစ် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနဲ့ လုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀) ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အလားတူ စက်မှု၊ မြို့ပြဖွံ့ဖြိုးရေး တိုးတက်လာတာနဲ့အမျှ စွန့်ပစ်အမှိုက်တွေကြောင့် ရေ၊ လေ၊ မြေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနဲ့ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)ကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နဲ့ စောင့်ကြည့်စစ်ဆေးခြင်းနဲ့ ပတ်သက်ပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်မှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတော်အတွင်း လူမှုစီးပွားရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ သဘာဝနဲ့ လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၉ ခုနှစ်အတွင်း အခြေခံအဆောက်အဦ၊ ဟိုတယ်နဲ့ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ သစ်တော၊ သတ္တုကဏ္ဍတွေနဲ့ဆိုင်တဲ့ စီမံကိန်းလုပ်ငန်း စုစုပေါင်း ၁၁၃ စောင်ကို အတည်ပြုပြီး ၆၂၃ စောင်ကို ကနဦးစိစစ် ပြန်ကြားပေးနိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာ စီမံကိန်းလုပ်ငန်းတွေကြောင့် ပတ်ဝန်းကျင် ရေ၊ လေနဲ့ မြေညစ်ညမ်းမှုမရှိစေဖို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အစီအမံတွေနဲ့အညီ ဆောင်ရွက်မှု ရှိ/မရှိ မြေပြင်မှာ ကွင်းဆင်းစစ်ဆေးမှုအနေနဲ့ တစ်နှစ်အတွင်း ၁၂၃၇ ကြိမ် စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အသိပညာပြန့်ပွားရေး လုပ်ငန်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ၅၆၉ ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းဟာ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စဖြစ်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးတဲ့ ကဏ္ဍတစ်ရပ် ဖြစ်ပါတယ်။ နည်းပညာအကူအညီတွေ ရယူဖို့ ဆောင်ရွက်လျက်ရှိရာမှ ငွေကြေး အထောက်အပံ့တွေကို GCF အဖွဲ့အစည်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂ သန်း၊ GEF အဖွဲ့အစည်းထံမှ အမေရိကန် ဒေါ်လာ ၁၀ သန်း၊ ဥရောပသမဂ္ဂမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅ သန်း၊ နော်ဝေနိုင်ငံမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၂၆ သန်း အထောက်အပံ့ ရရှိခဲ့ပါတယ်။ နားလည်မှုစာချွန်လွှာ(MoU) ၆ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်ဝန်းကျင်ရေးရာ မူဝါဒရည်မှန်းချက်ကို ရရှိနိုင်ဖို့အတွက် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒ၊ မဟာဗျူဟာ၊ လမ်းညွှန်ချက်တွေနဲ့အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်တွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေ၊ ပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမင်းသူ (ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)**

**မေး။ ။ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကျောက်မျက်ရတနာတွေနဲ့ စပ်လျဉ်းပြီး ပြည်သူလူထု လေ့လာသိရှိနိုင်စေဖို့ ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေရှင်။**

ဖြေ။ ။ မြန်မာ့ ရေ၊ မြေ၊ သဘာဝနဲ့ ပထဝီအနေအထားကြောင့် မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာအမျိုးအစား ၇၅ မျိုး မျိုးကွဲအားဖြင့် ၁၀၀ ကျော်အထိ စုံလင်စွာထွက်ရှိပြီး၊ ပတ္တမြား၊ နီလာနဲ့ ကျောက်စိမ်းတို့လို တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတနာတွေ ပေါများစွာ ထွက်ရှိပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေ ဂုဏ်ယူနိုင်စေဖို့အတွက် ကျောက်မျက်ရတနာတွေကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် နေပြည်တော်နဲ့ ရန်ကုန်တို့မှာ ခင်းကျင်းပြသထားပါတယ်။

**မေး။ ။ ကျောက်မျက်ရတနာ ကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ့် အစီအမံတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတော်ရဲ့ တိုးတက်ပြောင်းလဲနေတဲ့ ဖြစ်စဉ်နဲ့အညီ ကျောက်မျက်ရတနာသယံဇာတတွေကို ကောင်းမွန်စွာစီမံခန့်ခွဲမှုရှိစေရေး၊ သားစဉ်မြေးဆက် ရေရှည်သုံးစွဲနိုင်ရေးနဲ့ ကျောက်မျက်ရတနာကဏ္ဍမှ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို စနစ်တကျ ဆောင်ရွက်နိုင်မယ့် ကျောက်မျက်ရတနာ မူဝါဒတစ်ရပ် ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံသားအားလုံးပိုင်ဆိုင်တဲ့ ကျောက်မျက်ရတနာတွေကို သားစဉ်မြေးဆက် ရေရှည်သုံးစွဲနိုင်ဖို့၊ စီးပွားရေး အကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပိုမိုဦးစားပေးဖို့အတွက် အကန့်အသတ်နဲ့ တူးဖော်ထုတ်လုပ်ဖို့စတာတွေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အခြေခံမူတွေအဖြစ်ထားရှိဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ကျောက်မျက်ရတနာ ကဏ္ဍရဲ့ ရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတို့ရဲ့ အကျိုးစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည်အထောက်အကူပြုစေမယ့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ကျောက်မျက်ရတနာလုပ်ငန်းများ (Responsible Gems industries) ပေါ်ပေါက်လာစေဖို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျောက်မျက်ရတနာ အချောထည်ဈေးကွက်နဲ့ လက်ဝတ်ရတနာဈေးကွက်တွေ စနစ်တကျ တိုးတက်ဖွံ့ဖြိုးဖြစ်ထွန်းအောင် ဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ တူးဖော်ထုတ်လုပ်ရရှိတဲ့ ကျောက်



ဦးမင်းသူ (ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)

မျက်ရတနာအရိုင်းတွေကို လက်မှုပညာ၊ နည်းပညာတွေအသုံးပြုပြီး ဆင့်တက်ပြုပြင်ထားတဲ့ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းတွေ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်စေဖို့၊ ပြည်တွင်းမှာ အချောထည်ဈေးကွက်နဲ့ လက်ဝတ်ရတနာ ဈေးကွက်ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းစေဖို့၊ ကျောက်မျက်ရတနာတွေ၊ လက်ဝတ်ရတနာတွေရဲ့ အရည်အသွေးမြှင့်တင်ပြီး ပြည်ပဈေးကွက် ထိုးဖောက်ရောင်းချခြင်းဖြင့် နိုင်ငံသားတွေ



စစ်ကိုင်းတိုင်းဒေသကြီး ပုလဲ၊ ကနီ၊ မင်းကင်းနှင့် မကွေးတိုင်းဒေသကြီး ထီးလင်း၊ ဂန့်ဂေါ ဒေသများတွင် ကျောက်မီးသွေး ဆက်စပ်တိုင်းတာရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေစဉ်။

အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့၊ နိုင်ငံတော်နဲ့ ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်တွေ စီးပွားရေး အကျိုးဖြစ်ထွန်းမှုတွေ ပိုမိုရရှိစေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်မျက်ရတနာ အချောထည်နဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို နေပြည်တော်မှာ နိုင်ငံတကာ ရတနာကုန်သည်တွေကို ဖိတ်ကြားပြီး နိုင်ငံခြားငွေနဲ့ရောင်းချတဲ့ ရတနာပြပွဲတွေ ကျင်းပသလို ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီး နှစ်စဉ် ကျောက်မျက်ရတနာရောင်းချပွဲတွေကို ကျင်းပလျက်ရှိပါတယ်။

ဒါ့အပြင် ကျောက်မျက်ရတနာ အချောထည်နဲ့ လက်ဝတ်ရတနာပစ္စည်းတွေကို နိုင်ငံတကာပြပွဲတွေမှာ သွားရောက်ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတဲ့ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မိုးကုတ်နဲ့ မြစ်ကြီးနား မြို့တွေမှာ ကျောက်မျက်ရတနာ အချောထည်တွေ တင်ပို့ရောင်းချနိုင်ရေးအတွက် Gems Trading Center တွေဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျောက်မျက်ရတနာ ပြပွဲတွေ ကျင်းပမှုကို သိရှိလိုပါတယ်။**

ဖြေ။ ။ မြန်မာ့ကျောက်မျက် သယံဇာတတွေမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြားရရှိစေဖို့ ၁၉၆၄ ခုနှစ်မှစတင်ပြီး ယနေ့အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲ စုစုပေါင်း ၉၅ ကြိမ် အောင်မြင်စွာကျင်းပပြုလုပ် ရောင်းချခဲ့ပါတယ်။

စတုတ္ထ (၁)နှစ်တာ ကာလအတွင်းမှာ နိုင်ငံခြားငွေယူရှိနဲ့ ရောင်းချပွဲ တစ်ပွဲ၊ မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲ ၂ ပွဲ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ နှစ်လယ်ရတနာပြပွဲမှာ ကျောက်စိမ်း၊ ကျောက်မျက်အတွဲပေါင်း ၅၈၈၅ တွဲကို တန်ဖိုးယူရို ၅၀၆ ဒသမ ၉၁၄ သန်းနဲ့ မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲမှ ကျောက်စိမ်း၊ကျောက်မျက် အတွဲပေါင်း ၆၅၆၀ ကို တန်ဖိုးငွေကျပ် ၁၂၀၃၈၈ ဒသမ ၆၉၉ သန်း ရောင်းချခဲ့ရပါတယ်။

**မေး။ ။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ ကျောက်မျက်ရတနာ ထုတ်လုပ်ရရှိမှုနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကျောက်စိမ်းရိုင်း အလေးချိန် ၂၉၄၄၅ ဒသမ ၄၄၆ ကီလိုထောင်ပေါင်း၊ ကျောက်မျက် အလေးချိန် ၂၂၀ ဒသမ ၁၂၈ ကရက်ထောင်ပေါင်း ထုတ်လုပ်နိုင်ခဲ့ပြီး တွင်းဝ ခွန်ငွေကျပ် ၁၀၉၃၄ ဒသမ ၃၂၉ သန်း ကောက်ခံရရှိခဲ့ပါတယ်။

**မေး။ ။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရာဒေသမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘာသာသာသနာ အစရှိတဲ့ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကျပ် သန်းပေါင်း ၂၂၄၂ ဒသမ ၉၆၆ သန်းကို လှူဒါန်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ ပြဋ္ဌာန်းပြီးတဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေအပေါ် ဆောင်ရွက်နေမှုတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ကျောက်မျက်ရတနာ ကဏ္ဍကို ၂၀၁၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေက ကျောက်မျက်ရတနာ အသေးစား၊ လက်လုပ်လက်စားလုပ်ငန်းတွေကို စီမံခန့်ခွဲနိုင်မှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုရရှိနိုင်စေဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေမှ သတ္တုနဲ့ သယံဇာတဆိုင်ရာ ဝန်ကြီးတွေ၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေ ပြုလုပ်ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ။





ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေသည့် မိုးမခဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း။